“ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်၏ နောက်ဆုံးပြိုင်ပွဲ”

အဆုံးမဲ့ဓားကမ္ဘာ ၃၈၆ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၈၆)] –ဓားချီချည်ကြိုးမျှင်

“တစ်နည်းအားဖြင့် နင်သေစရာ မလိုတော့ဘူး။ နားလည်လား?" အန်နန်ကျင်းကလည်း ဘာသိဘာသာဖြင့် ပြောလိုက်သည်။

ယန်ယဲ့သည် ဤစကားကိုကြားသောအခါ
လှောင်ရယ်၍ မနေနိုင်ဘဲ ရယ်မောလိုက်မိသည်။
သူက “မင်းငါ့ကိုသတ်နိုင်တာ သေချာလား” ဒီ
အန်နန်ကျင်း၏ခွန်အားက
အလွန်ကြောက်စရာကောင်းပေသည်။

သူကိုယ်တိုင်ပင် တစ်ခါမျှ မကြုံစဖူး
ကြောက်မက်ဖွယ်ကောင်းလှသည်။

သို့သော် အန်နန်ကျင်းက သူ့ကို သတ်နိုင်မည်ဟု
မထင်ခဲ့ပေ။ "သူမရဲ့ ခွန်အားအစစ်အမှန်ကို
ထုတ်ဖော်မပြခဲ့ပေမဲ့ ငါ့မှာလဲရှိတာပဲလေ။

ဉာဏ်အလင်းရခြားနှလုံးသားနဲ့

ဓားတစ်ချက်တည်းက အရာအားလုံးကို

ဖျက်ဆီးနိုင်တယ်ဆိုတာ

တမင်ချဲ့ကားတာဖြစ်နိုင်မှာတဲ့လား?"

"ဝိညာဉ်နယ်ပယ်အလွှာအဆင့်အောက်မှာ

ငါမသတ်နိုင်တဲ့သူ ဘယ်သူမှမရှိဘူး!"

အန်နန်ကျင်းက ယန်ယွဲ့၏စကားကိုကို ဂရုမစိုက်ဘဲ

စိုက်ကြည့်နေသည်။

သူမ၏ လေသံသည် အလွန်ပင်

သာမန်အရာတစ်ခုကို ပြောနေသကဲ့သို့

သဘာဝကျလှသည်။

"ဘာလို့ လာမစမ်းကြည့်ရတာလဲ?" ယန်ယဲ့က ပြန်ပြောရင်း ရှေးဟောင်းဓားအိမ်ကိုတစ်ချက်ယမ်းလိုက်ပါသည်။

အန်နန်ကျင်း က ခေါင်းကို ဖြည်းညှင်းစွာခါလိုက်၏။ “ငါ့မှာ ပြိုတေဖက်တွေ အရမ်းနည်းတယ်။ ဒါကြောင့် နင့်ကို သတ်လိုက်တာက ငါ့ရဲ့ ပျော်ရွှင်မှုကို ဆုံးရှုံးစေလိမ့်မယ်။ဒါ့ကြောင့် ငါ့ကို ပျော်ရွှင်မှုအချို့ ပေးနိုင်အောင် နင်က ဆက်ပြီး အသက်ရှင်နေသင့်တယ်!”

သူမက စကားပြောပြီးသည်နှင့် နောက်ပြန်လှည့်ကာ အဆင့်(၅)ထပ်မြောက်ကနေဖြည်းဖြည်းချင်း ထွက်သွား၏။

အဆင့်(၄)ထပ်မြောက်၏ ဝင်ပေါက်သို့ရောက်သောအခါ သူမက ရုတ်တရက်ရပ်လိုက်ပြီး "နင် အသက်ရှည်ချင်ရင်၊ သန်မာအောင်ကြိုးစားပါ။ မဟုတ်ရင် နင့်မှာအရည်အချင်းမရှိတော့ဘူး။ ဒီလိုဆိုရင် နင်သေလိမ့်မယ်။ နားလည်ထားပါ"

ထို့နောက် အန်နန်ကျင်း က

စကားဆက်မပြောတော့ဘဲ အဆင့်

(၄)ထပ်မြောက်သို့ပြန်ဆင်းသွားတော့သည်။

ယန်ယဲလသည်လည်း ခဏတာ အံ့အားသင့်သွားပြီး

ပေါ့ပေါ့ပါးပါး ရယ်မောလိုက်သည်။ "ငါယန်ယဲ့က

သူမကို ပျော်ရွှင်မှုတွေ ပေးစွမ်းနိုင်လို့

အသက်ရှင်နေတာတဲ့လား? ဒီ အန်နန်ကျင်း က

တကယ်ကို မာနကြီးလွန်းတယ်။"

မည်သည့်ပင်ဖြစ်စေ ယန်ယဲ့၏စိတ်ထဲတွင်လည်း

အန်နန်ကျင်းကိုလျှော့တွက်ထားခြင်းမရှိပေ။

တစ်ချိန်တည်းတွင်

ထင်မှတ်မထားသောအရာတစ်ခုခုဖြစ်မလာပါက

သူတို့နှစ်ဦးလုံး

ပုံးကွယ်တေသောနဂါးအဆင့်သတ်မှတ်ချက်၏

နောက်ဆုံးပြိုင်ပွဲတွင်

ပြန်လည်တွေ့ဆုံရမည်မဟုတ်ပါလော?

ထိုအချိန်ရောက်ပါက

သူတို့နှစ်ဦးထဲမှတစ်ဦးကတော့

သေချာပေါက်သေဆုံးရပေမည်။

ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်အတွင်း

တိုက်ပွဲများက သေခြင်း၊ရှင်ခြင်း

တိုက်ပွဲများဖြစ်သည်။

ထို့အတွက် သူမက သူ့ကို သေချာပေါက်

အသက်ရှင်ခွင့် ပြုမည်မဟုတ်ပေ။ အလားတူပင်

သူသည်လည်း

အန်နန်ကျင်းကိုအသက်ရှင်ခွင့်မပြုနိုင်ပေ။

ဤအခိုက်အတန့်တွင် ရှေးဟောင်းဓားအိမ်၏

ဝိညာဉ်က ယန်ယွဲ့ရှေ့တွင် အလင်းတန်းတစ်ခု

အသွင်လင်းလက်လာသည်။

"ငါဒီကိုရောက်တာကြာပြီ!"

အဖြူရောင်ဝတ်မိန်းမလှက မျက်လုံးထဲတွင် ရှုပ်ထွေးသောအမူအရာတစ်ခု ပေါ်လာရင်း ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။

"မင်း ဒီကို ရောက်ဖူးသလား" ယန်ယဲ့သည်လည်း အံ့သြသွားသည်။

ဓားဝိညာဉ်က ပေါ့ပေါ့တန်တန် ခေါင်းညိတ်ပြီး "လွန်ခဲ့တဲ့ နှစ်တွေတစ်လျှောက်လုံး ဒီနေရာကို လာခဲ့တာလို့ဆိုရမယ်။ပြောရရင် ငါက သူနဲ့အတူ ဒီကိုလာခဲ့တယ်"

"ဆေဘာစားဂိုဏ်းရဲ့ တည်ထောင်သူဘိုးဘေးက လွန်ခဲ့တဲ့ နှစ်တွေမှာ ဒီနေရာကို မဝင်ရောက်နိုင်ခဲ့ဘူးလား"

“ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက် ကျင်းပတဲ့ အချိန်အတွင်းမှာ သူ မလုပ်ခဲ့ဘူး။ ဒါပေမယ့် သူ မတတ်နိုင်လို့ မဟုတ်ဘူး၊ ဒီနေရာကို ဝင်ဖို့ သူက မထီမဲ့မြင်ပြုခဲ့တယ်!” ရှေးဟောင်းအမွေအမျှင်စားအိမ်ဝိညာဉ်က ပေါ့ပါးသော အသံဖြင့် ပြောဆိုသည်။

"ဘာကြောင့်?"

“အဲ့ဒါတော့ ငါလည်းမသိဘူး။ တစ်ခုရှိတာက ဒီနေရာမှာ ပထမသိုင်းနတ်ဘုရားရဲ့အမွေအနှစ်တစ်ခုရှိတယ်။”

"အမွေအနှစ် ? အဖြူရောင်ဝတ်မိန်းမလှ၏ အသံကိုကြားလိုက်ရာ ယန်ယွဲ့၏မျက်လုံးများက တလက်လက် တောက်ပလာသည် “အဲ့ဒါက ဘယ်မှာလဲ”

သူသည် အနှောင်အဖွဲ့ကင်းမဲ့သူ လောက် မာနမကြီးနိုင်ပေ။

ပထမသိုင်းနတ်ဘုရား၏ အမွေအနှစ်က

လုံးဝအမှိုက်မဟုတ်တန်ရာ။၎င်းသည်

ဆန်းကြယ်တိုက်ကြီး၏ ပထမဆုံး

သိုင်းနတ်ဘုရားဖြစ်သောကြောင့်

တိုက်ခိုက်ရေးနည်းစနစ်များ၊စွမ်းအားနည်းစနစ်များ

အဆုံးမရှိနိုင်ပေ။

"နင်ရရင်တောင် အသုံးမဝင်ဘူး!" ဓားဝိညာဉ်က

ခေါင်းခါလိုက်သည်။ “ဘာလို့လဲဆိုတော့

ဒီနည်းစနစ်ကို လေ့ကျင့်ဖို့ လိုအပ်ချက်တွေက

အရမ်းကြမ်းတယ်။ အခြေခံအကျဆုံး

လိုအပ်ချက်ဖြစ်တဲ့ ပထမလိုအပ်ချက်နှစ်ခု

"အရှိန်စိတ်ဆန္ဒ" နဲ့ "ခွန်အားစိတ်ဆန္ဒ"ကို နင်ကနားလည်ဖို့မဖြစ်နိုင်ဘူး။ အရှိန်စိတ်ဆန္ဒနဲ့ခွန်အားစိတ်ဆန္ဒ ဆိုတာ ခွန်အားနဲ့အမြန်နှုန်းရဲ့နောက်ကွယ်မှာရှိတဲ့ စစ်မှန်တဲ့အရာအားလုံးအပေါ် နားလည်မှုကို ကိုယ်စားပြုတာ။”

ယန်ယဲ့က ရုတ်တရက်မေးလိုက်၏။

"အန်နန်ကျင်းက အဲဒီ စိတ်ဆန္ဒ နှစ်ခုလုံးကို နားလည်သွားပြီလား?"

ဓားဝိညာဉ်က ခေါင်းညိတ်ပြီး ပြောသည်။ "သူမက တကယ့်ကို ကြောက်စရာကောင်းလွန်းတယ်။ ဒီတော့ အနာဂတ်ကျ နင်သူ့ကို တိုက်ခိုက်တဲ့အခါ သတိထားရမယ်။တကယ်လို့ အနှောင်အဖွဲ့ကင်းမဲ့သူ ဖြစ်ရင်တောင် သူ့အသက်အရွယ်မှာအန်နန်ကျင်းထက်နည်းနည်း လေးသာပိုပြီးသန်မာခဲ့တယ်။နောက်ဆုံးတော့ ဒီအန်နန်ကျင်းက မတူညီတဲ့ စိတ်ဆန္ဒ ငါးခု ပိုင်ဆိုင်ထားပြီးပြီ။ ဒီစိတ်ဆန္ဒတွေထဲက တစ်ခုစီကိုယှဉ်မယ်ဆိုရင် နင့်ရဲ့သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒထက်မနိမ့်ကျဘူး။

သူမရဲ့ အရှိန်စိတ်ဆန္ဒ နှင့် ခွန်အားစိတ်ဆန္ဒ က ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာကို နင်လည်း ရှင်းရှင်းလင်းလင်း သိမှာပါ။

ဒါ့အပြင် ငါ့စိတ်ထဲမှာ သူမက တခြား စိတ်ဆန္ဒတစ်ခုကိုလည်း ဖုံးကွယ်ထားသေးတယ်လို့ ခံစားမိတယ်!”

စိတ်ဆန္ဒ (၅)မျိုး။ ယန်ယွဲ့၏ အမူအရာကစားဝိညာဉ်၏ ရှင်းပြချက်ကိုကြားလိုက်သည့်အခါ အလွန်လေးနက်သွားတော့သည်။

" မတူညီတဲ့ စိတ်ဆန္ဒ(၅)မျိုး။ အန်နန်ကျင်း ရဲ့
သဘာဝပါရမီက
ဘယ်လောက်တောင်ကြီးမားနေသလဲ?"

ယန်ယွဲ့က ခဏအကြာငြိမ်သွားသည်။
ခဏအကြာတွင် သူက အကူအညီမဲ့စွာ ရယ်မောပြီး
“ငါက တကယ် အလုပ်ကြိုးစားရဦးမဲ့ပုံပဲ” ဟု
တိုးညှင်းသော အသံဖြင့် ပြောလိုက်ပါသည်။

ဓားဝိညာဉ်က ခေါင်းညိတ်ပြီး “နင့်ရဲ့ လက်ရှိ
ခွန်အားက နည်းနည်း အားနည်းနေသေးတယ်။
အထူးသဖြင့်တော့ ဓားနည်းစနစ်တွေပဲ!

ငရဲတစ္ဆေမီးတောက် နဲ့

ဝိညာဉ်ဖျက်ဆီးခြင်းဓားနည်းစနစ်ကို

ပေါင်းစပ်လိုက်တဲ့အခါ

အဲ့ဒီဓားနည်းစနစ်ရဲ့စွမ်းအားက

အရမ်းမြင့်တက်လာပေမဲ့

တကယ်တမ်းတိုက်ခိုက်တဲ့အချိန်ကျ အန်နန်ကျင်း နဲ့

မိုခေး လို ထိပ်သီးကျွမ်းကျင်သူတွေကို သိပ်ပြီး

ထိထိရောက်ရောက် ဖိနှိပ်နိုင်မှာမဟုတ်ဘူး။"

ယန်ယွဲ့ကလည်း ခေါင်းညိတ်ပြလိုက်၏။

ဓားဝိညာဉ်ပြောသည်မှာအမှန်ပင်ဖြစ်သည်။

ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းက

အလွန်ပြင်းထန်သော်ငြား မိုခေး နှင့် အန်နန်ကျင်း

တို့လို

ထိပ်သီးကျွမ်းကျင်သူများကိုခြိမ်းခြောက်ရန်မဖြစ်နို

င်ပေ။

ထိုအခါ သူ့အနေဖြင့်

တရကြမ်းတိုက်ခိုက်ရန်ကလွဲပြီး

အခြားရွေးချယ်စရာမရှိတော့ချေ။ဤအခြေအနေကို

တွေးမိလိုက်ရာ ယန်ယွဲ့သည် အကူအညီမဲ့စွာဖြင့်သာ

ခေါင်းကို ခါလိုက်ပါသည်။

"ဒါပေမဲ့ နင်က ငရဲတစ္ဆေမီးတောက်ကို

သောက်သုံးကျအောင်မထိန်းချုပ်နိုင်သေးဘူးလေ။

ဒါ့အပြင် နင်က သူ့ရဲ့စွမ်းအားတွေကိုလည်း

အပြည့်အဝအသုံးမပြုနိုင်သေးဘူး။"

ဓားဝိညာဥ်ကရှင်းပြသလိုလိုဖြင့်ကျိန်ဆဲလိုက်သည်။

ယန်ယွဲ၏ ပါးစပ်ထောင့်များ တဆတ်ဆတ်

တုန်သွားသည်။။ " ဒီမိန်းမပျိုက စကားပြောရင်

နည်းနည်းလေး ထိန်းထားလို့မရဘူးလား?"

သို့သော်လည်း အဆုံးတွင်တော့သူမ၏စကားများက

အဓိပ္ပါယ်ရှိကြောင်း ဝန်ခံရန်မှတပါး

ရွေးချယ်စရာမရှိပေ။

အဘယ်ကြောင့်ဆိုသော်၊

သူသည်

ငရဲတစ္ဆေမီးတောက်ကပိုင်ဆိုင်ပြီးကတည်းက

၎င်းကို အပြည့်အဝမလေ့လာဘဲ

တန်းပြီးအသုံးပြုခဲ့၏။

"ဒါဆို ငရဲတစ္ဆေမီးတောက်ကို ထိန်းချုပ်ဖို့

လျှို့ဝှက်နည်းလမ်း တစ်ခုခုများရှိသလား။"

ယန်ယဲ့က အဖြူရောင်ဝတ်မိန်းမလေးကိုကြည့်ကာ

မေးလိုက်လေသည်။

ဆေးဝိညာဉ်က တိတ်ဆိတ်နေပြီး

သူမ၏လက်တစ်ဖက်ကို

ရုတ်တရက်ဝှေ့ယမ်းလိုက်ပါသည်။

တစ်ချိန်တည်းမှာပဲ ငရဲတစ္ဆေမီးတောက်က

သူမ၏လက်ဝါးထဲသို့ပျံတက်သွားသည်။ သူမက

လက်ကို ရှည်လျားစွာဆန့်ထုတ်လိုက်ကာ

ငရဲတစ္ဆေမီးတောက်ကလည်း အဖြူရောင်

မီးလုံးတစ်လုံးအဖြစ်ပြောင်းလဲသွားသည်။

ထို့နောက် သူမ၏ ဖြူသွယ်သောလက်နှစ်ဖက်က အနည်းငယ် လှုပ်ရှားသွားပြီးနောက် ၃ မီတာကျော်ရှည်လျားသော မီးတောက်နဂါးကြီးတစ်ကောင်ပ ယန်ယွဲ၏ရှေ့တွင် ချက်ချင်း ပေါ်လာသည်။

ထို့နောက် သူမ၏လက်များက တဖန်လှုပ်ရှားလာပြီး မီးတောက်နဂါးမှ မီးလျှံဖီးနစ်တစ်ကောင်အဖြစ် ပြောင်းလဲသွားတော့သည်။

ဤမြင်ကွင်းကြောင့် ယန်ယွဲ့သည်ပင် အလွန် အံ့အားသင့်သွားမိသည်။

"ငရဲတစ္ဆေမီးတောက်က သူမရဲ့လက်ထဲမှာသက်ရှိတစ်ကောင်လိုဖြစ်နေတာလား?" အမှန်ပင်။ ဓားဝိညာဉ်၏ မီးတောက်ထိန်းချုပ်မှုက မည်မျှကျွမ်းကျင်နေကြောင်းသိသာပေသည်။ ၎င်းက မရေမတွက်နိုင်သောသက်ရှိပုံရိပ်များအဖြစ်အဆက်မပြတ်ပြောင်းလဲသွားကာ အဆိုပါမြင်ကွင်းကြောင့်ယန်ယဲ့သည်စကားမပြောနိုင်လောက်အောင်ကိုဆွံ့အနေခဲ့၏။

ခဏအကြာတွင် ဓားဝိညာဉ်က သူမ၏ ဖြူသွယ်သောလက်ချောင်းကို ပွတ်သပ်လိုက်ရာ

ငရဲတစ္ဆေမီးတောက်က

ယန်ယဲ့၏လက်ထဲသို့ပြန်ရောက်လာခဲ့သည်။

သူမက ထိတ်လန့်တုန်လှုပ်နေဆဲဖြစ်သော ယန်ယဲ့ ကို

စိုက်ကြည့်ကာ "ဒါက မီးတောက်ကို ထိန်းချုပ်တဲ့

နည်းလမ်းပဲလေ။ နင်ပိုင်ထားတဲ့

ငရဲတစ္ဆေမီးတောက်က

သံမဏိအပိုင်းအစနဲ့တူတယ်။

အသုံးပြုနည်းကိုသိထားရင်

လူသတ်လက်နက်တစ်ခုဖြစ်လာလိမ့်မယ်။ အဲဒါကို

ဘယ်လိုသုံးရမှန်း မသိရင်၊ အဲဒါက

တခြားတစ်ယောက်ကသာ ဖျက်ဆီးနိုင်တဲ့

သံမဏိအပိုင်းအစတွေပဲ။”

ယန်ယဲ့က စကားဆက်ပြောရန်ပြင်လိုက်စဥ်

ဓားဝိညာဉ်၏ အသံကိုကြားလိုက်ရလေသည်။

"နင့်ရဲ့ဓားကို ခဏပေး!"

ယန်ယဲ့က အံ့အားသင့်သွားသော်ငြား၊တုံ့ဆိုင်းမနေဘဲ

နဂါးအရိုးဓားကိုထုတ်ကာ ကမ်းပေးလိုက်၏။

ဓားဝိညာဥ်က နဂါးအရိုးဓားကိုကိုင်လိုက်ရင်း

ခေါင်းခါယမ်းသည်။

“နင်က ဒီအမှိုက်ဓားကို တကယ်သုံးနေတာလား။ နင့်ရဲ့ ဒီ နဂါးအရိုးဓားက မိုးကောင်းကင်ခွဲလှံကို တကယ်ပဲခုခံနိုင်မယ်ထင်လား ?

ယန်ယွဲ့က အကူအညီမဲ့စွာပြုံးပြီး ပြောလေသည်။"မတတ်နိုင်ဘူးလေ၊ ငါ့မှာတစ်ခုမှမရှိတော့ ရှိတဲ့ဟာကိုပဲသုံးရမှာပေါ့။ ဒီလိုပြောတယ်ဆိုတော့ နင့်မှာ တစ်ခုခုကောင်းတာများရှိသလား?"

"ငါ့မှာမရှိဘူး!" ဓားဝိညာဉ်က “ဓားရှိတဲ့နေရာကို ငါ သိတယ်။ အဲ့ဒါက အနှောင်အဖွဲ့ကင်းမဲ့သူရဲ့

"ကောင်းကင်စစ်ဆေးခြင်း"ထက်အများကြီး

ယုတ်ညံ့ပေမယ့် သိပ်တော့

မဆိုးပါဘူး!”

"ဘယ်မှာလဲ?" ယန်ယဲ့၏ မျက်လုံးများ က

တောက်ပလာသည်။

သူသည် အမြဲလိုလို

သင့်တော်သောဓားတစ်ချောင်းကို

လိုအပ်နေခဲ့ပါသည်။

ကံဆိုးစွပဲ၊ သူ့တွင်
အဆင့်မြင့်လက်နက်တစ်ခုကိုအသာထား
ကောင်းကင်အဆင့်နိမ့်ဓားတစ်လက်ပင်ရှိမနေပေ။
တစ်ချိန်က သူပိုင်ဆိုင်သော အဖူရာနတ်ဆိုးဓားက
ကောင်းမွန်သော်ငြား ဆေဘာဓားဂိုဏ်းမှ ပြန်လည်
သိမ်းယူသွားခဲ့ပြီဖြစ်သည်။

"ဒါက တောင်ဖက်ခြမ်းမှာဘဲ!" ဓားဝိညာဉ်က
ယန်ယွဲ့ကို စိုက်ကြည့်ကာ "အခွင့်အရေးရရင်
သွားရအောင်။ ကဲ..., အခုတော့
သေချာကြည့်လိုက်!"

သူမစကားပြောပြီးသည်နှင့် ဓားဝိညာဉ်က

နဂါးအရိုးဓားကို အသာယမ်းလိုက်သည်။

ချက်ခြင်းပင်၊ နဂါးအရိုးဓားမှ

ချည်မျှင်တစ်ခုကဲ့သို့ထင်ရသည့်

အဖြူရောင်ဓားချီကြိုးတစ်ချောင်း

ပေါက်ကွဲထွက်လာခဲ့သည်။

တစ်ချိန်တည်းမှာပင် သူမနှင့် မီတာ ၁၀၀

ကျော်အကွာမှ ကျောက်နံရံပေါ်၌ အပ်တစ်ချောင်း

အရွယ်အပေါက်တစ်ခု ပေါ်လာသည်...။

ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ ယန်ယဲ့၏

မျက်လုံးများသည် ချက်ချင်းပင် ပြူးကျယ်သွားကာ

ထိတ်လန့်ဟန်များ ပြည့်နှက်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော်၊

ထို ဓားချီကြိုးက အလွန်သေးငယ်ပြီး

မျက်စိဖြင့်ပင်မမြင်နိုင်လောက်အောင်မြန်ဆန်သော

ကြောင့်ပင်။

ဤအခိုက်အတန့်တွင်၊ ဓားဝိညာဉ်က သူမ၏

လက်ကိုနောက်တစ်ကြိမ်လှုပ်လိုက်ရာ

ငရဲတစ္ဆေမီးတောက်က

နဂါးအရိုးဓားနှင့်ပေါင်းစပ်သွားလေသည်။

ထို့နောက် သူမက လက်ထဲတွင်ကိုင်ထားသော

နဂါးအရိုးဓားကို တစ်ချက်မျှယမ်းပြီး

ဓားချီကြိုးတစ်ချောင်းကို ထပ်မံထုတ်ဖော်လိုက်၏။

ယခင်က ငရဲတစ္ဆေမီးတောက်က

ဓားချီကြိုးနှင့်ပေါင်းစပ်သွားပြီး ရုတ်တရက်

ဓားချီကြိုးနှင့်ပေါင်းစပ်နေသော

ငရဲတစ္ဆေမီးတောက်က

မီးတောက်ချည်မျှင်အဖြစ်

ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။

ဘန်း!

ဓားချီကြိုးက ကျောက်နံ့ရံ့ပေါ်သို့

ပေါက်ကွဲသွားပြီးနောက် အလင်းတန်းတစ်ခု

ထွက်ပေါ်လာခဲ့သည်။

ထို့နောက်တွင်တော့ ကြီးမားလှသော

ကျောက်နံ့ရံ့ကြီးက ချက်ချင်းဆိုသလိုပင်

ကွဲအက်သွားတော့၏။

သို့သော်လည်း အချိန်တိုအတွင်းမှာပင်

မူလအခြေအနေသို့ ပြန်လည်ရောက်ရှိသွားခဲ့သည်။

ဤမြင်ကွင်းက ယန်ယွဲ့ကို အလွန်

အံ့သြသွားစေသည်။

“ဒါက ဥပဒေသရဲ့ စွမ်းအင်ပဲ” ဓားဝိညာဉ်က ရှင်းပြသည်။ "ဒီမှာရှိတဲ့အရာတွေက ပျက်စီးသွားနိုင်တယ်၊ ဒါပေမယ့် ဒီဥပဒေသတွေက အတိုင်းအတာတစ်ခုအထိ ပျက်စီးသွားတဲ့အခါ ပျက်ဆီးသွားတဲ့ အရာတွေကို ပြန်လည်ပြုပြင်ပေးလိမ့်မယ်။"

.......

သို့သော် ယန်ယဲ့က ငရဲတစ္ဆေမီးတောက်ကြိုးမျှင်အဖြစ်ပြောင်းလဲသွားပုံကိုသာမြင်ယောင်နေ၏။

"သူမ ပြသခဲ့တဲ့နည်းလမ်းက ငရဲတစ္ဆေမီးတောက် နဲ့
ဝိညာဉ်ဖျက်ဆီးခြင်းဓားနည်းစနစ်
ပေါင်းစပ်မှုထက်တောင်
အများကြီးကျော်လွန်နေပြီ။"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၈၇ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၈၇)] –ဝိညာဉ်နယ်ပယ်အလွှာအဆင့်

"ဒီဓားနည်းစနစ်ကို "ဓားချည်မျှင်"လို့ခေါ်တယ်။ ဒီနည်းစနစ်ကို ဆဋ္ဌမမြောက် ဓားအင်ပါယာ က ဖန်တီးခဲ့တာ။" ဓားဝိညာဉ်က ဖြည်းညှင်းစွာ ပြောလိုက်သည် ။ "ဓားချည်မျှင်ဖန်တီးတာက ပုံရိပ်ယောင်ဓားတစ်လက်ဖန်တီးတာနဲ့ဆင်တူတယ်။ ဒါက ဓားချီကိုထပ်ခါတလဲလဲဖိနှိပ်ပြီးမှ ဖန်တီးနိုင်မယ်။

တစ်နည်းပြောရရင်

သံမဏိကိုအဆက်မပြတ်ထုရိုက်လေလေ

အရည်အသွေးကောင်းလေလေဆိုသလိုပေါ့။ "ဓားချည်မျှင်ဖန်တီးခြင်းနည်းစနစ်"က သဘာဝနိယာမအတိုင်းဖန်တီးထားတာလို့ဆိုနိုင်တယ်။ ဒါ့အပြင် နင်က ငရဲတစ္ဆေမီးတောက်နဲ့လည်းပေါင်းစပ်ပြီးအသုံးပြုနိုင်တယ်။

ဒီတော့ နင်က ငရဲတစ္ဆေမီးတောက်ကို ထိန်းချုပ်နိုင်လေ ပိုပြီး ကျွမ်းကျင်လာလေလေ၊ စွမ်းအားကြီးလေလေ ဖြစ်လာလေပါပဲ။"

"ဓားချီချည်မျှင်ကြိုး?" "ဒီဓားနည်းစနစ်က ဘယ်အဆင့် လဲ?" မေးလိုက်ရင်းဖြင့်

ယန်ယဲ့၏မျက်လုံးများက စိတ်လှုပ်ရှားမှုများကြောင့် တောက်ပလာသည်။

ဓားဝိညာဉ်က

ခဏတာတုံ့ဆိုင်းနေပြီးမှပြောလာသည်။

“ကောင်းကင်အလယ်အလတ်အဆင့်! ဒါပေမဲ့ အဲ့ဒါရဲ့စွမ်းအားကတော့ ဒီခေတ် ကောင်းကင်အဆင့်မြင့်နည်းစနစ်တွေထက် နိမ့်ကျနေမှာမဟုတ်ဘူး။”

“ဒါဆို လုံလောက်ပါပြီ။ ငါ့ကို
အခုချက်ချင်းသင်ပေး!” ယန်ယဲ့က အနည်းငယ်
စိတ်မရှည်နိုင်စွာ ပြောလိုက်၏။

ဓားနည်းစနစ်က သူ့တွင် အမြဲတမ်း
အားနည်းချက်ကြီးတစ်ခု ဖြစ်နေခဲ့ရသည်။

သူ့တွင်
ပင်ကိုယ်စွမ်းရည်မရှိသောကြောင့်မဟုတ်ပေ၊
ယန်ယဲ့က အဆင့်မြင့်ဓားနည်းစနစ်တစ်ခုကို
လိုချင်မိသော်ငြား
အင်အားစုကြီးတစ်ခုကိုလုယက်ခြင်းမပြုပါက
ရရှိရန် မဖြစ်နိုင်သေးပေ။

သို့သော်

အင်အားစုကြီးတစ်ခုကိုလုယက်ခြင်းကကိုယ့်ကိုယ်ကိုသေလမ်းရှာသည်နှင့်အတူတူပင်။

ဓားဝိညာဉ်က အနည်းငယ် ခေါင်းညိတ်ပြီး "ငါက နည်းစနစ်ကို နင့်ဆီလွှဲပေးနေတဲ့အချိန်မှာ နင့်မျက်လုံးတွေကို မှိတ်ထားပြီး သေချာ အာရုံစိုက်ပါ!"

ထို့နောက်,

ယန်ယွဲ့သည် မျက်လုံးများကို အနည်းငယ်မှိတ်ထားလိုက်ပြီး

အချိန်အနည်းငယ်အတွင်းမှာပင် သူ့စိတ်ထဲမှာ

သတင်းအချက်အလက်များစွာ

ထွက်ပေါ်လာသည်...။

တစ်နာရီခန့်ကြာပြီးနောက် သူ၏ မျက်လုံးများကို

ဖြည်းညှင်းစွာဖွင့်လိုက်သည်။

ယန်ယွဲ့က

လက်ကောက်ဝတ်ကိုဆတ်ခနဲလှန်လိုက်ရာ

နဂါးအရိုးဓားက သူ့လက်ထဲတွင် ပေါ်လာသည်။

တစ်ဆက်တည်း

နဂါးအရိုးဓားကိုအသာယမ်းလိုက်ရာ ဓားထိပ်ဖျားမှ ဓားချီချည်မျှင်ကြိုးတစ်ချောင်းပေါက်ကွဲထွက်လာသည်။

ထို့နောက် ဓားချည်မျှင်ကြိုးက မလှမ်းမကမ်းရှိ မြေပြင်ပေါ်သို့ ကျရောက်သွားပြီး မရေမတွက်နိုင်သော ကျောက်တုံးများကို လေထဲသို့ ပစ်တင်လိုက်လေသည်။

ဤမြင်ကွင်းကိုမြင်လိုက်ရသောအခါ ယန်ယွဲ့သည် မျက်မှောင်ကြုတ်ကာ ခေါင်းယမ်းလိုက်၏။

နည်းစနစ်တွင်ဖော်ပြထားသည်မှာ သူ၏စားချီကိုအဆက်မပြတ်ဖိနှိပ်ပြီးမှဆိုသည့်အတွက် သူ၏စားချီကအပြောင်းမလဲမရှိသောကြောင့် ထူးခြားမှုမရှိပေ။

ထိုအချိန်တွင် စားဝိညာဉ်က ဖြည်းညှင်းစွာ ပြောလိုက်၏။ "ပိုမြန်တယ်၊ အရှိန်လျော့တယ်။ နင့်မှာ ဉာဏ်အလင်းရစားနှလုံးသားကို ပိုင်ဆိုင်ထားလို့ သာမာန်စားသမားတွေနဲ့ယှဉ်ရင် စားနည်းစနစ်ကိုလေ့ကျင့်တဲ့အခါအားသာချက်တွေ ရှိတယ်။

ဒါပေမဲ့ နင်က စိတ်ကိုသေချာထိန်းချုပ်ထားရမယ်။

အလျင်စလိုလုပ်လို့မရဘူး၊

ဓားချီချည်မျှင်ကြိုးဖန်တီးခြင်း နဲ့

ငရဲတစ္ဆေမီးတောက်ကိုထိန်းချုပ်တဲ့နည်းလမ်းက

နင် အခုချက်ချင်း

အပြင်းအထန်လေ့ကျင့်အောင်လို့မဟုတ်ဘူးလေ။

နောက်ဆုံးတော့၊ အဲဒါ

လက်တွေ့မကျဘူး။ငါ့ရည်ရွယ်ချက်က

နင့်ရဲ့ကျင့်ကြံမှုမှာ ချို့ယွင်းချက်အချို့ကို

ရှင်းရှင်းလင်းလင်းနားလည်သွားနိုင်အောင်လို့လေ။

နားလည်ရဲ့လား?"

ဤစကားကိုကြားသောအခါ ယန်ယဲ့က
အံ့အားသင့်သွားပြီး ခေါင်းညိတ်ကာ
"နားလည်ပါတယ်!"

အမှန်တော့ အစောပိုင်းတွင် သူက
အလွန်စိတ်မရှည်နိုင်ဖြစ်သွားခဲ့သည်။

ဓားနည်းစနစ်တစ်ခုကို
ချက်ချင်းကျွမ်းကျင်အောင်လုပ်ဆောင်ရန်က
မဖြစ်နိုင်ပေ။

လက်ရှိတွင်၊ သူ၏အဓိကရည်ရွယ်ချက်မှာ
အဆင့်(၅)ထပ်မြောက်တွင် ကျင့်ကြံပြီး

ဝိညာဉ်နယ်ပယ်အလွှာအဆင့်သို့
အမြန်ဆုံးဝင်ရောက်ရန်ပင်။

ဓားနည်းစနစ် နှင့်
ငရဲတစ္ဆေမီးတောက်ထိန်းချုပ်မှုကိုပတ်သက်၍တော့
ယခုအချိန်တွင်ဘေးဖယ်ထားရုံသာ။

ထို့နောက် ယန်ယွဲ့သည် တင်ပျဉ်ခွေထိုင်ကာ
ပတ်ဝန်းကျင်ရှိ စွမ်းအင်များကို ရှူးသွင်းစွာ
စုပ်ယူလိုက်သည်။

ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ ဓားဝိညာဉ်က
ခေါင်းညိတ်လိုက်သည်။ "ငါ့ရှေ့မှာရှိတဲ့ ဒီလူငယ်က

နည်းနည်းလေး လွန်ကဲတဲ့ စရိုက်လက္ခဏာရှိပေမဲ့ သူ့အမှားတွေကို ချက်ချင်း နားလည်ပြီး ပြင်နိုင်တယ်၊ ဒီလိုဆိုတော့ သူသည် လူမိုက်မဟုတ်နိုင်ဘူး။ သူက မှားယွင်းတဲ့လမ်းကြောင်းကို မရောက်သရွေ့ ဆက်ပြီးအတူနေဖို့လွယ်ကူတာပေါ့။"

ရုတ်တရက်။

အလင်းတန်းတစ်ခု လင်းလက်သွားပြီးနောက် ဓားဝိညာဉ်က သူမ၏ မူလပုံစံသို့ ပြန်ပြောင်းကာ ယန်ယဲ့၏ရှေ့တွင် လွင့်မျောလာခဲ့သည်။

......။

ဆေဘာဓားဂိုဏ်း။ ကောင်းကင်ခန်းမ။

ခဏအကြာတွင် အနည်းငယ်တည်ကြည်သော သက်လတ်ပိုင်းအဘိုးအိုက စကားစလိုက်သည်။ "သိုင်းပညာဦးလေး! ဦးလေးက ကောင်းကင်ဘုံလျှောက်လမ်းကိုဖြတ်ကျော်ဖို့ ကြိုးစားတော့မှာလား?"

ဆံပင်ဖြူအဘိုးအိုက ခါးမှ ဘူးသီးခြောက်ကို ဖြုတ်ယူကာ ဝိုင်တစ်လုတ်သောက်ပြီးနောက်

သူ့အကြည့်များက မိုးကုပ်စက်ဝိုင်းဆီသို့ ရောင်သွားသည်။ “မုဇီ၊ မင်းဘာတွေ စိတ်ပူနေတယ်ဆိုတာ ငါသိပါတယ်။ ဒါပေမယ့် ငါ့ရဲ့သက်တမ်းက ကုန်ဆုံးလုနီးပါးဖြစ်နေပြီဆိုတာ မင်းသတိထားမိမယ်တင်တယ်။

ကောင်းကင်ဘုံလျှောက်လမ်းကိုဖြတ်ကျော်ဖို့ မကြိုးစားရင် သေခြင်းတရားကသာ ငါ့ကို စောင့်ကြိုနေလိမ့်မယ်။ ဆန့်ကျင်ဖက်အနေနဲ့ စမ်းကြည့်လို့နိုင်ရရင် အသက်ရှင်ဖို့ အခွင့်အရေးရှိတုန်းပဲ”

"ဒါပေမယ့် သိုင်းပညာဦးလေး! မင်းမအောင်မြင်ရင် ဆောဘာဓားဂိုဏ်းက အဆုံးသတ်သွားလိမ့်မယ်။" လူလတ်ပိုင်းအဘိုးအိုက တိုးညှင်းစွာ ပြောလိုက်သည်။

"ဟူး..., ငါ့ရဲ့သက်တမ်းကုန်ဆုံးသွားတာနဲ့ ဆောဘာဓားဂိုဏ်းက ပျက်သုဉ်းလုဆဲအခြေအနေကိုရောက်သွားလိမ့်မယ်! " ဆံပင်ဖြူ အဘိုးအိုက သက်ပြင်းချလိုက်သည်။ “ငါကြိုးစားရင် အသက်ရှင်ဖို့ အခွင့်အရေးရှိတုန်းပဲ။ ဒါဆိုရင် ဆောဘာဓားဂိုဏ်းလည်း ရှင်သန်ဖို့ အခွင့်အရေး ရှိလိမ့်မယ်။ ဒါပေမယ့်

ငါမရှိတော့ရင်တော့ ဆောဘာဓားဂိုဏ်းကအနည်းဆုံး ၃ နှစ်အတွင်းမှာ သေချာပေါက် ကပ်ဘေးကြီးတစ်ခုနဲ့ ကြုံရမယ်။ အဲ့ဒီအချိန်ရောက်ရင်တော့ ဆောဘာဓားဂိုဏ်းက တကယ်ပဲ ရပ်တည်နိုင်ဖို့ အခွင့်အရေးမရှိတော့ဘူး။”

သက်လတ်ပိုင်းအဘိုးအိုက သက်ပြင်းချလိုက်ပြီး “ဒီ မုဇီ က ကိုယ့်ကိုယ်ကို ရှက်ရွံ့မိတယ်။ ဆောဘာဓားဂိုဏ်းက ငါ့လက်ထဲမှာ အတိတ်ကာလအဆင့်အတန်းကိုပြန်ပြီးမရခဲ့တဲ့အပြင် ဂိုဏ်းရဲ့အင်အားကိုပါ တဖြည်းဖြည်း ကျဆင်းလာစေတယ်။

ဒါက ဂိုဏ်းရဲ့ တည်ထောင်သူဘိုးဘေးတွေကို စိတ်ပျက်စေခဲ့တယ်!”

ဆံပင်ဖြူ အဘိုးအိုက ခေါင်းခါလိုက်သည်။ “ဒါက မင်းအပြစ်မဟုတ်ဘူး။ လွန်ခဲ့တဲ့နှစ်တွေအတွင်းမှာ မူလကျောင်းတော်ကို ဒေါသမထွက်စေခဲ့ရင် ဆေဘာဓားဂိုဏ်းကလွန်ခဲ့တဲ့ နှစ်ပေါင်း(၁,၀၀၀) လုံးလုံး ဖိနှိပ်ခံရမှာမဟုတ်ဘူး။ ဒါပေမဲ့ လွန်ခဲ့တဲ့နှစ်တွေအကုန်လုံးမှာ ဖြစ်ပျက်ခဲ့တာတွေကို ငါ နောင်တမရပါဘူး။ ငါနောင်တရတာကတော့ ယန်ယွဲ့ လို့ခေါ်တဲ့ အဲ့ဒီကလေး။ တကယ်ကို သနားစရာပဲ!"

"ယန်ယဲ့ လား?" သက်လတ်ပိုင်းအဘိုးအိုက လေးပင်စွာသက်ပြင်းချပြီး ပြောလိုက်ပါသည်။ “ထောင်စုနှစ်ရဲ့ ဓားအင်ပါယာ ကို သတ်ပြီး ဆန်းကြယ်တိုက်ကြီးရဲ့ လက်ရှိ ဓားအင်ပါယာ လို့ခေါ်တဲ့ အဲဒီလူငယ် လား?”

ဆံပင်ဖြူအဘိုးအိုက ခေါင်းညိတ်ပြရင်း မျက်လုံးထဲ၌ နောင်တ တစ်ချက် ဖျတ်ခနဲ ပေါ်လာသည်။ သူက "အဲဒီတုန်းက ငါတို့အားလုံး ဆေဘာဓားဂိုဏ်းနဲ့ ပန်းနန်းတော်, မူလကျောင်းတော်တို့ကြားက ရန်ငြိုးကို

ဖြေရှင်းဖို့အတွက်

ဓားတာအိုလမ်းစဉ်မှာထူးချွန်တဲ့ပါရမီရှင်တစ်ဦးကို

ဆုံးရှုံးစေခဲ့တယ်။ ဒီအတွက်ကြောင့်

ဆောဘာဓားဂိုဏ်းက တောင်ပိုင်းနယ်မြေတစ်ခုလုံးမှာ

အကြီးအကျယ် အရှက်ရခဲ့တယ်။

ပြောစရာတောင် မလိုပါဘူး၊ ဒါ

ငါ့ဘဝမှာအကြီးမားဆုံးအမှားပဲ!”

"တကယ်ကို သနားစရာပဲ!" လူလတ်ပိုင်းအရွယ်က

“သူသာ

ဆောဘာဓားဂိုဏ်းရဲ့တပည့်တစ်ဦးဖြစ်နေသေးရင် သူ

အသက်ရှင်နေသရွေ့ ဓားအင်ပါယာဘွဲ့ ကို

အသုံးပြုပြီး

ဆေဘာဓားဂိုဏ်းတစ်ခုလုံးဖျက်ဆီးခံရရင်တောင်ပြ

န်ပြီးတည်ထောင်နိုင်မယ်ဆိုတာသေချာတယ်။

ဒါပေမဲ့ အခြေအနေကို

ပြန်လှည့်ဖို့နည်းလမ်းတစ်ခုတော့ရှိနေသေးတယ်။

ချင်းရှီ....!.”

ထို့နောက် သက်လတ်ပိုင်းအဘိုးအိုက ရုတ်တရက်

မေးလိုက်ရင်း

ခန်းမတစ်ခုလုံးတိတ်ဆိတ်သွားတော့သည်။

"သိုင်းပညာဦးလေး!  မင်းက ဘယ်လောက်

ယုံကြည်မှုရှိလဲ?"

"၃၀ ရာခိုင်နှုန်း!"

လူလတ်ပိုင်း၏ နှလုံးသားက ချက်ချင်း နစ်မြုပ်သွားသည်။ ခဏအကြာတွင် သူက သက်ပြင်းချကာ ပြောလိုက်၏။

“အဲဒီအချိန်ရောက်ရင် သိုင်းပညာဦးလေးကို ကာကွယ်ပေးဖို့ ဂိုဏ်းက တပည့်အားလုံးရဲ့ ခွန်အားကို ယာယီငှားလိုက်မယ်!”

တာအိုသခင်ဇွီက ခဏလောက်လေးလေးနက်နက် စဉ်းစားပြီး ညင်သာစွာ ခေါင်းညိတ်လိုက်ပါသည်။

"ကောင်းပြီ!"

……

အချိန်တစ်ရက်ကုန်ဆုံးသွား၏။

ယန်ယွဲ့သည် အဆင့် (၅) ထပ်မြောက်မှ ရေလှိုင်းတစ်ခုကဲ့သို့ဖြစ်နေသည်။ ပတ်ဝန်းကျင်ရှိ စွမ်းအင်အားလုံးက သူ့ဆီသို့ အဆက်မပြတ် စီးဝင်သွားကြသည်။

ဤအခိုက်အတန့်တွင် သူ့ခန္ဓာကိုယ်မှထုတ်လွှတ်သော အော်ရာ က ယခင်ထက် ပိုမိုပြင်းထန်လာခဲ့၏။

ဤနေရာတွင် တစ်စုံတစ်ယောက်ရှိနေပါက
ယန်ယွဲ့၏ပတ်ဝန်းကျင်ရှိ လေထုက ထူးထူးခြားခြား
ပြောင်းလဲသွားသည်ကို ထိုလူက
သတိပြုမိလိမ့်မည်။

အော်ရာ ကို ထိန်းချုပ်ခြင်း။

ဤသည်မှာ ဝိညာဉ်နယ်ပယ်အလွှာအဆင့်
ကျွမ်းကျင်သူတစ်ဦး၏
သင်္ကေတဖြစ်သည်။တစ်နည်းဆိုရသော်
ယန်ယွဲ့၏ကျင့်ကြံမှုက

ဝိညာဉ်နယ်ပယ်အလှအဆင့်နှင့်
နီးကပ်လာပြီဖြစ်သည်။

သို့သော်၊ ဆန်းကြယ်ရွှေချီကန်အတွင်းမှ
ခရမ်းရောင်စုံချီစွမ်းအင် ၈၀ ရာခိုင်နှုန်းကျော်က
ကန်အထက်ရှိ ဂိတ်တံခါးထဲသို့ စိမ့်ဝင်သွားခဲ့သည်။

တစ်နည်းဆိုရသော် ယန်ယွဲ့၏ခန္ဓာကိုယ်ထဲ၌
ဆန်းကြယ်ချီစွမ်းအင် ၂၀ ရာခိုင်နှုန်းအောက်သာ
ကျန်ခဲ့သည်။

သို့သော်လည်း ဤ ၂၀ ရာခိုင်နှုန်း ဟူသော ပမာဏက သာမန် သိုင်းဘုရင်အထွတ်အထိပ်အဆင့် ကျွမ်းကျင်သူ ထက် များစွာ သိပ်သည်းနေပေသည်။

.....။

အဆင့်(၄)မြောက်တွင်။

တစ်ဖက်အင်အားစုမှကျွမ်းကျင်သူတစ်ဦးဦး

ဝိညာဉ်နယ်ပယ်အလွှာအဆင့်သို့ရောက်သည်နှင့်တစ်

ပြိုင်နက် ကျန်တစ်ဖက်က

ဆိုးရွားသောအဆုံးသတ်ကံကြမ္မာကို

ကြုံတွေ့ရမည်ဖြစ်သဖြင့် လူတိုင်း အပြင်းအထန်
ကျင့်ကြံနေသည်။

မည်သူပင်ဖြစ်စေ အားလုံးက
ဆိုးရွားသောအဆုံးသတ်ကံကြမ္မာကို မခံစားလိုပေ။

တစ်ဖက်တွင်မူ အဆင့်(၁)၊ အဆင့်(၂) နှင့်
အဆင့်(၃)ထပ်မြောက်မှ ကျွမ်းကျင်သူများ။

၎င်းတို့ထဲမှ မည်သူကမျှ စိတ်အေးလက်အေးဖြင့်
ကျင့်ကြံဝံ့ခြင်းမရှိကြပေ။

ဤအချိန်တွင် ပတ်ဝန်းကျင်မှ

ကျွမ်းကျင်သူအားလုံးက သေခြင်း၊ရှင်ခြင်း

ရန်သူများဖြစ်နေသောကြောင့်

မည်သူမျှသတိလက်လွှတ်မနေရဲပေ။

အဆင့်(၄)ထပ်မြောက်။

အန်နန်ကျင်း က

အဆင့်(၅)ထပ်မြောက်ကနေဆင်းလာပြီးနောက်

ပုန်းကွယ်နေသောနဂါးကျောက်တုံး၏ ရှေ့သို့

ဖြည်းညှင်းစွာ လျှောက်သွားခဲ့သည်။

သို့သော်၊ ဆန်းကြယ်တိုက်ကြီး၏

သမိုင်းတစ်လျှောက်လုံးမှ

အထွတ်အမြတ်ပညာရှင်များ

နာမည်ရေးထိုးနိုင်ခဲ့သော

နဂါးအဆင့်ကျောက်တုံးကိုမြင်နေသော်ငြားက

သူမ၏စိတ်ထဲ၌ လုံးဝတုန်လှုပ်ခြင်းမရှိပါ။

အန်နန်ကျင်း က

နဂါးကျောက်တုံး၏ရှေ့သို့ရောက်လာပြီး

ပထမသိုင်းနတ်ဘုရား၏ အမည်ကို

စိုက်ကြည့်နေစဉ် တိတ်ဆိတ်စွာရပ်နေခဲ့သည်။

ထိုကဲ့သို့ပင် သူမက နဂါးကျောက်တုံး၏ ရှေ့၌ တစ်နေကုန်လုနီးပါး မတ်တပ်ရပ်နေခဲ့ပါသည်။

သို့သော် အန်နန်ကျင်းကို မည်သူမှ မနှောင့်ယှက်ဝံ့ပေ။

မှန်ပါသည်၊ အန်နန်ကျင်း! ထောင်စုနှစ်၏ သိုင်းနတ်ဘုရား။ သူမက သူတို့အားလုံးနှင့်အလှမ်းကွာဝေးသော ကောင်းကင်ဘုံနှင့်မြေပြင်၏ ကောင်းချီးတစ်ခုဖြစ်သည်။

ထို့အတွက် မည်သူကများ သိုင်းနတ်ဘုရား နှင့် ပြဿနာရှာရန် ကြံစည်ရဲပါမည်နည်း?

လျှို့ဝှက်ဆန်းကြယ်သော လော့ရှ် ပင်လျှင်

အန်နန်ကျင်း ကို စိုက်ကြည့်နေရင်းဖြင့်

သူ့မျက်လုံးများက လေးနက်သော အမူအရာ

၊အရိပ်အယောင်များ ထုတ်ဖော်ပြသခဲ့သည်။

အချိန်များက တဖြည်းဖြည်း ရွေ့လျားလာပြီး

နောက်တစ်ရက် ကုန်ဆုံးသွားပါတော့သည်။

ဘန်း!

ပတ်ဝန်းကျင်ရှိလူတိုင်း အံ့သြသွားကြသည်။

"တစ်ယောက်ယောက်က အဆင့်တက်သွားပြီလား?"

ဤအခိုက်အတန့်တွင် မိုခေး ၏ ခန္ဓာကိုယ်ထဲမှ ကြောက်မက်ဖွယ်ကောင်းသော စွမ်းအင်အကြီးတစ်ချောင်း ရုတ်တရက် ထွက်ပေါ်လာသည်။

နတ်ဆိုးစွမ်းအင်က ရုပ်ဝတ္ထုပစ္စည်းတစ်ခုအလား ချက်ချင်းပင် မိုခေး ၏ ခန္ဓာကိုယ်ကို ဖုံးလွှမ်းသွားသည်။

ဤမြင်ကွင်းကို မြင်လိုက်သောအခါတွင် မရေမတွက်နိုင်သော နတ်ဆိုးမျိုးနွယ်ဝင်များက ဝမ်းသာပျော်ရွှင်စွာ အော်ဟစ်လိုက်ကြသည်။

တစ်ဖက်တွင်မူ ဘေးနားမှ လူသားကျွမ်းကျင်သူများ၏ အမူအရာများကသိသိသာသာကိုပြောင်းလ သွားတော့သည်။

"ဟားဟား! ဒီမှာရှိတဲ့ လူသားကျွမ်းကျင်သူတွေ အားလုံး သေရမယ်။" မိုခေး ၏ ကျယ်လောင်သော ဟိန်းဟောက်သံက အဆင့်(၄)ထပ်မြောက်ရှိ လူသားကျွမ်းကျင်သူအားလုံး၏နားထဲတွင်မိုးချိန်း သံကဲ့သို့မြည်ဟီးသွားသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၈၈ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၈၈)] –ရှုးသွပ်သောလုပ်ရပ်

အန်နန်ကျင်း ကတော့ နတ်ဆိုးစွမ်းအင်များ

ဖုံးလွှမ်းနေသော

မိုခေးကိုတစ်ချက်သာလှည့်ကြည့်လိုက်ပြီး

လက်ကိုဆန့်ကာ

နဂါးအဆင့်ကျောက်တုံးကြီးဆီသို့ကိုင်လိုက်ပါသည်

။

ထိုအချိန်တွင်။

လော့ရှဲ၏ ပါးစပ်ထောင့်၌ မျဥ်းကွေးတစ်ခု

ပေါ်လာပြီး လူသားကျွမ်းကျင်သူများကို

စိုက်ကြည့်ရင်း ခေါင်းကို ညင်သာစွာ

ခါယမ်းလိုက်သည်။

သို့သော် ဤအခိုက်အတန့်တွင်

မမျှော်လင့်ထားသော အဖြစ်အပျက်တစ်ခု

ရုတ်တရက် ဖြစ်ပေါ်လာသည်။

မိုခေး၏ စကားသံဆုံးသွားချိန်မှာပဲ အနက်ရောင်
အရိပ်နှစ်ခုက သူ၏
နံဘေးတွင်ရုတ်တရက်ပေါ်လာပြီး
အေးစက်စက်ဓားနှစ်ချောင်းဖြင့်ထိုးသွင်းလိုက်လေ
သည်။

ၚင်းတို့ပ လျှပ်စီးလက်သလို လျင်မြန်ပြီး
ပတ်ဝန်းကျင်ရှိ ကျွမ်းကျင်သူများ
မျှော်လင့်ထားသည်ထက် ကျော်လွန်နေပါသည်။

ဤတိုက်ခိုက်မှုကို စတင်လှုပ်ရှားလိုက်သူက
ကျန်းလဲ့ နှင့် ရဲယွန် တို့ပါ။

ယန်ယဲ့က

အဆင့်(၅)ထပ်မြောက်သို့တက်ရောက်သွားချိန်တွင်

မျိုးနွယ်ခြားသုံးခုကိုအာရုံစိုက်ရန်

သတိထားပေးထားခဲ့၏။

တစ်ဖက်တွင်လည်း မိုခေးက ရုတ်တရက်ကြီး

အဆင့်တက်သွားလိမ့်မည်ဟု

မမျှော်လင့်ထားခဲ့ကြပေ။

ထို့ကြောင့် သူတို့သာ ချက်ချင်းမလှုပ်ရှားပါက

နောက်ထပ်အခွင့်အရေး ရှိမည်မဟုတ်တော့ပေ။

ထို့အပြင် နှစ်ဦးလုံးက တိုက်ခိုက်လိုက်သည် နှင့်
ဝင်းတို့၏ စွမ်းအားများကို အပြည့်အဝ
အသုံးချခဲ့သည်။

နတ်ဆိုးမျိုးနွယ်ဝင်များက
အံ့အားသင့်သွားကြသော်လည်း
သူတို့၏ပါးစပ်ထောင့်တွင် လှောင်ပြောင်မှုများ
ပေါ်လာခဲ့သည်။

မိုခေးက မလှုပ်မရှားဖြစ်နေသော်လည်း
ဆားမြှောင်နှစ်ချောင်းက သူ့လည်ပင်းကိုထိခါနီးတွင်
ရုတ်တရက် ဦးတည်ချက်ပြောင်းသွားကာ

အနက်ရောင်အရိပ်နှစ်ခုဆီသို့ လျှင်မြန်စွာ
ပစ်ခတ်လိုက်ကြသည်။

ကျန်းလဲ့ နှင့် ရဲယွန် တို့၏ အမူအရာများ လည်း
ပြောင်းလဲသွားကာ သူတို့၏ခန္ဓာကိုယ်က
တဖျပ်ဖျပ်တောက်လာပြီး
ချက်ချင်းပျောက်ကွယ်သွားတော့သည်။

သို့သော်လည်း ယခုအချိန်တွင် မိုခေးက
မထီမဲ့မြင်ပြုံကာ ပြုံးလိုက်သည်။
"ထွက်ပြေးသွားပြီလား"

သူစကားပြောပြီးသည်နှင့် မိုခေး၏ အနားတစ်ဝိုက်ရှိ ၁၀ မီတာကျော်ပတ်ပတ်လည်လေထုသည် ရုတ်တရက် တုန်ခါသွားကာပုန်းအောင်းနေသော ကျန်းလဲ့ နှင့် ရဲယွန်တို့၏ပုံရိပ်များ လွင့်ပျံသွားသည် ။

ဘန်း! ဘန်း!

မိုခေး၏ လက်သီးနှစ်ချက်က ၎င်းတို့၏ဝမ်းဗိုက်ကိုဖြတ်ထိုးချလိုက်ရာ ကျောက်နံရံနှင့်တိုက်မိသွားသည်။သို့သော်လည်း ထိုအချိန်တွင် ၎င်းတို့၏ ပုံရိပ်များက လေထဲ၌

ရုတ်တရက် ပျောက်ကွယ်သွားပြီး နောက်တစ်ကြိမ်ဖုံးကွယ်ထားလိုက်ကြသည်။

ဤအချိန်တွင် မိုခေးသည်လည်း ထူးထူးခြားခြားမျက်မှောင်ကြုတ်လိုက်မိသည်။

ပတ်ဝန်းကျင်ရှိလူသားကျွမ်းကျင်သူများကအဆိုပါမြင်ကွင်းကြောင့် အံ့ဩတုန်လှုပ်သွားကြသည်။

"ဒါက ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူတစ်ဦးရဲ့ ခွန်အား လား?"

ထိုအခိုက်အတန့်တွင် ကျန်းလဲ့ နှင့် ရဲယွန် တို့
နှစ်ဦးစလုံးက အရိပ်ထဲတွင် ရှိနေကြပြီးအတော်လေး
တုန်လှုပ်သွားကြသည်။

အဘယ်ကြောင့်ဆိုသော် မိုခေးက
ဝိညာဉ်နယ်ပယ်အလွှာအဆင့်သို့
ရောက်ရှိသွားပြီးနောက်
အလွန်ကြောက်စရာကောင်းလာသည်ကို
သတိပြုမိသောကြောင့်ပင်။

၎င်းတို့သည် မိုခေးနှင့်တိုက်ပွဲတွင်
အားသာချက်တစ်ခုသာရှိခဲ့သည်။ ထိုအရာက
၎င်းတို့၏ လှုပ်ရှားမှုနည်းစနစ်ဖြစ်သည်။

သို့ရာတွင် ယုခုအချိန်မှာတော့
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူ
မိုခေးနှင့်ရင်ဆိုင်တိုက်ခိုက်ပြီး
ရှုံးနိမ့်သွားရပြီဖြစ်သည်။

မိုခေးက အေးစက်စက်ရယ်မောပြီး ကျန်းလဲ့ နှင့်
ရဲယွန် ပျောက်ကွယ်သွားသော နေရာကို အေးစက်စွာ
စိုက်ကြည့်ပြီးနောက် လူသားကျွမ်းကျင်သူများဆီသို့

ဖြည်းညှင်းစွာ လျှောက်သွားကာ ရင်းတို့ဆီသို့ လှည့်ကြည့်လိုက်သည်။

"သူ့ကိုအသေအကြေတိုက်ရအောင်!" ရှီလော့က အသံတိုးတိုးဖြင့် ပြောလိုက်သည်။

လူသားကျွမ်းကျင်သူများထဲတွင် ယန်ယွဲ့ကလွဲ၍ မိုခေးကိုယှဉ်နိုင်သူတစ်ယောက်မှမရှိခဲ့ပေ။

ယခုအချိန်တွင် မိုခေးက ဝိညာဉ်နယ်ပယ်အလွှာဆင့်သို့တက်လှမ်းသွားခြင်း ကြောင့်

သူနှင့်ဂျီယန်ရှီတို့နှစ်ဦးပူးပေါင်းတိုက်ခိုက်လျှင်ပင်

မိုခေးကို ယှဉ်ရန်မဖြစ်နိုင်ဟု ခံစားမိလိုက်ပါသည်။ !

တိုက်ခိုက်ရန် ကျင့်ကြံမှုအဆင့်ကို
ကျော်လွှားနိုင်သော်ငြား
ပစ်မှတ်ပေါ်တွင်မူတည်သည်။

မိုခေးကိုယ်တိုင်က တိုက်ပွဲအတွင်း
အဆင့်ကျော်တိုက်ခိုက်နိုင်သော
ထိပ်သီးပါရမီရှင်တစ်ဦးဖြစ်နေခဲ့၏။

ထို့ကြောင့် လက်ရှိတွင်
မိုခေးကိုတိုက်ခိုက်ရန်ကြိုးစားခြင်းကသေလမ်းရှာ
သည်နှင့်မခြားပေ။

လူသားကျွမ်းကျင်သူအားလုံး မတ်တပ်ထရပ်ပြီး အမှောင်ရတနာလက်နက်များကို ဆွဲထုတ်လိုက်ကြသည်။

တစ်ချိန်တည်းမှာပင် ၎င်းတို့၏ ခန္ဓာကိုယ်မှ သိပ်သည်းသော ဆန်းကြယ်ချီစွမ်းအင်များတဟုန်ထိုး မြင့်တက်လာခဲ့လေသည်။

"ဟမ့်။ မင်းတို့ရဲ့ အရည်အချင်းကို လွန်ကဲစွာထင်နေတယ်!" မိုခေးက အေးစက်စွာ ရေရွတ်ပြီး

အထင်အမြင်သေးစွာရယ်မောလိုက်သည်။

"သူတို့ကိုသတ်! ဘယ်သူ့ကိုမှ မနှမြောပါနဲ့!"

သူပြောပြီးသည်နှင့် တစ်ပြိုင်နက်

မရေမတွက်နိုင်သော နတ်ဆိုးမျိုးနွယ်ဝင်များက

လူသားကျွမ်းကျင်သူများထံသို့

တရကြမ်းပြေးဝင်သွားလိုက်ကြသည်။

ထိုအချိန်တွင် မိုခေး၏ပုံရိပ်က ရှီလော့နှင့်ဂျီယန်ရှီ

ဆီသို့ ပေါက်ကွဲထွက်လာပြီး သူ့လက်ထဲမှ

ငရဲနတ်ဘုရားလှံ ဖြင့်

လျှပ်တစ်ပြက်ထိုးလျှလိုက်သည်။

မိုခေး၏ အမြန်နှုန်းက အလွန်မြန်ဆန်နေသောကြောင့် နောက်ပြန်ဆုတ်ရန်နောက်ကျသွားပြီဖြစ်သည်။

နှစ်ယောက်လုံးက
ထိတ်လန့်သွားကာမိုခေး၏တိုက်ခိုက်မှုကို
အလျင်စလို ပိတ်ဆို့လိုက်သည် ။

ဘန်း! ဘန်း!

ငရဲနတ်ဘုရားလှံမှ ကြောက်မက်ဖွယ်ရာဖိအားက
၎င်းတို့နှစ်ဦးကို မီတာ ၁၀၀ ကျော်အကွာထိ
တိုက်ရိုက် လွင့်ပျံသွားစေသည်။

တစ်ချက်တည်းနဲ့အနိုင်ယူလိုက်တယ်။

ပတ်ဝန်းကျင်ရှိ လူသားကျွမ်းကျင်သူများ၏

အမူအရာများက သိသိသာသာ

ပြောင်းလဲသွားသည်။

မိုခေး ၏ စွမ်းအားက

ဝိညာဉ်နယ်ပယ်အလွှာအဆင့်သို့

တက်လှမ်းပြီးနောက် မူလထက်ပို၍

ကြောက်စရာကောင်းလာခဲ့သည်။

ဓားအင်ပါယာ ယန် မရှိဘဲနှင့် မိုခေး၏တိုက်ခိုက်မှုကို

မည်သူက ခုခံနိုင်ပါမည်နည်း?

သို့သော် ဓားအင်ပါယာ ယန် ရှိနေလျှင်ပင် ဝိညာဥ်နယ်ပယ်အလွှာအဆင့်သို့တက်လှမ်းခြင်းမရှိပါက မိုခေးကိုရင်ဆိုင်နိုင်ပါမည်လော?

ထိုအချိန်တွင် ကျန်းလဲ့ နှင့် ရဲယွန်တို့က မိုခေး၏ အရှေ့အနောက်ခွဲပြီး ရုတ်တရက် ပေါ်လာသည်။

သူတို့နှစ်ဦးလုံးက အချိန်ကို ပြည့်စုံစွာ တွက်ဆထားကြပုံပါ။

မိုခေးက ရှီလော့ နှင့် ဂျီယန်ရှီကိုတိုက်ခိုက်လိုက်ချိန်မှာပဲ သူတို့အတွက်

ဝင်ရောက်တိုက်ခိုက်ရန်

အကောင်းဆုံးအခွင့်အရေးဖြစ်သည်။

ဓားမြှောင်နှစ်ချောင်းက မိုခေး၏လည်ပင်းကို

ပြင်းထန်စွာ ထိမှန်သွားကြသည်။သို့သော်လည်း

ဓားမြှောင်နှစ်ချောင်းက

သံမဏိပြားကြီးကိုထိုးသွင်းလိုက်သကဲ့သို့

ဖြစ်နေသောကြောင့် ၎င်းတို့၏ အမူအရာများ

ကပြင်းထန်စွာ ပြောင်းလဲသွားတော့သည်။

ထိုအချိန်တွင်

မိုခေးက လှောင်ပြုံးပြုံးလိုက်ရင်း

ငရဲနတ်ဘုရားလှံကိုအလျားလိုက်ဖြတ်ရိုက်ချလိုက်ပါသည်။

"မင်းတို့က အရည်အချင်းကို လွန်ကဲနေတာပဲ!" မိုခေးက ညာခြေကို မြေပြင်ပေါ် ရုတ်တရက်နင်းလိုက်ရင်း အေးစက်စွာ အော်ဟစ်လိုက်ပြီး မြှားတစ်စင်းကဲ့သို့ရှေ့ကိုလှမ်းတက်လာသည်။

သူက ချက်ချင်းဆိုသလိုပင် ကျန်းလဲ့ နှင့် ရဲယွန်တို့၏ရှေ့သို့ ရောက်လာသည်။တစ်ချိန်တည်းမှာပင်သူ့လက်ထဲရှိ ငရဲနတ်ဘုရားလှံက

တဖျပ်ဖျပ်တောက်ပကာ လေထုကို အလျားလိုက် ထိုးခွဲသွားပါသည်။

ကျန်းလဲ့ နှင့် ရဲယွန်တို့၏မျက်လုံးများကအလွန် ကျဉ်းမြောင်းသွားကြသည်။

သူတို့သည် ယခုအချိန်တွင် လေထဲ၌ ရှိနေသော်ငြား အတွင်းဒဏ်ရာများရရှိထားသောကြောင့် မိုးခေး၏တိုက်ခိုက်မှုကို ခုခံရန်မဖြစ်နိုင်တော့ပေ။

သို့သော် ရုတ်တရက်။

အရေးကြီးသောအခိုက်အတန့်တွင် ရောမပုဆိန်ကြီးတစ်လက်က

လေထဲသို့ရုတ်တရက်တက်လာကာ ငရဲနတ်ဘုရားလှံကို ချက်ချင်းခုတ်ပိုင်းလိုက်သည်။

အုန်း!

ပြင်းထန်သောပေါက်ကွဲသံကြီးထွက်ပေါ်လာပြီးနောက် ငရဲနတ်ဘုရားလှံက အနည်းငယ်တုန်ခါသွားပြီး ချက်ချင်းပင် ရပ်တန့်သွားသည်။

ကျန်းလဲ့ နှင့် ရဲယွန်တို့နှစ်ဦးလည်း ဤအခြေအနေကို အခွင့်ကောင်းယူကာ

မီတာ ၂၀ ကျော်အကွာထိ

အလျင်အမြန်ပြန်ဆုတ်ကာရုတ်ချည်းပင်

ပျောက်ကွယ်သွားခဲ့ကြသည်။

မိုခေးက ရှီလော့ကို

လှည့်ကြည့်လိုက်စဉ်သူ့မျက်လုံးထဲ၌ အေးခဲနေသော

သတ်ဖြတ်ခြင်းအငွေ့အသက်များ

မှိန်ဖျော့ဖျော့တောက်ပလာခဲ့၏။

ရုတ်တရက် သူ့လက်ထဲရှိ ငရဲနတ်ဘုရားလှံက

တဖျပ်ဖျပ်တောက်ပနေပြီး ရှီလော့ကို

လှျပ်တစ်ပြက်တိုက်ခိုက်လိုက်ပါသည်။

ရှီလော့၏ အမူအရာက ပြောင်းသွားပြီး
သူ့ခန္ဓာကိုယ်က လင်းလက်လာကာ
ရှောင်တိမ်းလိုက်လေသည်။

သို့သော် အချိန်အနည်းငယ်နောက်ကျနေသေးသည်။
ငရဲနတ်ဘုရားလုံက သူ၏ဘယ်ဖက်ပုခုံးကို
ထိုးဖောက်ကာ နောက်ဖက်ရှိ
ကျောက်နံရံနှင့်ထိုးစိုက်သွားခဲ့သည်။

အဆိုပါမြင်ကွင်းကို မြင်လိုက်ရချိန်တွင်တော့
ဂျီယန်ရှီ၏ နှလုံးသားက ပြင်းထန်စွာ
နစ်မြုပ်သွားပါသည်။

မိုခေး၏ ခွန်အားက တကယ်ကို

ကြောက်စရာကောင်းလွန်းနေသည်မဟုတ်ပါလား။

မိုခေးက

ဝိညာဉ်နယ်ပယ်အလွှာအဆင့်သို့တက်လှမ်းသွားပြီး

နောက်

သိုင်းဘုရင်အထွတ်အထိပ်အဆင့်ကျွမ်းကျင်သူလေး

ဦးစလုံးက ၎င်း၏ တိုက်ခိုက်မှုကို

ခံနိုင်ရည်မရှိခဲ့ကြပေ။

ထို့နောက် ဂျီယန်ရှီက

တိုက်ပဲဖြစ်နေရာကိုတစ်ချက်ကြည့်လိုက်ရာ

မျက်နှာပျက်သွားသည်။

အကြောင်းအရင်းမှာ

ဤအချိန်တွင်းမှာပဲလူသားကျွမ်းကျင်သူ ၃၀ ကျော်

သေဆုံးသွားရပြီဖြစ်သည်။

ထို့အတွက် သူတို့အားလုံးတွင် ရွေးချယ်စရာ

နှစ်ခုသာ ကျန်တော့သည်။ တိုက်ခိုက်မလား

ပြေးမလား?

အကယ်၍ သူသာ တိုက်ခိုက်ခဲ့ပါက

ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူ မိုခေးကို

အနိုင်ရရန် အခွင့်အလမ်း လုံးဝမရှိပေ ။

သူသာ ထွက်ပြေးပါက

အသက်ရှင်ရန်အခွင့်အရေးရှိမည်ဖြစ်သည်။သို့သော်

....

ဂုဏ်သိက္ခာရှိသောလူသားမျိုးနွယ်၏

လူသားတစ်ဦး၊ လူငယ်မျိုးဆက်၏

ထိပ်တန်းဓားပညာရှင် တစ်ဦးဖြစ်သော သူလိုလူက

အဖော်များကို စွန့်ပစ်ပြီး

ထွက်ပြေးသွားသောသူတစ်ယောက်

မည်သို့ဖြစ်နိုင်မည်နည်း။

"ဟားဟား!!!" ဂျီယန်ရှီက ရုတ်တရက် ရူးသွပ်စွာ

ရယ်မောလိုက်သည်။

သူက မိုခေးကို စိုက်ကြည့်နေရင်း
ကျယ်လောင်စွာရယ်မောလိုက်ပြီး မျက်လုံးထဲတွင်
ရက်စက်ကြမ်းကြုတ်သော
အမူအရာများပြည့်နှက်သွား၏။

ထိုအချိန်တွင် ဂျီယန်ရှီက အသက်ကိုပြင်းပြင်းရှူပြီး
ရုတ်တရက် သူ၏ဝမ်းဗိုက်က တဖြည်းဖြည်း
ကျယ်လာသည်။

တစ်ချိန်တည်းတွင် သူ့လက်ထဲမှ ဓားက
စူးရှတောက်ပသော အလင်းရောင်နှင့်အတူ
ရုတ်တရက် ပေါက်ကွဲထွက်ကာ

ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူထက်မနိ
မ့်ကျသောအရှိန်အဝါတစ်ခု
တိုက်ရိုက်ဖြာထွက်လာခဲ့လေသည်။

ထို့အပြင် ချီအရှိန်အဝါက ရောမလှိုင်းလုံးများကဲ့သို့
အဆက်မပြတ် ခုန်တက်သွားသည်။

ဤမြင်ကွင်းကို မြင်လိုက်ရတော့
မိုခေးနှင့်ရှီလော့တို့၏ မျက်နှာများက လျင်မြန်စွာ
ပြောင်းလဲသွားခဲ့သည်။

ဂျီယန်ရှီက
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကိုတက်လှမ်းခြင်းမဟု
တ်ပေ၊ သူ့ကိုယ်သူဖောက်ခွဲလိုက်ခြင်းပင်။

"နောက်ဆုတ်!"

မိုခေး၏မျက်လုံးထဲတွင်လေးနက်သောအမူအရာ

များပေါ်လာပြီး နတ်ဆိုးမျိုးနွယ်ဝင်များကို

ပြန်လှည့်ကြည့်ကာ ချက်ချင်း

အမိန့်ပေးလိုက်လေသည်။

ဓားပညာရှင်တစ်ဦးဖြစ်သည့်

သိုင်းဘုရင်အထွတ်အထိပ်အဆင့်ကျွမ်းကျင်သူတစ်

ဦးမှ ကိုယ့်ကိုယ်ကိုဖောက်ခွဲလိုက်သောစွမ်းအားက

အားလုံးခုခံနိုင်ခဲ့လျှင်ပင်

ဒဏ်ရာအပြင်းအထန်ရရှိသွားမည်ဖြစ်သည်။

သူက ဂျီယန်ရှီကို တားဆီးရန်ပြင်လိုက်သော်ငြား နောက်ကျသွားပြီဖြစ်ကြောင်းသတိပြုမိလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ဂျီယန်ရှီက သူ့ခန္ဓာကိုယ်အတွင်းရှိ ဆန်းကြယ်ချီစွမ်းအင်များကို အကန့်အသတ်ထိမြှင့်တင်လိုက်သောကြောင့်ပါ။

တစ်ချိန်တည်းမှာပင် မိုခေးက တဖျပ်ဖျပ်တောက်ပလာကာ နတ်ဆိုးမျိုးနွယ်ဝင်များကိုအမိန့်ပေးရင်း တဟုန်ထိုး နောက်ပြန်ဆုတ်သွားခဲ့သည်။

ရှီလော့၏ နှုတ်ခမ်းများက

တစ်ခုခုပြောချင်နေဟန်ဖြင့် ကွဲအာသွားသည်။

သူသည်လည်း ဂျီယန်ရှီကိုတားဆီးချင်သော်ငြား

အဆုံးတွင်မည်သည်ကိုမှမပြောခဲ့ပေ။

မည်သို့ပင်ဖြစ်စေကာမူ

ယခုအချိန်တွင်လူသားမျိုးနွယ်က

အခြားရွေးချယ်စရာမရှိတော့ပေ။

တစ်ဖက်တွင်လည်း၊ မိမိကိုယ်ကို ဖောက်ခွဲခြင်းက

သေဆုံးခြင်းနှင့် ညီမျှသည်။

ဤကဲ့သို့ကံကြမ္မာမျိုးကို မည်သူက

အနစ်နာခံစွန့်လွှတ်နိုင်ပါမည်နည်း?

သို့သော် ဂျီယန်ရှီကသာ

သူ့ကိုယ်သူဖောက်ခွဲခြင်းမပြုပါက လက်ရှိတွင်

လူသားကျွမ်းကျင်သူအားလုံး အသက်ရှင်ရန်

အခွင့်အရေးအနည်းငယ်ပင်ရှိမည်မဟုတ်ချေ။

ချက်ချင်းဆိုသလိုပင် မိုခေး၏လက်ထဲ၌

တစ်ယောက်မကျန်သေဆုံးသွားရမည်ဖြစ်သည်။

ဂျီယန်ရှီက သူ့ကိုယ်သူ ဖောက်ခွဲပြီးနောက်

ရန်သူအများစုကိုဆွဲခေါ်သွားနိုင်သလို

ယန်ယွဲ့ပြန်ထွက်လာရန်အချိန်အနည်းငယ်တော့ဆွဲ

ဆန့်ကောင်းဆွဲဆန့်ထားနိုင်ပေမည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၈၉ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၈၉)] –နင် သေချင်တာလား။

"မိုခေး! ဒါကိုယူလိုက်စမ်း!" ဂျီယန်ရှီက အရူးတစ်ယောက်လို ရယ်မောပြီး မိုခေး ဆီသို့ပြင်းထန်စွာခုန်ဝင်သွားလေသည်။

မိုခေးက မျက်လုံးများ

အနည်းငယ်ကျဉ်းမြောင်းသွားကာ

သူ့ညာလက်ကိုအနည်းငယ်လှုပ်ပြီး

နတ်ဆိုးစွမ်းအင်အလွှာကိုထုတ်ဖော်လိုက်သည်။

သူက ဂျီယန်ရှီ၏ ဖောက်ခွဲမှုကို ရှောင်နိုင်သော်ငြား

မလုပ်ဆောင်နိုင်ပေ။

အကြောင်းမှာ သူ့နောက်တွင်

နတ်ဆိုးမျိုးနွယ်ဝင်များ ရှိနေသောကြောင့်ဖြစ်သည်။

သူ၏ အမူအကျင့်က

နတ်ဆိုးမျိုးနွယ်ဝင်ညီအစ်ကိုများကို

တစ်စုံတစ်ရာထိခိုက်ဒဏ်ရာရရန်မဖြစ်စေလိုပေ။

ဂျီယန်ရှီက မိုခေး နှင့်

မလှမ်းမကမ်းသို့ရောက်ရှိလာပြီးနောက်

သူ့လက်ထဲမှဓားက

ရုတ်တရက်ပေါက်ကွဲထွက်လာခဲ့သည်။

တစ်ချိန်တည်းမှာပင် သူ၏ဝမ်းဗိုက်က ရုတ်တရက်

ကျုံ့ဝင်သွားကာ ခဏတာ

တိတ်ဆိတ်သွားပြီးနောက်....

"ငါ့ကိုယ်စား လက်စားချေဖို့ ညီအစ်ကို ယန်ယဲ့ကို

ပြောလိုက်ပါ။ ဟားဟား!!" သူပြောပြီးသည်နှင့်

ဂျီယန်ရှီ၏ ခန္ဓာကိုယ်တစ်ခုလုံး က ချက်ချင်း ပေါက်ကွဲသွားလေတော့သည်...။

အုန်း!

ကမ္ဘာတုန်လှုပ်စေသော ပေါက်ကွဲသံကြီးက အဆင့်(၄)ထပ်မြောက်တွင် ရုတ်တရက် ပွဲတင်ထွက်ပေါ်လာပြီးနောက် အဖြူရောင် ရောင်စုံ စွမ်းအင်လှိုင်းလုံးကြီး ရုတ်ချည်း လွင့်စင်လာကာ မိုးခေးကို ချက်ချင်း ဖုံးလွှမ်းသွားခဲ့သည်။

မိုခေးသာမက၊

မျိုးနွယ်ခြားသုံးခုမှအဖွဲ့ဝင်များသည်လည်း

ဖုံးလွှမ်းခံလိုက်ရလေသည်။

အချိန်မီရှောင်တိမ်းနိုင်ခြင်းမရှိသော

နတ်ဆိုးမျိုးနွယ်ဝင် ၁၀ ဦးကျော်က ချက်ချင်း

သေဆုံးသွားကြသည်။

ဤမြင်ကွင်းကို မြင်လိုက်ရသော်လည်း

လူသားကျွမ်းကျင်သူများ၏ စိတ်နှလုံးထဲတွင်

ပျော်ရွှင်မှုတစ်စုံတစ်ရာကို နှိုးဆွနိုင်ခြင်းမရှိပေ။

အကြောင်းအရင်းမှာ ဂျီယန်ရှီက

သူ့အသက်ကိုစတေးပြီး

တိုက်ခိုက်ခဲ့ခြင်းဖြစ်နေပေသည်။

တစ်ချိန်တည်းမှာပဲ လူသားကျွမ်းကျင်သူများ၏

နှလုံးသားထဲ၌ ဝမ်းနည်းကြေကွဲမှုများ၊

ပြင်းထန်သောအမျက်ဒေါသများထွက်ပေါ်လာပြီး

တဟုန်းဟုန်းတောက်လောင်နေဆဲ ကြောက်မက်ဖွယ်

အဖြူရောင်လှိုင်းလုံးကြီးကို

ငေးကြည့်နေမိကြသည်။

သူတို့သည် ယခုအချိန်တွင် အမှန်တကယ်

အောင်မြင်ခြင်းမရှိသေးပေ၊

လူသားကျွမ်းကျင်သူများ၏ ကံကြမ္မာသည်

စွမ်းအင်လှိုင်းလုံးကြီးဖြင့် ဖုံးလွှမ်းနေသော မိုခေး အပေါ်တွင်သာ မူတည်နေပေသည်။

မိုခေးသာ

အပြင်းအထန်ဒဏ်ရာရသွားခြင်း(သို့)သေဆုံးသွားပါ

က

၎င်းတို့အားလုံးအသက်ရှင်ရန်အခွင့်အရေးရှိပေမည်

။

ထိုကဲ့သို့မဟုတ်ဘဲ မိုခေးသာ

အကောင်းပကတိအတိုင်းရှိနေပါက......

လူသား၏ စိုးရိမ်ထိတ်လန့်နေသော
အကြည့်များအောက်တွင် အဖြူရောင်
စွမ်းအင်လှိုင်းများက တဖြည်းဖြည်း
ပြန့်ကျဲသွားသည်။

ထို့နောက် လျှို့ဝှက်ဆန်းကြယ်သော အနက်ရောင်
အကြေးခွံများဖြင့် ဖုံးအုပ်ထားသော
အရပ်ရှည်ရှည်လူငယ်တစ်ဦးက ထိုနေရာတွင်
ရပ်နေခဲ့၏။

လူသားကျွမ်းကျင်သူများ၏ မျက်နှာများက
ချက်ချင်းပင် ဖြူရော်သွားတော့သည်။

ထိုအချိန်တွင် ကျန်းလဲ့ နှင့် ရဲယွန်တို့က

မိုခေး၏ရှေ့တွင် ရုတ်တရက် ပေါ်လာသည်။

၎င်းတို့၏လက်ထဲမှ ဓားမြှောင်များက မိုခေး၏

လည်ချောင်းဆီသို့

တိုက်ရိုက်ထိုးသွင်းလိုက်လေသည်။

မိုခေး၏မျက်လုံးများက

အနည်းငယ်ကျဥ်းမြောင်းသွားသည်။

သူက ရုတ်တရက်တိုက်ခိုက်လာသည်ကိုတားဆီးရန်

ငရဲနတ်ဘုရားလှံကိုမြှောက်လိုက်ရင်း

နောက်ပြန်မဆုတ်ခင် အလင်းတန်းတစ်ခု

ထွက်ပေါ်လာသည်…။

ဤအခြေအနေကို မြင်လိုက်ရာ လူသားကျွမ်းကျင်သူများက အလွန် ဝမ်းသာသွားကြသည်။

မိုခေးက သေဆုံးသွားခြင်းမရှိသော်ငြားဂျီယန်ရှီ၏ ကိုယ့်ကိုယ်ကို ဖောက်ခွဲမှုကြောင့် အပြင်းအထန် ဒဏ်ရာရရှိခဲ့ကြောင်းသိသာပေသည်။

တစ်နည်းဆိုရသော် မိုခေး၏လက်ရှိအခြေအနေက အစောပိုင်းတုန်းကလိုစွမ်းအားအပြည့်မဟုတ်တော့ပေ။

ထိုအချိန်တွင် လူသားကျွမ်းကျင်သူများသည်လည်း စိတ်အားတက်ကြွလာပြီး တိုက်ခိုက်လိုစိတ်များတဟုန်ထိုးပေါက်ကွဲထွက်လာကြသည်။

လော့ရှဲက မျိုးနွယ်ခြားသုံးခု နှင့် လူသားမျိုးနွယ်ကြားမှတိုက်ပွဲကိုကြည့်နေရင်း ပေါ့ပေါ့ပါးပါး ရယ်ကာ "ပျင်းစရာကောင်းလိုက်တာ၊ ဘယ်လောက်တောင် ပျင်းစရာကောင်းလိုက်လဲ!"

သူပြောပြီးသည်နှင့် လော့ရှဲ၏

အကြည့်များက တစ်နေရာကို ရွေ့သွားကာ
အန်နန်ကျင်း အပေါ်
ကျဆင်းသွားသည်။"သိုင်းနတ်ဘုရား?
စိတ်ဝင်စားစရာပဲ….”

ဘန်း!

ထိုအခိုက်အတန့်တွင် တင်ပျဉ်ခွေထိုင်နေသော
ဟွင်းယု၏ ခန္ဓာကိုယ်မှ
ကြောက်မက်ဖွယ်ကောင်းသော အငွေ့အသက်တစ်ခု
ရုတ်တရက် ထွက်ပေါ်လာပြီးနောက် ရက်စက်သော
ရယ်မောသံက ပတ်ဝန်းကျင်တစ်ခုလုံး

ပွဲတင်ထပ်သွားသည်။ "ဟီးဟီး.... လူသားတွေ! မင်းတို့အားလုံး ဒီနေ့ အကောင်းတိုင်းထွက်သွားဖို့ အိပ်မက်မက်နိုင်တယ်!"

ဝိညာဉ်နယ်ပယ်အလွှာအဆင့်!

ဤတစ်ကြိမ်တွင် လူသားကျွမ်းကျင်သူများ၏ နှလုံးသားက အောက်ဆုံးသို့ ကျဆင်းသွားခဲ့သည်။ ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူ မိုခေး တစ်ယောက်တည်းကိုပင် ခုခံရန် မဖြစ်နိုင်ပေ။ ယခုအချိန်တွင် မျိုးနွယ်ခြားသုံးခုမှ ငရဲတစ္ဆေမျိုးနွယ်၏ ထိပ်သီးပါရမီရှင် ဟွင်းယုက

ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကိုတက်လှမ်းသွားပြန်သည်။

"ချီး...။ သောက်ကျိုးနည်း။ ကောင်းကင်ဘုံက ငါတို့လူသားမျိုးနွယ်ကို အဆုံးသတ်စေချင်တာများလား?"

လော့ရှဲသည်လည်း ခဏတာအံ့အားသင့်သွားပြီး၊ ထို့နောက် သူက ရယ်မောကာ "ကောင်းကင်ဘုံက ဒီလူသားတွေကို ချေမှုန်းပစ်ဖို့ ရည်ရွယ်ထားပုံပဲ!"

သို့သော် လူတိုင်း၏ အံ့အားသင့်မှုနှင့်ယှဉ်လျှင်
ဟွင်းယုက လူသားကျွမ်းကျင်သူများကို
ဂရုမစိုက်ဘဲ နဂါးကျောက်တုံးကြီးရှေ့မှ
အန်နန်ကျင်းကိုသာ စိုက်ကြည့်နေသည်။
တစ်ချိန်တည်းတွင် သူ၏ မျက်လုံးထဲ၌
မှိန်ဖျော့ဖျော့ အလင်းရောင်များ ပေါ်လာသည်။

ဤမိန်းမပျိုက ထိုနေ့တွင် သူ့ကို
လုံးလုံးလျားလျားအရှက်ရစေခဲ့သည်၊ ထို့ကြောင့်
အခြားလူသားကျွမ်းကျင်သူများနှင့်ယှဉ်ပါက
သူ့စိတ်ထဲတွင် အန်နန်ကျင်းကို ပို၍ မုန်းတီးခဲ့သည်။

ယခုအချိန်တွင်တော့ သူက
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကို
တက်လှမ်းသွားပြီဖြစ်ရာ
သိုင်းဘုရင်အထွတ်အထိပ်အဆင့် အန်နန်ကျင်းကို
ကြောက်လန့်နေခြင်းမရှိတော့ပေ။

အန်နန်ကျင်းက ဟွင်းယု၏
အကြည့်ကိုသတိထားမိသော်ငြား
ဂရုမစိုက်ဘဲနောက်ပြန်လှည့်ကာပြောလိုက်ပါသည်။

"နင်က အခု သေချင်နေတာ သေချာပြီလား?"

ဟွင်းယုက မျက်ခုံးများလှုပ်ယမ်းကာ အေးစက်စွာ ရယ်မောလိုက်လေသည်။ "အန်နန်ကျင်း! ငါ့အသိတွေထဲမှာ မိုခေးက အရမ်းမောက်မာတယ်လို့ထင်ခဲ့သေးတယ်။ ဒါပေမဲ့ အခုတော့ မင်းက သူ့ထက် အဆတစ်ထောင်လောက် ပိုပြီးမောက်မာနေပုံပဲ။ လာပါ! ငါ့ကိုသတ်လှည့်။ မင်းက အရည်အချင်းအပြည့်ရှိသလား ဒါမှမဟုတ် ငါ့ကိုသတ်ဖို့ခွန်အားရှိသလား ကြည့်ရအောင်။ တစ်ခုမရှင်းတာက သိုင်းနတ်ဘုရားအနေနဲ့ ဝိညာဉ်နယ်ပယ်အလွှာအဆင့် နဲ့ သိုင်းဘုရင်အဆင့်ကြားက ကွာဟချက်ကို မသိတာလား။"

"ဒါဆို နင်က ဘာလို့ စမ်းမကြည့်တာလဲ?"

အန်နန်ကျင်း ၏ လေသံက

လုံးဝကိုအေးဆေးတည်ငြိမ်နေပါသည်။

"ဟဟ...။ ကောင်းပြီ!" ဟွင်းယု၏ပုံရိပ်က

ရှေ့သို့ ပေါက်ကွဲထွက်လာပြီး အန်နန်ကျင်းရှေ့သို့

ချက်ချင်းရောက်လာခဲ့သည်။

သူ၏လက်ထဲတွင်

အနက်ရောင်သံကြိုးတစ်ချောင်းပေါ်လာပြီး

လေထုကိုထိုးခွဲကာ အန်နန်ကျင်း၏

နဖူးအလယ်ဗဟိုသို့ တိုးဝင်သွားလေသည်။

ထိုမြင်ကွင်းကို မြင်ရသောအခါ ဟွင်းယုက

အတော်လေး ဝမ်းသာသွား၏။

သို့သော်၊ သူ၏ ပျော်ရွှင်မှုက ခဏတာပင်။

ရုတ်တရက် သူ၏မျက်လုံးများက

အံ့သြတုန်လှုပ်ဟန်များ ထွက်ပေါ်လာတော့သည်။

သူ့ရှေ့တွင် ရပ်နေသော အန်နန်ကျင်းက

ပုံရိပ်ယောင်တစ်ခုသာဖြစ်နေသောကြောင့်ပင်။

"ဘယ်လောက်တောင် ရယ်စရာကောင်းလိုက်တာ!"
ဤအချိန်မှာပဲ ရုတ်တရက် သူ့အနောက်ကနေ
အသံထွက်လာသည်။

ဟွင်းယု၏အမူအရာလည်းပြောင်းသွားပြီး
သူ၏လှုပ်ရှားမှုနည်းစနစ်ကို
အမြင့်ဆုံးအထိထုတ်ဖော်ကာ ညာဖက် မီတာ ၆၀
သို့ခုန်ထွက်သွားသည်။

သို့သော်၊ သူ့စိတ်ထဲတွင်
သက်ပြင်းတစ်ချက်ချလိုက်သည်နှင့် အန်နန်ကျင်း
၏ အသံသည် သူ့နောက်မှ တစ်ကြိမ်ထပ်၍

ထွက်ပေါ်လာသည်။ "ငါ

နင့်ကိုဘာလို့မသတ်ခဲ့တာလဲသိလား။ ငါ့လက်တွေ

ညစ်ပတ်သွားမှာကို ကြောက်လို့!”

စကားပြောပြီးသည်နှင့် တပြိုင်နက် အန်နန်ကျင်းက

ကျောက်တုံးကြီးရှေ့တွင် ပေါ်လာခဲ့ပြန်သည်။

ဘေးမှ အသာစောင့်ကြည့်နေသော လော့ရှဲ နှင့်

မော့ဂျွန် ၏ မျက်နှာများသည်ပင် သိသိသာသာ

လေးနက်သွားကြသည်။

"သူမရဲ့ ခွန်အားက တကယ်ကို

ကြောက်စရာကောင်းလွန်းတယ်။

အဆင့်ကျော်ပြီးတိုက်ခိုက်နိုင်သလို ဟွင်းယုလိုလူကိုတောင်တစ်ချက်တည်းနဲ့အနိုင်ယူခဲ့တယ်" ဤအတွေးက သူတို့နှစ်ဦး၏စိတ်ထဲတွင်တူညီစွာဖြစ်ပေါ်လာသည်။

ထိုအချိန်တွင် ဟွင်းယု၏ ခန္ဓာကိုယ်မှ အေးစက်သော ချွေးများ ချက်ချင်း စီးကျလာသည်။

"ဒီမိန်းမပျိုက အနည်းငယ်ထက်ပိုပြီး ကြောက်စရာကောင်းနေတာ မဟုတ်လား? သူမက တကယ်ပဲ သိုင်းဘုရင်အထွတ်အထိပ်အဆင့် လား? မဟုတ်မှလွဲရော ချီးမြှောက်ခြင်းနယ်ပယ် လား?"

ခဏတာအံ့အားသင့်သွားပြီးနောက် သူ့စိတ်ထဲတွင် အလွန်အရှက်ရစေသည့် ခံစားချက်တစ်ခုက တိုးဝင်လာခဲ့သည်။

"ဟမ့်။ ငါက မင်းလက်နဲ့သတ်ဖို့ အရည်အချင်းတောင် မရှိဘူးလား?" သူ့စိတ်ထဲတွင် တွေးမိလိုက်သောအခါ ဟွင်းယု၏မျက်နှာကဒေါသတကြီးအမူအရာများ ပေါ်လာလေသည်။

သို့သော်လည်း သူက အန်နန်ကျင်းကို ထပ်မံတိုက်ခိုက်တော့မည့်အချိန်တွင် မိုခေး၏အသံက တိုးညှင်းစွာ

ထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။ "ဟွင်းယု၊ ဒီလူသားကျွမ်းကျင်သူတွေနဲ့ အရင်ဆက်ဆံပါ!"

ထိုစကားကို ကြားလိုက်ရသောအခါတွင် ဟွင်းယု၏ မျက်လုံးထဲ၌ မကျေနပ်မှုတစ်ခုထွက်ပေါ်လာပြီး အလင်းရောင်များ မှိန်ဖျော့သွားသည်။

ခဏအကြာတွင် သူက အန်နန်ကျင်း နှင့် ပြဿနာရှာရန် အတွေးကို စွန့်လွှတ်လိုက်ပြီး လူသားကျွမ်းကျင်သူများဆီသို့ဦးလှည့်လိုက်လေသည်။

တစ်ချိန်တည်းတွင် သူ့လက်ထဲရှိ

အနက်ရောင်သံကြိုးက လျှပ်စီးလက်သကဲ့သို့ ရှေ့ကို

ရွေ့လျားသွားကာ

လူသားကျွမ်းကျင်သူအနည်းငယ်၏

နှလုံးသားများက ချက်ချင်း အပိုင်းပိုင်း

ကွဲအက်သွားကြသည်။

သူ၏တိုက်ခိုက်မှုတစ်ခုတည်းက

လူသားတစ်ဦးတစ်ယောက်ချင်းစီ၏

နှလုံးသားများကို မရေမတွက်နိုင်သော

အပိုင်းအစများအဖြစ် ပြောင်းလဲပစ်ခဲ့သည်။

ထို့ပြင် သူက လူသားကျွမ်းကျင်သူများ၏ မူလဝိညာဉ်ကိုပင် လွှတ်မထားခဲ့ပေ။သူ၏နည်းလမ်းက အလွန်တရာ ရက်စက်ကြမ်းကြုတ်လှသည်။

ရှီလော့က ခဏတာတုံ့ဆိုင်းသွားပြီးနောက် အသက်ပြင်းပြင်းရှူကာ၊ ရုတ်တရက် သူ့မျက်လုံးထဲတွင် ရက်စက်ကြမ်းကြုတ်သော အမူအရာတစ်ခု ထွက်ပေါ်လာသည်။

သူက လက်ကိုဆန့်ပြီး လေထုကို ဆုပ်ကိုင်လိုက်ရာ ရောမပုဆိန်ကြီးက သူ့လက်ထဲသို့ ပြန်ရောက်လာခဲ့၏။

ရှီလော့က ပုဆိန်ကို လက်ထဲမှာ ကိုင်ထားရင်း သူ့ခန္ဓာကိုယ်မှ ဆန်းကြယ်ချီစွမ်းအင်များက တဟုန်ထိုးမြင့်တက်လာပြီး ဂျီယန်ရှီလိုပဲသူ၏ဝမ်းဗိုက်ကတဖြည်းဖြည်းဖောင်းကားလာတော်သည်။

မှန်ပါသည်။ ရှီလော့သည်လည်း သူ့ကိုယ်သူဖောက်ခွဲရန် ဆုံးဖြတ်လိုက်ပါသည်။

ဟွင်းယုကပါ ဝိညာဥ်နယ်ပယ်အလှာအဆင့်သို့

တက်လှမ်းသွားသောကြောင့်လူသားကျွမ်းကျင်သူ

များအားလုံး

အကြီးအကျယ်စိတ်ဓာတ်ကျဆင်းသွား၏။

သို့သော် ရှီလော့၏

ဆုံးဖြတ်ချက်ကိုမြင်တွေ့ပြီးနောက်

စိတ်ပျက်အားငယ်မှုအစား

အကန့်အသတ်မဲ့သတ္တိများပင်ဖြစ်ပေါ်လာလေသည်။

မည်သို့ပင်ဆိုစေ၊ သူတို့က

သေခြင်းကိုကြောက်လန့်နေရပါမည်လော။

တစ်ချိန်တည်းမှာပင် ရှီလော့၏ဘေးနား၌ လူသားကျွမ်းကျင်သူ (၅)ဦး ရောက်ရှိလာပြီး ၎င်းတို့ကိုယ်ကို ဖောက်ခွဲရန် ဆက်တိုက်ဆိုသလို ရွေးချယ်လိုက်ကြသည် ။

ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ ကျန်းလဲ့၊ရဲယွန် တို့နှင့် တိုက်ခိုက်နေသော မိုခေး၏ မျက်ခွံများ တဆတ်ဆတ်လှုပ်ယမ်းသွားသည်။ အစောပိုင်းတုန်းက သူသည် သူ့နောက်ကွယ်တွင် ရပ်နေသော နတ်ဆိုးမျိုးနွယ်ဝင်များကို ကာကွယ်ရန်အတွက် ဂျီယန်ရှီ၏ ဖောက်ခွဲမှု စွမ်းအားကို အပြည့်အဝ ခုခံခဲ့သည်။

သူက အောင်မြင်စွာ ခုခံနိုင်ခဲ့သော်ငြား
ဒဏ်ရာအချို့တော့ ရရှိသွား၏။

ထိုကဲ့သို့မဟုတ်လျှင် သူ့ရှေ့မှ လုပ်ကြံသူနှစ်ဦးနှင့်အ
ပြင်းအထန်တိုက်ခိုက်နေရလိမ့်မည်မဟုတ်ပေ။

ယခုအချိန်တွင်တော့ လူသားကျွမ်းကျင်သူများက
သူတို့ကိုယ်သူတို့ ပြန်ပြီး ဖောက်ခွဲရန်
ရည်ရွယ်နေသောမြင်ကွင်းကိုမြင်လိုက်ရာ.........။

"ချီး...။ လူသားကျွမ်းကျင်သူတွေမှာ ဒီလိုမျိုး
သတ္တိတွေ ဘယ်တုန်းက ရှိလာတာလဲ?

လူသားတိုင်းက သေခြင်းကို

မကြောက်ကြဘူးလား?"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၉၀ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၉၀)] –မထင်မှတ်ထားသောဖြစ်ရပ်။

လူသားများသည် အများအားဖြင့် သေခြင်းတရားကို ကြောက်လန့်ပြီး အတ္တဆန်သော မျိုးနွယ်စုဖြစ်သည်။

သို့သော် မည်သို့ပင်ဆိုစေ သူတို့၏ခန္ဓာကိုယ်တွင်းရှိ သွေးများ ပွက်ပွက်ဆူလာသောအခါတွင် ၎င်းတို့က သေခြင်းတရားကို မကြောက်မရွံ့ဖြစ်လာနိုင်သည့် အခိုက်အတန့်များစွာရှိပေသည်။

ဤအခိုက်အတန့်ကဲ့သို့ပင် အဆင့်(၄)ထပ်မြောက်ရှိ လူသားကျွမ်းကျင်သူအားလုံးက တမင်အသေခံရန် (သို့) ထွက်ပြေးရန် စိတ်ကူးမရှိကြတော့ပေ။

အများစုမှာ တစ်ခုတည်းသော အတွေးတစ်ခုသာ ရှိတော့၏။ ၎င်းက အလောင်းများ နေရာတစ်ခုလုံးကို ဖုံးလွှမ်းသွားသည်အထိ သတ်ပစ်ရန် ဖြစ်သည်။

အစပိုင်းတွင် လူသားကျွမ်းကျင်သူအနည်းစုသာ ကိုယ့်ကိုယ်ကို ဖောက်ခွဲရန် ရွေးချယ်ခဲ့သော်ပြားမကြာမီတွင် ယင်းအရေအတွက်က တစ်စထက်တစ်စမြင့်တက်လာပြီး ၂၀ ကျော်ပင်ရှိလာ၏။

လူသားကျွမ်းကျင်သူများက မိမိတို့ကိုယ်ကို

ဆက်တိုက် ဖောက်ခွဲရန် ရွေးချယ်လိုက်ကြသည်ကို

မြင်သောအခါ မျိုးနွယ်ခြားသုံးခု၏

အဖွဲ့ဝင်များကမျက်နှာထက်တွင်ကြောက်ရွံ့ထိတ်လ

န့်ဟန်များပေါ်လာခဲ့လေသည်။

အားနည်းသောသူက အင်အားကြီးသူကို

ကြောက်တတ်သည်မှာ

သဘာဝနိယာမပင်။ဤအခိုက်အတန့်၌

သူတို့ရှေ့တွင် ရပ်နေသော

လူသားကျွမ်းကျင်သူများက အမှန်တကယ်ပင်

သေခြင်းကို ကြောက်လန့်ခြင်းမရှိခဲ့ပေ။

ထို့အပြင် ဤလူသားကျွမ်းကျင်သူများက ၎င်းတို့အားလုံးကို အတူတကွ ငရဲသို့ ဆွဲခေါ်ရန် ကြံစည်နေကြခြင်းဖြစ်သည်။

လော့ရှဲ နှင့် မော့ဂျွန်တို့၏မျက်လုံးထဲတွင်ပင် ပထမဆုံးအကြိမ် လေးစားမှုအရိပ်အယောင်များထုတ်ဖော်ပြသခဲ့သည်။

ဤလူသားကျွမ်းကျင်သူများက မည်မျှပင် အားနည်းနေပါစေ၊ ၎င်းတို့၏ လက်ရှိလုပ်ရပ်က လေးစားခံရရန်ထိုက်တန်ပေသည်။

သေခြင်းတရားကို ကြောက်ရွံ့သူ

အများအပြားရှိသော်လည်း အနည်းငယ်မျှက

သေခြင်းကို မကြောက်ကြပေ။

၎င်းသည် လူသားများကိုသာ

ရည်ညွှန်းခြင်းမဟုတ်ပေ။ မျိုးနွယ်ခြားများကိုလည်း

ရည်ညွှန်းပါသည်။

ထိုအထဲအတွင် တစ်ဦးတည်း ကွဲထွက်နေသူကတော့

အန်နန်ကျင်းသာ။

သူမ၏အမြင်တွင် ဘဝခရီးက အစိပ်ပါယ်မဲ့နေပြီး

တစ်ခုတည်းသောအစိပ်ပါယ်မှာ

သိုင်းတာအိုလမ်းကြောင်းသာ ဖြစ်သည်။

ထို့ကြောင့် လူသားမျိုးနွယ်စု၏ ကျွမ်းကျင်သူများ

နှင့် မျိုးနွယ်

ခြားသုံးခု၏အဖွဲ့ဝင်များကြားမှသတ်ဖြတ်ပွဲက

သူမအတွက် အစိပ်ပာယ်ရှိပုံမရပေ။

တစ်နည်းဆိုရသော် ဤမြင်ကွင်းက သူ၏အမြင်တွင်

ပိုးကောင်များစုပေါင်းပြီး

တိုက်ခိုက်နေသည့် ဆင်တစ်ကောင်နှင့် သာတူသည်။

၎င်းတို့၏ သေဆုံးခြင်း ကံကြမ္မာက

ဆင်တစ်ကောင်အတွက် အဓိပ္ပါယ်ရှိနိုင်ပါသလား။

ဥပေက္ခာပြုလစ်လျူရှုထားခြင်း။

မှန်ပေသည်။ အန်နန်ကျင်းက

သူမ၏ဘဝခရီးအပါအဝင် အရာအားလုံးကို

လျစ်လျူရှုထားခဲ့ခြင်းဖြစ်သည်။

လူသားကျွမ်းကျင်သူများက ၎င်းတို့၏

စွမ်းအင်အခြေခံအုတ်မြစ်ကို

အကန့်အသတ်ထိမြှင့်တင်ကာ

ပေါက်ကွဲလုနီးနီးချိန်တွင်အဆင့်(၅)ထပ်မြောက်ရှိ

အပြာရောင်အတားအဆီးအလွှာက ရုတ်တရက် ပွင့်သွားပြီး ယန်ယဲ့၏ခန္ဓာကိုယ်ကလည်း ပြင်းထန်စွာ ပစ်လွင့်လာခဲ့လေသည်။

ယန်ယဲ့၏အရှိန်က အလွန်လျင်မြန်သည်။သူက ရှီလော့၏ရှေ့တွင် အလင်းတန်းတစ်ခုအသွင်ဖြင့် ချက်ချင်းရောက်လာကာ ရှီလော့၏ဝမ်းဗိုက်ပေါ် လက်တစ်ဖက်ဖြင့်ဖိချလိုက်ပါသည်။

တစ်ချိန်တည်းတွင်
ခရမ်းရောင်စွမ်းအင်ကြိုးတစ်ချောင်းက
ရှီလော့၏ခန္ဓာကိုယ်ထဲသို့ဝင်ရောက်သွားကာ အထဲမှ

ပြင်းထန်စွာရှုန်းကြွလာသော

ဆန်းကြယ်ချီစွမ်းအင်ကိုဖိနှိပ်ခဲ့သည်။

ယန်ယဲ့သည် ရှီလော့ကို ရပ်တန့်ပြီးနောက်ကျန်

လူသားကျွမ်းကျင်သူများကို ကယ်တင်ရန်

ကြိုးစားလိုက်သည်။

သို့သော်လည်း အချိန်က နောက်ကျသွားပြီဖြစ်သည်။

၎င်းတို့၏ ခန္ဓာကိုယ်ထဲရှိ

ဆန်းကြယ်ချီစွမ်းအင်များက

ပြင်းထန်စွာပေါက်ကွဲထွက်လာကာအနားကိုပင်ကပ်

မရနိုင်တော့ပေ။

ထိုအချိန်တွင် လူသားကျွမ်းကျင်သူ အယောက် ၂၀ ကျော်က

မျိုးနွယ်ခြားသုံးခု၏အဖွဲ့ဝင်များထံသို့တရကြမ်း ပြေးဝင်သွားကြသည်။

တစ်ချိန်တည်းမှာပင်

လူတိုင်းထံမှနှုတ်ဆက်စကားသံများထွက်ပေါ်လာခဲ့၏။

“စီနီယာအစ်ကို ယန်၊ ငါ့အတွက် လက်စားချေပါ! ငါအရင်သွားလိုက်မယ်! ဟားဟား!

နတ်ဆိုးမျိုးနွယ်ထဲက လူယုတ်မာတွေ အားလုံး အတူတူသေလိုက်ရအောင်!!"

“စီနီယာအစ်ကို ယန်၊ အနာဂတ်မှာ မင်းက တောင်ပိုင်းနယ်မြေကို ပြန်တဲ့အခါ ငါ့မျိုးနွယ်ကို ကျေးဇူးပြုပြီး ဂရုစိုက်ပေးပါ။ ငါကအင်ပါယာမြို့တော်၊ လဲ့ကလန်ရဲ့ လူငယ်သခင်ပါ။ အရာအားလုံးအတွက် အစ်ကိုယန်ကို ကျေးဇူးတင်ပါတယ်..."

"ယန်ယဲ့! ငါ မူလကျောင်းတော်က ဆိုပေမယ့် မင်းက တောင်ပိုင်းနယ်မြေကို ကိုယ်စားပြုပြီး

ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်ရဲ့

နံပါတ် (၁) နေရာကို သိမ်းပိုက်နိုင်မယ်လို့

မျှော်လင့်နေတုန်းပဲ။ ကံမကောင်းစွာပဲ၊

အဲဒီအခိုက်အတန့်ကို ငါ သက်သေမပြနိုင်ခဲ့ဘူး....”

"ငါ မသေချင်ဘူး!! ဒါပေမယ့် ငါ ဘာမှမတတ်နိုင်

တော့ဘူးလေ! အား! မင်းတို့ မျိုးနွယ်ခြားသုံးခုက

လူယုတ်မာတွေ။

အားလုံးအတူတူသေလိုက်ရအောင်!!"

"သေ!! အတူတူသေရအောင်!!"

ဘန်း! ဘန်း! ဘန်း! ဘန်း!

ပေါက်ကွဲသံများ ကျယ်လောင်စွာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အဆင့် (၄)ထပ်မြောက် တစ်ခုလုံးကို သိပ်သည်းလွန်းသော ဆန်းကြယ်ချီစွမ်းအင်လှိုင်းလုံးများဖြင့် ချက်ချင်း ဖုံးလွှမ်းသွားခဲ့သည်။

သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူ (၂၀) ကျော်၏ ကိုယ့်ကိုယ်ကို ဖောက်ခွဲမှုစွမ်းအားက ဝိညာဉ်နယ်ပယ်အလွှာအဆင့်အထွတ်အထိပ်ကျွမ်းကျင်သူပင် အထင်မသေးဝံ့သောအရာဖြစ်သည်။

ဤအချိန်တွင် ရှိနေသော မျိုးနွယ်ခြားသုံးခု၏

အဖွဲ့ဝင်များက

ဝိညာဉ်နယ်ပယ်အလွှာအဆင့်များမဟုတ်ချေ။

အုပ်စုရှေ့တွင်ရပ်နေသော မျိုးနွယ်ခြားသုံးခုမှ

အဖွဲ့ဝင် (၃၀) ကျော်က ချက်ချင်း

သေဆုံးသွားခဲ့ပါသည်။

အခြားတစ်ဖက်တွင်မူ ကျန်လူများကတော့ မီတာ

၁၀၀ ကျော်အကွာထိ ချက်ချင်း

လွင့်ပျံထွက်သွားကြသည်။

တစ်ချိန်တည်းတွင်

ပတ်ဝန်းကျင်ဧရိယာတစ်ခုလုံးက

ကြောက်မက်ဖွယ်ရာအငွေ့အသက်များ

လွှမ်းခြုံနေကာအပျက်အစီးများစုပုံနေ၏။

ယန်ယွဲ့သည်

မျက်လုံးများကိုဖြည်းညှင်းစွာမှိတ်ထားရင်း

လက်သီးကို တင်းတင်းကြပ်ကြပ်ဆုပ်လိုက်ကာရင်း

သူ့ခန္ဓာကိုယ်က ရုတ်တရက် တုန်လှုပ်စပြုလာသည်။

သူ၏ခန္ဓာကိုယ်ထဲမှ

တဟုန်ထိုးပေါက်ကွဲထွက်လာသော

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကိုအတင်းအကြပ်ဖိနှိပ်နေသော်ငြားထိန်းချုပ်မရပေ။

"သတ်ဖြတ်တာက မှားနေလို့လား? ဒီလိုလုပ်ဖို့ ငါယန်ယဲ့မှာ အကြောင်းပြချက်ရှိရမှာလား? ဒါပေမယ့် လူတွေက သူတို့ကိုသတ်တာ မှားသလား။ မရေမတွက်နိုင်သော လူသားကျွမ်းကျင်သူတွေကို သတ်ဖြတ်ခဲ့လို့များလား? ဒါက ဘယ်လိုလုပ်ပြီးမှားတယ်လို့ဆိုနိုင်မှာလဲ?"

သို့သော်၊

ယန်ယဲ့သည် လူသားမျိုးနွယ် နှင့် မျိုးနွယ်ခြားသုံးခုကြားမှ မဟာရန်ပြိုင်းတွင်

မည်သူကမှန်သည် မှားသည်ကို

နားလည်သဘောပေါက်ခြင်းမရှိသလို ၎င်းကိုလည်း

ဂရုမစိုက်ပေ။

သူသိနေသောအရာမှာ ယခုအချိန်တွင်

အစုလိုက်အပြုံလိုက်သတ်ဖြတ်ချင်နေခြင်းပါ။

"မင်းတို့အားလုံး ဒီနေရာနဲ့ မသင့်တော်ဖို့

ရွေးချယ်ခဲ့တာဆိုတော့ ဒီနေ့ ငါယန်ယွဲ့

စိတ်ကျေနပ်တဲ့အထိ သတ်ပစ်လိုက်မယ်!"

ယန်ယွဲ့သည် လက်ကို ဆန့်ထုတ်လိုက်ရာ

နဂါးအရိုးဓားက သူ့လက်ဝါးပေါ်တွင်ပေါ်လာ၏။

ထို့နောက် ညာခြေကို မြေပြင်ပေါ် ရုတ်တရက်
နင်းကာ သူ့ရှေ့မှ မျိုးနွယ်ခြားအဖွဲ့ဝင်များထံသို့
တရကြမ်းပြေးဝင်သွားလေတော့သည်။

တစ်ချိန်တည်းတွင် ဓားချိုကြိုးတစ်ချောင်းက
လေထုကိုဖောက်ထွက်သွားကာ မျိုးနွယ်ခြားအဖွဲ့ဝင်
(၁၀) ဦးကျော်၏
ခေါင်းများကလေထဲတွင်လွင့်ပျံသွားလေသည်။

လက်ရှိ ယန်ယွဲ့၏ခွန်အားက
သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူနှင့်
မသက်ဆိုင်ကြောင်းပြသနေသောကြောင့်

လူသားကျွမ်းကျင်သူများက အလွန်အမင်း
စိတ်လှုပ်ရှားသွားခဲ့ကြသည်။

တစ်နည်းဆိုရသော် ယန်ယဲ့က
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူတစ်ဦးဖြ
စ်နေခဲ့ပြီဖြစ်သည်။

“သတ်!” ကျန်လူသားကျွမ်းကျင်သူများသည်လည်း
ယန်ယဲ့၏ ခွန်အားကိုမြင်တွေ့ပြီးနောက်
ရောမသားရဲကြီးများကဲ့သို့ဟိန်းဟောက်ကာ
မျိုးနွယ်ခြားအဖွဲ့ဝင်များထံသို့
ဒေါသတကြီးပြေးဝင်သွားလိုက်ကြသည်။

တစ်ချိန်တည်းတွင်၊ အစောပိုင်းက အဆင့်(၃)ထပ်မြောက်သို့ထွက်ခွာသွားသော မျိုးနွယ်ခြားသုံးခု၏အဖွဲ့ဝင်များက အဆင့်(၄)ထပ်မြောက်သို့ရုတ်တရက် ပြန်တက်လာခဲ့သည်။

ပတ်ဝန်းကျင်ကို ဖုံးလွှမ်းနေသော အရှုပ်အထွေးများကို တွေ့လိုက်ရသောအခါ အားလုံး အံ့သြတုန်လှုပ်သွားကြလေသည်။

ခဏအကြာတွင် သတိပြန်ဝင်လာသည်နှင့်တစ်ပြိုင်နက်

ယန်ယဲ့ဦးဆောင်သောလူသားကျွမ်းကျင်သူများကို ပြင်းထန်စွာတိုက်ခိုက်လာကြသည်။

မျိုးနွယ်ခြားသုံးခုမှအဖွဲ့ဝင်များပြန်တက်လာသောအခါ လူသားကျွမ်းကျင်သူများ၏ အခြေအနေက ချက်ချင်းပင် ဆိုးရွားလာခဲ့သည်။

ဤအခိုက်အတန့်တွင် အနက်ရောင်အရိပ် (၁၀၀) နီးပါး ရုတ်ချည်းပေါ်လာကာ မျိုးနွယ်ခြားသုံးခုမှ အဖွဲ့ဝင်ဒါဇင်ကျော်ခန့်ခေါင်းများလေထဲသို့ပျံတက်သွားကြသည်။

မျိုးနွယ်စုကြီးများကြားမှ သေခြင်း၊ရှင်ခြင်း အဆုံးအဖြတ်တိုက်ပွဲကြီးက နောက်ဆုံးတွင် စတင်ခဲ့ပြီဖြစ်သည်။

လူသားကျွမ်းကျင်သူများတွင်တော့ သူတို့ပိုင်ဆိုင်ထားသော အရေအတွက်အားသာချက်ကယခုအချိန်တွင် ပျောက်ကွယ်သွားပါပြီ။

ထို့အပြင် မျိုးနွယ်ခြားသုံးခုမှ အဖွဲ့ဝင်များသည်လည်း ထင်သလောက် အားကောင်းနေခြင်းမရှိခဲ့ပေ။

သို့သော် ကံကောင်းထောက်မစွာ

လူသားမျိုးနွယ်ဖက်တွင် ယန်ယဲ့၏

လုပ်ကြံသတ်ဖြတ်သူအုပ်စုက ကူညီပေးနေသည်။

ဤကဲ့သို့မဟုတ်ပါက

အဆင့်(၄)ထပ်မြောက်မှလူသားကျွမ်းကျင်သူအား

လုံး ပျက်စီးသွားရပေမည်။

မျိုးနွယ်ခြားအဖွဲ့ဝင်များမှ

မည်သည့်ကျွမ်းကျင်သူတစ်ယောက်မျှ

ယန်ယဲ့၏ဓားတစ်ချက်တည်းကိုပင်မတားဆီးနိုင်ခဲ့

ပေ။

ယန်ယဲ့၏ဓားတစ်ချက်ယမ်းလိုက်တိုင်း
မျိုးနွယ်ခြားအဖွဲ့ဝင်အနည်းငယ်ခန့်သေဆုံးသွားရသ
ည်။

ဤအချိန်တွင် ယန်ယဲ့သည်
သေခြင်းနတ်ဘုရားကဲ့သို့ပင်။
သူ့ရှေ့တွင်မြင်မြင်သမျှမျိုးနွယ်ခြားအဖွဲ့ဝင်များကို
သတ်ပစ်လိုက်၏။

ထို့အပြင် ရုတ်တရက် သူ့ခန္ဓာကိုယ်အတွင်းမှ
တစ္ဆေသွေးဝိညာဥ်ပုလဲက ဖြည်းညှင်းစွာ
ထွက်လာပြီး ပတ်ဝန်းကျင်ရှိ
အလောင်းများမှသွေးအဆီအနှစ်နှင့်ယင်ချီများကို
ရှုံးသွပ်စွာ စုပ်ယူသွားတော့သည်။

ဆူး!

ယန်ယဲ့က ငရဲတစ္ဆေမျိုးနွယ်ဝင်တစ်ဦးကို

ဓားတစ်ချက်တည်းဖြင့် သတ်ပစ်ပြီး

အနက်ရောင်သံကြိုးတစ်ချောင်းက

သူ့လည်ပင်းအားရစ်ပတ်လာသည်ကိုသတိပြုမိလို

က်လေသည်။

ယန်ယဲ့က အနက်ရောင်သံကြိုးကိုကြည့်နေရင်း

မျက်လုံးထဲ၌ ရက်စက်ကြမ်းကြုတ်သော

အမှုအရာတစ်ခု တောက်ပလာသည်။ ထို့နောက်
နဂါးအရိုးဓားကို ကန့်လန့်ဖြတ်ပိုင်းချလိုက်သည်။

ထန်း!

သူ့ရှေ့တည့်တည့်တွင်
ဟွင်းယု၏ပုံရိပ်ထွက်ပေါ်လာပြီး
အနက်ရောင်သံကြိုးကိုပြန်သိမ်းယူသွားလေသည်။

တစ်ချိန်တည်းတွင် နှစ်ယောက်သား
ခဏတာအကြည့်ချင်းဖလှယ်ပြီး
တရကြမ်းတိုက်ခိုက်လိုက်ကြတော့သည်။

ယန်ယဲ့က နဂါးအရိုးဓားကို

ရှေ့သို့ပိုင်းချလိုက်ပါသည်။

အဖြူရောင်မီးတောက်ငယ်တစ်ခုက ရုတ်တရက်

ထွက်လာပြီး နဂါးအရိုးဓားနှင့်ပေါင်းစပ်ကာ

ဟွင်းယုဆီသို့မီးတောက်အမျှင်တန်းတစ်ခုအသွင်ဖြ

င့် တိုးဝင်သွားခဲ့သည်။

ဟွင်းယုက အေးစက်စွာ အော်လိုက်သည်။

သူ့လက်ထဲမှ အနက်ရောင်သံကြိုးကို

လက်ဝါးတွင်လျင်မြန်စွာ ရစ်ပတ်လိုက်ကာ

နဂါးအရိုးဓားပေါ်သို့ ရိုက်ချလေသည်။

ကလန်!

နဂါးအရိုးဓားက လေထဲသို့

နောက်ပြန်လွင့်ထွက်သွား၏။

ထိုမြင်ကွင်းကိုကြည့်ကာ ဟွင်းယု၏

ပါးစပ်ထောင့်တွင်

လှောင်ပြောင်လိုသောအမူအရာတစ်ခု

ထွက်ပေါ်လာသည်။

သို့သော်လည်း၊

ယခုအချိန်တွင် ယန်ယွဲ့သည် သူ၏အမြင်အာရုံမှ

ပျောက်ကွယ်သွားသောကြောင့်

ဟွင်းယု၏အမူအရာက

ရုတ်ခြည်းပြောင်းလဲသွားခဲ့ပါသည်။

ခရက်....

တစ်ချိန်တည်းတွင် သူ့နောက်မှ ကွဲအက်နေသော

လေတိုးသံများ ရုတ်ချည်း

ထွက်ပေါ်လာသည်ကိုကြားလိုက်ရာ

ဟွင်းယု၏ပုံရိပ်ကခပ်ဝေးဝေးသို့ခုန်ထွက်သွားသည်

။

တစ်ဆက်တည်း ဟွင်းယုက သူ့ပုခုံးကနေ

ပြင်းထန်သော နာကျင်မှုကို ဆစ်ခနဲခံစားလိုက်ရ၏။

သူက ထိတ်လန့်သွားပြီးပြန်လှည့်ကြည့်သောအခါ

ဧရာမနဂါးလက်သည်းတစ်စုံက

သူ့ပုခုံးနှစ်ဖက်သို့စိုက်ဝင်နေသည်ကိုတွေ့လိုက်ရလေ

တော့သည်။

ဟွင်းယု၏ မျက်လုံးများက

ထိတ်လန့်ဟန်များချက်ချင်းပေါ်လာပြီး

သူ၏ခန္ဓာကိုယ်ထဲမှ သိပ်သည်းသော

အနက်ရောင်စွမ်းအင်များကိုထုတ်ဖော်လိုက်သည်။

သို့သော်လည်း အနက်ရောင်စွမ်းအင်က ယန်ယဲ့၏
လက်နှစ်ဖက်ကိုလောင်ကျွမ်းနိုင်ခြင်းမရှိပေ။

ယန်ယဲ့က အေးစက်စက်ရယ်မောကာ
ဟွင်းယု၏ပုခုံးနှစ်ကို အားနှင့်ဆွဲဖြဲလိုက်လေသည်။

ဆူး! ဆူး!

ဟွင်းယု၏ လက်နှစ်ဖက်က သူ့ပုခုံးနှစ်ဖက်ကနေ
အတင်းဆွဲဖြဲခံရခြင်းကြောင့်
အနက်ရောင်စွမ်းအင်များ ဖျန်းခနဲထွက်လာသည်။

"အား!!"

အလွန်သနားစရာကောင်းပြီး
နာကျင်စွာအော်ဟစ်သံက ပတ်ဝန်းကျင်ကို
ပွဲတင်ထပ်ကာ လူတိုင်း၏အာရုံကို
ဆွဲဆောင်သွားလေသည်။

ဟွင်းယု၏အမူအရာသည် ချက်ချင်းပင်
တုန်လှုပ်သွားသည်။

သို့သော် ထိုအချိန်တွင် နဂါးလက်သည်းများက
သူ၏ရင်ဘတ်ကို ရုတ်တရက်
ထိုးဖောက်သွားပြီးနောက် ဟွင်းယု၏
မျက်လုံးများက တုန်လှုပ်ချောက်ချားသွားကာ
ပြူးကျယ်ထွက်သွားသည်။

၎င်းက အဆုံးသတ်မဟုတ်ချေ။

အဖြူရောင်မီးတောက်က

ဟွင်းယု၏ခန္ဓာကိုယ်တစ်ခုလုံးကိုဖုံးလွှမ်းသွားကာ

ဖြိုးဖြိုးဖြစ်ဖြစ်မြည်သံများထွက်ပေါ်လာပြီး.

နေရာတွင်ပင် လုံးဝပျောက်ကွယ်သွားသည် ။

ရှူး.....။

ပတ်ဝန်းကျင်ရှိလူတိုင်း

တုန်လှုပ်ခြောက်ခြားသွားကြပါသည်။

ဝိညာဉ်နယ်ပယ်အလွှာအဆင့် သို့ တက်လှမ်းခဲ့သော

ဟွင်းယုက

ဤကဲ့သို့အချိန်ခဏလေးအတွင်းအသတ်ခံလိုက်ရသည်လား? ဤယန်ယဲ့က ဟွင်းယုကို မည်ကဲ့သို့သတ်ပစ်လိုက်ပါသနည်း?

ဤအချိန်တွင် တစ္ဆေသွေးဝိညာဉ်ပုလဲက ရုတ်တရက် သွေးနီရောင်အလင်းတန်းအဖြစ် ပြောင်းလဲကာ ယန်ယဲ့သွား၏နဖူးအလယ်သို့ ဝင်ရောက်သွားသည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့၏မျက်လုံးများက တစ္ဆေသွေးဝိညာဉ်ပုလဲအတွင်းမှ သွေးပင်လယ်ကဲ့သို့ နီရဲလာခဲ့လေသည်...။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၉၁ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၉၁)] – ရိုးရှင်းသောဓားတစ်ချက်

တစ္ဆေသွေးဝိညာဉ်ပုလဲကနဖူးအလယ်ဗဟိုသို့

ဝင်ရောက်လာသောအခါတွင် ယန်ယဲ့၏ခန္ဓာကိုယ်က

အေးခဲသွားပြီး သူ့ထံမှ သိပ်သည်းသော

စွမ်းအင်များ ရုတ်တရက် ထွက်လာသည်။

ဤစွမ်းအင်က အလွန်ပြင်းထန်ပြီး

ရက်စက်ကြမ်းကြုတ်သော

သွေးညှီနံ့များကိုပျံ့လွင့်စေသည်။

မျိုးနွယ်ခြားအဖွဲ့ဝင်များက ဤမြင်ကွင်းကို

မြင်တွေ့ရသောအခါ အလွန် ဝမ်းသာသွားကြသည်။

၎င်းတို့က ယန်ယွဲ၏အခြေအနေကို

တိတိကျကျမသိသော်ငြား ဤအချိန်က

ယန်ယဲ့ကို သတ်ရန်

အကောင်းဆုံးအခွင့်အရေးဖြစ်သည်မှာ

သံသယဖြစ်စရာမလိုပေ။

နတ်ဆိုးမျိုးနွယ်ဝင် (၃၀) ကျော်က ယန်ယဲ့ဆီသို့

တဟုန်ထိုး ပြေးဝင်လာလေတော့သည်။

ကျန်းလှဲ့၊ ရဲယွန် နှင့် ရှီလော့တို့လည်း

ရုတ်တရက်ကြီး ပြောင်းလဲသွားသော

ယန်ယဲ့၏ပုံစံကြောင့် ထိတ်လန့်သွားကြသည်။

မိုခေးက အပြင်းအထန်ဒဏ်ရာကနေသည့်တိုင်

သူတို့သုံးယောက်က အနိုင်ယူနိုင်ခြင်းမရှိပေ။

ထို့ကြောင့်

နတ်ဆိုးမျိုးနွယ်ဝင်များကယန်ယွဲ့အားတိုက်ခိုက်လာသည်ကိုမြင်လိုက်ရာ

၎င်းတို့၏မျက်နှာက ချက်ချင်းပင်

စိုးရိမ်ပူပန်မှုများနှင့် ပြည့်နှက်သွားသည်။

ယန်ယွဲ့သည် လူသားကျွမ်းကျင်သူအားလုံး၏

မဏ္ဍိုင်ဖြစ်သောကြောင့်၊

ကျန်လူများသေဆုံးနိုင်သော်ငြား

ယန်ယွဲ့ကသေဆုံး၍မရပေ။

ရုတ်တရက် သူတို့ သုံးယောက်ထဲက တစ်ယောက်က ယန်ယဲ့ကို ကူညီရန်ပြင်လိုချိန်တွင် အနက်ရောင်အရိပ် ၂၀ ကျော်က ယန်ယဲ့၏ ပတ်ပတ်လည်တွင် ရုတ်တရက် ပေါ်လာပြီး အလယ်ဗဟိုတွင် ဝိုင်းဖွဲ့ကာထားလိုက်ကြသည်။

ဤမြင်ကွင်းကို မြင်လိုက်ရသောအခါမှသာ သုံးယောက်သား စိတ်သက်သာရာရစွာဖြင့် သက်ပြင်းချလိုက်နိုင်သည်။

ယန်ယဲ့၏ ပတ်ပတ်လည်တွင် အနက်ရောင်အရိပ်များ ပေါ်လာသည်ကို

မြင်လိုက်ရသောအခါ နတ်ဆိုးမျိုးနွယ်ဝင်များက အံ့အားသင့်သွားကြသည်။

သို့သော်လည်း ဤအချိန်တွင် နှစ်ဖက်စလုံးက ချက်ချင်း တိုက်ခိုက်ရန်ကလွဲ၍မည်သည့်စကားမျှ ပြောနေစရာမလိုတော့ပေ။

တစ္ဆေသွေးဝိညာဉ်ပုလဲက သူ၏နဖူးအလယ်ဗဟိုသို့ ဝင်ရောက်လာချိန်တွင် ယန်ယဲ့၏ မျက်စိရှေ့မှ မြင်ကွင်းက ရုတ်ချည်း ပြောင်းလဲသွားသည်။

ဤအချိန်တွင် သူက အကန့်အသတ်မဲ့သော စွမ်းအင်၊ အရိုးစုများနှင့် နာကြည်းမှုများဖြင့် ဖုံးလွှမ်းနေသော သွေးရင်ပြင်ကျယ်၏ ထောင့်တစ်ခုတွင် ရှိနေသည်။

ထို့ပြင် မရေမတွက်နိုင်သော ကျိန်ဆဲသံများ၊ အမျက်ဒေါသ
အငွေ့အသက်များကပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံသွားသည်။

ဤအချိန်လေထုသည် နီရဲပြီး သွေးရောင်လေထုသဖွယ်ဖြစ်နေ၏။

ယန်ယွဲ့သည် သွေးရင်ပြင်ကျယ်ရှေ့တွင်ရပ်နေကာ သူ့ရှေ့မှ အရာအားလုံးကို စူးစိုက်ကြည့်နေစဉ် သူ၏မျက်လုံးများက သွေးပင်လယ်တစ်ခုလိုဖြစ်နေသည်။

တစ်ချိန်တည်းမှာပင် သူ၏ခန္ဓာကိုယ်မှ သတ်ဖြတ်ခြင်းစားစိတ်ဆန္ဒများ အဆက်မပြတ်ပေါက်ကွဲလာကာ ပတ်ဝန်းကျင်ဆီသို့ ပျံ့လွင့်သွားလေသည်။

"အား!" ဤအခိုက်အတန့်တွင် သွေးရင်ပြင်ကျယ်မှ အမျက်ဒေါသများနှင့်ပြည့်နှက်နေသော ဝိညာဉ်များက စူးစူးဝါးဝါးကျယ်လောင်စွာ

အော်ဟာစ်သံများကို ရုတ်တရက် ထုတ်လွှတ်လိုက်ပြီး ယန်ယွဲ့ဆီသို့ ရူးသွပ်စွာ ပြေးဝင်လာကြသည်။

တစ်ဆက်တည်း ပတ်ဝန်းကျင်ရှိ လေထုကို ဖုံးလွှမ်းနေသော သွေးချီအရှိန်အဝါက ယန်ယွဲ့၏ ခန္ဓာကိုယ်ထဲသို့ တိုးဝင်လာခဲ့သည်။

သိပ်မကြာခင်မှာဘဲ၊ ယန်ယွဲ့၏စိတ်ဝိညာဉ်ထဲ၌ မြင်ကွင်းများစွာ ပေါ်လာတော့သည်။

၎င်းက မည်ကဲ့သို့ မြင်ကွင်းမျိုးဖြစ်ပါသနည်း? မြင်ကွင်းများကား နတ်ဆိုးမျိုးနွယ်ဝင်တို့၏ သေဆုံးမှုမြင်ကွင်းများဖြစ်သည်။ ၎င်းတို့ထဲမှ အချို့မှာ

အလွန်သနားစရာကောင်းလောက်သောပုံစံဖြင့်

ဆိုးဆိုးရွားရွား သေဆုံးသွားခဲ့ကြသည်...။

ယန်ယဲ့၏ စိတ်ဝိညာဉ်ထဲတွင်

ရက်စက်ကြမ်းကြုတ်သော မြင်ကွင်းများစွာ

ထွက်ပေါ်လာပြီးနောက် သူ့မျက်လုံးများတွင်

နီရဲနေသော သွေးရောင်များက တဖြည်းဖြည်း

အပြည့်ဖုံးလွှမ်းခဲ့လေသည်။

နောက်ဆုံးတော့ သူ၏မျက်လုံးအစုံးကနေ

သွေးမျက်ရည်များအဆက်မပြတ်စီးကျလာတော့သ

ည်။

"နင့်ရဲ့ တာအိုနှလုံးသားကိုကာကွယ်ပါ။ သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို နင့်ခန္ဓာကိုယ်ကို ထိန်းချုပ်ခွင့်မပြုနဲ့!" ရုတ်တရက် ရှေးဟောင်းဓားဝိညာဉ်၏ အသံက ယန်ယွဲ့၏ စိတ်အာရုံအသိကို ရုတ်ချည်းတုန်ခါသွားစေသည်။

ဤစကားကိုကြားသောအခါမှသာ ယန်ယွဲ့ကအလွန် ထိတ်လန့်သွားပြီးနောက်တွင် ညဏ်အလင်းရဓားနှလုံးသားကို ထုတ်ဖော်ကာ အလျင်အမြန် ကာကွယ်လိုက်သည်။

သူသည် ဉာဏ်အလင်းရခဲ့ပြီးနှလုံးသားကို

ပိုင်ဆိုင်ထားသောကြောင့်

သတ်ဖြတ်ခြင်းစားစိတ်ဆန္ဒကို

ကောင်းစွာထိန်းချုပ်ထားနိုင်သည်။

အစောပိုင်းက သတိလွတ်လုနီးပါးဖြစ်သွားရခြင်းမှာ

သူက

တစ္ဆေသွေးဝိညာဉ်ပုလဲကိုသတိမထားမိလိုက်ခြင်း

ကြောင့်ပါ။

ခဏအကြာတွင်၊ ယန်ယဲ့၏ ခန္ဓာကိုယ်ထဲမှ

သတ်ဖြတ်ခြင်းစွမ်းအင်က တဖြည်းဖြည်း

လျော့ကျလာပြီး သူ့မျက်လုံးများလည်း

တဖြည်းဖြည်း ကြည်လင်လာကာ
နီရဲခြင်းမရှိတော့ပေ။

အချိန်အနည်းငယ်ကြာပြီးနောက် ယန်ယဲ့၏
မျက်လုံးများက စိတ်ထဲတွင် တောက်လောင်နေသော
သေခြင်းတရားများကို စူးစိုက်ကြည့်ရင်း
ငြိမ်သက်သွားခဲ့သည်။ တစ်ချိန်တည်းတွင်
သူ၏နှလုံးသားထဲ၌ နားလည်မှုတစ်ခုရလာခဲ့သည်။

"ဘဝဆိုတာဘာလဲ? သေခြင်းဟူသည်
အဘယ်နည်း?"

လူတိုင်းတွင် မတူညီသော

သဘောတရားနားလည်မှုတစ်ခုစီရှိထားကြသည်။

သို့သော် ထိုအပေါ်တွင်

ယန်ယဲ့နားလည်သဘောပေါက်မှုက

အလွန်ရိုးရှင်းပါသည်။ ဤအရာမှာ

"ငါနဲ့အတူရှိနေတဲ့သူတွေလည်း သေရမှာ၊

ငါ့ကိုရန်စတဲ့သူတွေလည်း သေရမယ်။"

ယန်ယဲ့၏စိတ်ထဲ ဤအချက်ကို

တွေးမိလိုက်သောအခါ ရုတ်တရက်

အလင်းရောင်တစ်ချက် လက်ခနဲ

တောက်ပသွားသလို ခံစားလိုက်ရသည်။

"ဓားက ဘာအတွက်လဲ? တာအို ဆိုတာက၊ ဓားတာအိုက ဘယ်လိုမျိုးလဲ? တကယ်တော့ သိပ်ပြီး မရှုပ်ထွေးပါဘူး။ ဓားကို လူသတ်ဖို့အတွက် အသုံးပြုတာလေ။ ဓားတာအိုဆိုတာက ဓားကို ပိုပြီးထက်မြက်လာအောင်အသုံးချတဲ့ ဓားသွေးကျောက်တုံးနဲ့တူတယ်။

ပြီးရင် များများသတ်ရင် ပိုကောင်းမယ်။ဟုတ်တယ်၊ အရာအားလုံးက ဒီလောက်ရှုပ်ထွေးတာ ဒါမှမဟုတ် လေးနက်တာမဟုတ်ဘူး။

ဉာဏ်အလင်းဓားနှလုံးသား၊ ဓားစိတ်ဆန္ဒ
ဒါမှမဟုတ် သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ ပဲဖြစ်ဖြစ်
အရာအားလုံးက ဒီလောက်မရှုပ်ထွေးပါဘူး။
ဘာကြောင့်လဲဆိုတော့ အားလုံးရဲ့အောက်ခြေအစ
ရည်ရွယ်ချက်က အားလုံးကို သတ်ဖို့သက်သက်ပဲ
အသုံးချခဲ့လို့။ တကယ်ဆိုရင်
အရာအားလုံးကရိုးရှင်းပါတယ်။ "

အချိန်အနည်းငယ်ကြာပြီးနောက်တွင် ယန်ယွဲ့သည်
သူ၏ မျက်လုံးများကို
ဖြည်းညှင်းစွာဖွင့်လိုက်သည်နှင့် သူ့မျက်လုံးများက
အလွန်ကြည်လင်သွားသည်။

ဤအချိန်တွင်

တစ္ဆေသွေးဝိညာဥ်ပုလဲကသူ၏နဖူးအလယ်မှ

ဖြည်းညှင်းစွာ လွင့်ထွက်သွားပြီး သူ့ရှေ့တွင်

လွင့်ပျံနေခဲ့သည်။

ယန်ယဲ့က သူ့ရှေ့တွင် လွင့်မျောနေသော

တစ္ဆေသွေးဝိညာဥ်ပုလဲကို ကြည့်ရင်း

ခေါင်းယမ်းလိုက်ပါသည်။

တစ္ဆေသွေးဝိညာဥ်ပုလဲက

တာအိုတစ်ပိုင်းအဆင့်ရတနာလက်နက်တစ်ခုဖြစ်သ

ည်။၎င်းကရတနာလက်နက်၏ကိုယ်ပိုင်အသိစိတ်ဝိ

ဉာဥ်ကို

အလိုအလျောက်ပိုင်ဆိုင်ထား၏။လက်နက်ဝိဉာဉ်

က အချိန်အတိုင်းအတာအိပ်စက်သွားရခြင်းမှာ

လုံလောက်သော သွေးနှင့် သတ်ဖြတ်ခြင်းများ

မရှိလို့ပါ။

ထို့ကြောင့် တစ္ဆေသွေးဝိဉာဥ်ပုလဲ၏ စိတ်ဝိဉာဥ်က

အချိန်တော်တော်ကြာသည်ထိအိပ်စက်နေခဲ့ပြီး

ယန်ယွဲ့ကိုယ်တိုင်သတိမပြုမိခဲ့သည့်တိုင်အောင်ပါ။

ဤတစ်ကြိမ်တွင်၊ ၎င်းသည်

ပုန်းကွယ်နေသောနဂါးစေတီထဲရှိ

ရောမသေွးချောင်းစီးသတ်ဖြတ်ပွဲမှ

သွေးအဆီအနှစ်နှင့်ယင်ချီစွမ်းအင်များကိုစုပ်ယူ

သွားပြီး ၎င်း၏ပိုင်ရှင်ကို ချုပ်ကိုင်ရန်

ကြိုးစားခဲ့သည်။

ကံမကောင်းစွာဖြင့် ၎င်းက မအောင်မြင်ခဲ့ဘဲ၊

ယန်ယွဲ၏

ဓားတာအိုအပေါ်နားလည်သဘောပေါက်မှုကို

ပို၍ပင် နက်နက်ရှိုင်းရှိုင်းနားလည်စေခဲ့သည်။

သို့မဟုတ်ပေ၊ တစ်နည်းဆိုရသော် ယန်ယွဲက

သူ၏ ကိုယ်ပိုင် ဓားတာအို ကို

နားလည်သွားပြီဟုဆိုရပေမည်။

သူ၏ ဓားတာအို က မည်သည်နည်း? သူ၏

ဓားတာအိုက ရိုးရှင်းသောဓားတစ်ချက်သာ!

အတိုချုပ်ပြောရလျှင် ဤအခြေအနေကနေ

သူရရှိခဲ့သော အကျိုးကျေးဇူးများက

နှိုင်းယှဥ်မရလောက်အောင်ကို ကြီးမားပါသည်။

ထို့အပြင်၊ ၎င်းက ယန်ယွဲ့အနေဖြင့်

ဉာဏ်အလင်းရဓားနှလုံးသား ၏

စစ်မှန်သောအဓိပ္ပါယ်ကို နားလည်နိုင်စေခဲ့သည်။

ဉာဏ်အလင်းရဓားနှလုံးသားက

တိုက်ခိုက်ရေးနည်းစနစ်များကို

ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းရှိရုံသာမကပေ။

ဉာဏ်အလင်းရဓားနှလုံးသားက

ဓားကျင့်ကြံမှုနယ်ပယ်တစ်ခုလည်းဖြစ်သည်။

၎င်းသည် လူတစ်ဦးအား နည်းစနစ်အားလုံး၏

အနှစ်သာရကို ချက်ချင်း ရှင်းလင်းစွာ

သိမြင်နိုင်စေသည့် နယ်ပယ်တစ်ခုဖြစ်သည်။

ယန်ယွဲ့က ခေါင်းယမ်းကာ

ရယ်မောလိုက်၏။အကယ်၍ သူသာ

ဤသဘောတရားကို အစောပိုင်းနည်းကက

နားလည်ခဲ့လျှင် အဆင့်(၅)ထပ်မြောက်၌

အန်နန်ကျင်းနှင့်တိုက်ပွဲတွင်သေချာပေါက်အရေးနိမ့်

မည်မဟုတ်ချေ။

အဘယ်ကြောင့်ဆိုသော်၊

လက်ရှိ သူနားလည်သွားခဲ့သော အစစ်အမှန်

ဉာဏ်အလင်းရစားနှလုံးသားနှင့်ကြည့်လိုက်ရာတွင်

အန်နန်ကျင်း၏ ခွန်အားနှင့် အရှိန်က အားနည်းချက်

(သို့) ချို့ယွင်းချက်များစွာ ရှိနေသည်ကို

သတိပြုမိခဲ့သည်။

ယန်ယှဲသည်လက်ကို ဆန့်ကာ သွေးပုလဲကို ဖမ်းကိုင်လိုက်ပြီး သူ့လက်ထဲက ပုလဲကို ကြည့်ရင်း ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည်။

ထို့နောက် ၎င်းကို ဆန်းကြယ်ရွှေချိုကန်ထဲသို့ ပြန်ထည့်ထားလိုက်၏။

၎င်းက သူ၏ သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒကို အဆင့်မြှင့်တင်ပေးနိုင်သောကြောင့် ဤတစ္ဆေသွေးဝိညာဉ်ပုလဲက သူ့အတွက် အတော်လေး အသုံးဝင်ပါသေးသည်။

မှန်ပါသည်။ ယခုလက်ရှိတွင် သူ၏
သတ်ဖြတ်ခြင်းခံစားစိတ်ဆန္ဒက အဆင့် ၇
ကိုပင်ရောက်ရှိသွားပြီဖြစ်သည်။

ဤသည်မှာ တစ္ဆေသွေးဝိညာဉ်ပုလဲအတွင်းရှိ
သွေးပင်လယ်နှင့်
သိပ်သည်းသောသတ်ဖြတ်ခြင်းစွမ်းအင်က သူ၏
သတ်ဖြတ်ခြင်းခံစားစိတ်ဆန္ဒ ကို
အဆင့်မြှင့်တင်ပေးနိုင်ခြင်း ဖြစ်သည်။

ထို့နောက် ယန်ယွဲ့က လက်ရှိကိုသတိပြန်ဝင်လာပြီး
ပတ်ဝန်းကျင်ကို စူးစိုက်ကြည့်ကာပတ်ဝန်းကျင်မှ

တိုက်ပွဲကို ပေးကြည့်ရင်း သူ့မျက်လုံးများက အေးစက်သွားခဲ့ပါသည်။

အထူးသဖြင့် အနက်ရောင်အရိပ်အချို့၏ အလောင်းများ သူ့ရှေ့တွင် လဲလျောင်းနေသည်ကို တွေ့လိုက်ရပြီးနောက် ယန်ယွဲ့၏ခန္ဓာကိုယ်မှ သိပ်သည်းသောအရှိန်အဝါများတဟုန်ထိုးပေါက်ကွဲထွက်သွားလေသည်။

သူက

အနက်ရောင်အရိပ်များ၏နာမည်ကိုမသိသော်ငြား

ဤလူများကသူ့ကိုကာကွယ်ပေးရင်းနှင့်သေဆုံးသွား ကြခြင်းပါ။

"ဟားဟား!!"

ဤအချိန်မှာပဲ မော့ဂွျန်၏ ဟိန်းဟောက်ရယ်မောသံက ရုတ်တရက် ထွက်ပေါ်လာသည်။

ယန်ယွဲ့ လည်း သူ့ မျက်လုံးများကို မော့ကြည့်လိုက်ရာ မော့ဂွျန် ၏ တစ်ဝိုက်တွင် လှုပ်ရှားနေသော

ရွှေရောင်စွမ်းအင်နဂါးကြီးသုံးကောင်ကို
တွေ့လိုက်ရသည်။

ထို့ပြင် ၎င်း၏ပတ်ဝန်းကျင်ရှိ လေထုသည်
ပြင်းထန်စွာတုန်ခါနေကာလှိုင်းတွန့်များပင်ထနေလေ
သည်။

ပြတ်သားသား ကွေ့ကောက်ကာ တုန်ခါနေကာ
ပြင်းထန်စွာ တုန်ခါနေလေသည်။

မိုခေး၊ ဟွင်းယု၊ လော့ရှဲ နှင့် ယန်ယဲ့တို့ပြီးနောက်
အခြားတစ်ဦးက ဝိညာဉ်နယ်ပယ်အလွှာအဆင့်သို့
ရောက်ရှိသွားခဲ့သည်။

ရုတ်တရက် မော့ဂျွန်၏အကြည့်သည် ယန်ယဲ့ဆီသို့ စူးစူးရဲရဲ ရောက်ရှိလာပြီးနောက် သူ့မျက်လုံးများမှတစ်ဆင့် ကြီးကျယ်ခမ်းနားသော အမူအရာတစ်ခု တောက်ပလာခဲ့သည်။ “ယန်ယဲ့၊ ငါတို့ကြားက ရန်ငြိုးကို အခုချက်ချင်း ဖြေရှင်းလိုက်ရအောင်။ အဲဒီနေ့က "သေမျိုးအင်ပါယာတံဆိပ်တော်" ကို ငါ အပြည့်အဝ မထိန်းချုပ်နိုင်ခဲ့ဘူး၊ ဒါကြောင့် မင်းရဲ့ စွမ်းအားအစစ်အမှန်ကို အခုပဲ သက်သေပြခွင့်ပြုလိုက်မယ်!"

စကားဆုံးသည်နှင့် မော့ဂျွန်က သူ့လက်ဝါးကို ဆန့်လိုက်ရာ လက်ဝါးအလယ်မှ ရွှေရောင်နဂါးပုံသင်္ကေတတံဆိပ်က ယန်ယွဲ့ဆီသို့ ပြင်းထန်စွာ ပစ်လွင့်လာသည်။

နဂါးပုံသင်္ကေတတံဆိပ်က လေထုထဲတွင် တဖြည်းဖြည်းကြီးမားလာကာ ပတ်ဝန်းကျင် မီတာ ၂၀ ကျော် ဧရိယာကို လွှမ်းခြုံထားသည့် ရောမ တံဆိပ်တစ်ခုအဖြစ်သို့ ပြောင်းလဲသွား၏။

ထို့နောက် ၎င်းက တောင်ကုန်းငယ်လေးတစ်ခုပြိုကျလာသကဲ့သို့ ယန်ယွဲ့အပေါ်ပြင်းထန်စွာရိုချလိုက်သည်။

သို့သော်။

ယန်ယွဲ့၏အမူအရာက မပြောင်းလဲပေ။

နဂါးတံဆိပ်ကြီးက သူနှင့် ၃

မီတာနီးပါးအကွာရောက်ချိန်တွင် သူ၏ပုံရိပ်က

ချက်ချင်း ရွှေ့လျားသွားသည်။

ယန်ယွဲ့သည် သူ၏လက်ကောက်ဝတ်ကို

ရှေ့သို့ရွှေ့လိုက်ပြီး နဂါးအရိုးဓားက

"သေမျိုးအင်ပါယာတံဆိပ်တော်"၏

အလယ်ဗဟိုဆီသို့ တိုက်ရိုက် ထိုးသွင်းခဲ့သည်။

ဘန်း!

ပြင်းထန်၊ ကျယ်လောင်သောပေါက်ကွဲသံက အဆင့်(၄)ထပ်မြောက်တစ်ခုလုံး ပွဲတင်ထပ်သွားသည်။

ဤမြင်ကွင်းကိုမြင်သောအခါ မော့ဂျွန်၏ မျက်လုံးများ ချက်ချင်းကျဉ်းမြောင်းသွားတော့သည်။

"ဒီ ယန်ယွဲ့ရဲ့ ခွန်အားက ဘယ်တုန်းက အရမ်းကောင်းလာတာလဲ? ဓားတစ်ချက်တည်းနဲ့

ငါ့ရဲ့ သေမျိုးအင်ပါယာတံဆိပ်တော် ကို တကယ်ပဲ ထုချေနိုင်တာလား ?

ထိုအချိန်တွင် အန်နန်ကျင်းကလည်းရုတ်တရက် ယန်ယွဲ့ကို လှည့်ကြည့်လိုက်ကာသူမ၏ မျက်လုံးများတွင် အံ့သြမှု အရိပ်အယောင်များ ပေါ်လာသည်။

သိသာစွာပင် ယန်ယွဲ့သည် ဤကဲ့သို့သော ခွန်အားကို မပိုင်ဆိုင်ပါ။

သူက မော့ဂျွန်၏ သေမျိုးအင်ပါယာတံဆိပ်တော်ကို ချေဖျက်နိုင်ခဲ့ခြင်းမှာ

ညာဏ်အလင်းရောင်နှလုံးသားကို
အသုံးပြုထားသောကြောင့်ပင်ဖြစ်ပေသည်။

တစ်ဖက်မှ အားသာချက်ကို အသုံးချပြီး
အခြားတစ်ဖက်မှ အားနည်းချက်ကို
ဦးတည်ဖိနှိပ်ခြင်း။ ဤသည်မှာ
ယန်ယွဲ့လုပ်ဆောင်ခဲ့သောနည်းလမ်းပါ။

မော့ဂျွန်က မျက်နှာပေါ်တွင် အနည်းငယ်
ရှိုင်းစိုင်းသော အမူအရာတစ်ခု
ပေါ်လာသည်။အစပိုင်းတွင်

သူ၏ကျင့်ကြံမှုမြင့်တက်လာပြီးနောက် ယန်ယဲ့ နှင့်
အဆင့်တူသာဖြစ်နေလိမ့်မည်ဟု မထင်ထားခဲ့မိပေ။

မော့ဂျွန်က အေးစက်စွာ အော်လိုက်ပြီး တိုက်ခိုက်ရန်
ပြင်လိုက်စဉ်မှာပဲ ယန်ယဲ့က ရုတ်တရက်
ပျောက်ကွယ်သွားသည်ကို သတိထားမိလိုက်သည်။

ဝှစ်....။

ယန်ယဲ့က
မော့ဂျွန်၏ရှေ့တွင်ပေါ်လာပြီးအေးစက်စက်လေသံ
ဖြင့် ရယ်မောလိုက်လေသည်။ “ဟဟ! မော့ဂျွန်။

တကယ်တော့ မင်းကို ငါမမြင်ရတာ အတော်ကြာပြီ။ မင်းမှန်တယ်၊ ငါတို့ကြားက ရန်ငြိုးကို ဒီနေ့ အဆုံးသတ်လိုက်ရအောင်။”

သူစကားပြောပြီးသည်နှင့် ယန်ယဲ့၏လက်ထဲမှနဂါးအရိုးဓားက အလင်းရောင်တစ်ချက်လင်းလက်သွားကာ မော့ဂျွန်၏ရင်ဘတ်ဆီသို့ ထိုးသွင်းလိုက်ပါသည်။

ယန်ယဲ့၏ ဓားက အလွန်လျင်မြန်သည်ဟုမဆိုနိုင်သော်ငြား

ဓားချက်တွင်ပါဝင်သောစွမ်းအားကတော့
အလွန်ကြောက်မက်ဖွယ်ရာအတိပင်။

ထို့အပြင် ယန်ယဲ့သည် ငရဲတစ္ဆေမီးတောက် (သို့)
ဓားစိတ်ဆန္ဒကိုပင်ထုတ်ဖော်ထားခြင်းမရှိပေ။

သို့သော်၊ ထိုကဲ့သို့ ရိုးရှင်းသော ဓားချက်က
အန်နန်ကျင်း၏မျက်လုံးထဲတွင်
ထိတ်လန့်အံ့ဩမှုများ
သိသာစွာထွက်ပေါ်လာလေသည်။

တစ်ဖက်တွင်မူ မော့ဂျွန်သည် မျက်နှာပေါ်တွင်
လှောင်ပြောင်သရော်သော အမူအရာတစ်ခုကို
ထုတ်ဖော်လိုက်၏။

" မင်းက ငါ့ကို ဒီလို ရိုးရှင်းတဲ့ဓားနဲ့ သတ်ဖို့ ကြံနေတာလား။ မင်းခေါင်းထဲမှာ ဘာအမှားအယွင်းမှမရှိတာ သေချာလား? "

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၉၂ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၉၂)] – ပြင်းထန်သောတိုက်ပွဲ။

ယန်ယဲ့၏အရှိန်သည် ရုတ်တရက် တဟုန်
ထိုးမြင့်တက်သွားကာ
မော့ဂျွန်၏နောက်ကွယ်တွင်ပေါ်လာခဲ့သည်။

ထို့နောက် သူ့လက်ထဲမှ နဂါးအရိုးဓားက မော့ဂျွန်၏
နောက်ကျောကို တိုက်ရိုက်ထိုးသွင်းလိုက်သည်။

သူ၏လှုပ်ရှားမှုက
သာမာန်ရိုးစင်းသောဓားတစ်ချက်သာ။
မလိုအပ်သောလှုပ်ရှားမှုများရှိမနေခဲ့ပေ။

ထိုအချိန်တွင် ယန်ယဲ့က

ရုတ်တရက်ပျောက်ကွယ်သွားသောကြောင့်

မော့ဂျွန်၏ အမူအရာက ပြောင်းလဲသွားတော့သည်။

ထိုအခိုက်အတန့်တွင် သူ၏နောက်ကျော၌

အေးစက်စက်ခံစားမှုတစ်ခုက ရုတ်တရက်

ထိုးဖောက်လာသည်ကို သတိပြုမိသွားခဲ့သည်။

မော့ဂျွန်က အံ့အားသင့်သွားပြီး

ချက်ချင်းနောက်ပြန်လှည့်ကာ

တလက်လက်တောက်ပနေသော

ရွှေရောင်စွမ်းအင်နဂါးကြီး ရုတ်တရက်

ထွက်ပေါ်လာကာ သူ့လက်သီးကလည်း

ရှေ့သို့ထိုးချလိုက်၏။

တစ်ချိန်တည်းတွင်

သူ့ပုံရိပ်ကနောက်ပြန်ခုန်ထွက်သွားကာ

ယန်ယွဲ့နှင့်မလှမ်းမကမ်းသို့ဆုတ်သွားလေသည်။

သို့သော်လည်း ယန်ယွဲ့၏လက်ထဲမှ နဂါးအရိုးဓားက

ဘေးဖက်သို့ အနည်းငယ်ရွေ့သွားကာ

ရွှေရောင်စွမ်းအင်နဂါးကြီး၏

နဖူးအလယ်ဗဟိုကို ထိမှန်သွားသည်။

ဘန်း!

အလင်းတန်းတစ်ခုထွက်ပေါ်လာကာ

ရွှေရောင်စွမ်းအင်နဂါးကြီးက

အပိုင်းပိုင်းကွဲထွက်သွား၏။

ဤမြင်ကွင်းကိုမြင်လိုက်ရသောအခါ

မော့ဂျွန်၏မျက်လုံးထဲတွင်

ကြောက်ရွံ့မှုတစ်ခုပေါ်လာသည်။

သူ၏တိုက်ခိုက်ရေးနည်းစနစ်က

အဆင့်နိမ့် ကောင်းကင်အဆင့်

နည်းစနစ်တစ်ခုဖြစ်သော်လည်း ယန်ယဲ့၏

ရိုးရှင်းသော ဓားချက်ကြောင့် ပျက်စီးသွားခဲ့ရသည်။

"ဒီယန်ယဲ့က ဒါကို ဘယ်လို လုပ်လိုက်တာလဲ?"

ယန်ယဲ့သည်လည်း အချိန်ဖြုန်းရန်စိတ်မဝင်စားပေ။

သူ၏လက်ထဲမှ နဂါးအရိုးဓားက မော့ဂျွန်၏

ရင်ဘတ်ကို ထိုးသွင်းလိုက်လေသည်။

သို့သော်လည်း ယန်ယဲ့၏ ဓားချက်ကို

တစ်စုံတစ်ခုက တားဆီးထားပုံရပြီး

ရှေ့သို့ဆက်မတိုးနိုင်တော့ပေ။

ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။

ထို့နောက် သူ၏ဓားကို

လျှပ်တစ်ပြက်ပွတ်ဆွဲလိုက်ရာ

မော့ဂျွန်၏ရွှေရောင်ဝတ်ရုံရှည်က

ချက်ချင်းကွဲထွက်သွားကာ ဝတ်ရုံရှည်အောက်တွင်

ရွှေရောင်အလင်းတန်းများ

တလက်လက်တောက်ပနေသည့်

ရွှေရောင်သံမဏိချပ်ဝတ်တစ်ခုကို

သတိပြုမိလိုက်သည်။

"ဟားဟား!" မော့ဂျန်က က ရုတ်တရက်

ရယ်မောလိုက်သည်။

သူက ခဏအကြာထိ ရယ်မောရင်း

လှောင်ပြောင်လှောင်ပြောင်သောအမူအရာများဖြင့်

ယန်ယွဲ့ကိုကြည့်နေလိုက်၏။

တစ်ဆက်တည်း သူက "ယန်ယဲ့! မင်းက ဓားတစ်ချက်တည်းနဲ့ နည်းစနစ်အားလုံးကို ဖျက်ဆီးနိုင်စွမ်းမရှိဘူးလား။ လာပါ! မင်းငါ့ကို ဓားနဲ့ထိုးသွင်းနိုင်အောင် ငါမော့ဂျန်ကငဒီမှာရပ်နေတယ်။ ငါ့ကို လာထိုးလှည့်! ဟားဟား။

တာအိုတစ်ပိုင်းအဆင့်ရတနာလက်နက်ဖြစ်တဲ့ သေမျိုးအင်ပါယာချပ်ဝတ်ကို မင်းရဲ့ ဓားနဲ့ထိုးနိုင်မလား ကြည့်ရအောင်။ လာပါ! ငါ မင်းကို အခွင့်အရေးမပေးလို့တော့ မပြောနဲ့!"

သို့သော် ယန်ယဲ့သည် တဟားဟားအော်ရယ်နေသော မော့ဂျွန်ကိုဂရုမစိုက်ပေ။

သူ့လက်ထဲမှ နဂါးအရိုးဓားကို တစ်ဖက်သို့ ရုတ်တရက် လှန်လိုက်ကာ မော့ဂျွန်၏ လည်ပင်းကို အလျားလိုက် ပိုင်းချလိုက်သည်။

သို့သော်၊ ဓားပိုင်းချက်က မော့ဂျွန်၏ လည်ပင်းကိုထိမှန်သွားသည်နှင့်တစ်ပြိုင်နက် ရွှေရောင်နဂါးအကြေးခွံတစ်ခုက မော့ဂျွန် ၏လည်ပင်းကို ဖုံးအုပ်သွားသည်။

ထို့အပြင် ၎င်းမှ

ပြင်းထန်သောအားလှိုင်းတစ်ခုစီးထွက်လာပြီး

နဂါးအရိုးဓားကို နောက်ပြန်တွန်းထုတ်လိုက်သည်။

ယန်ယွဲ့က မျက်မှောင်ကြုတ်လိုက်သည်။

"မော့ဂျွန် ပြောတဲ့ ဒီသေမျိုးအင်ပါယာချပ်ဝတ်က

တကယ်ကို ကြောက်စရာကောင်းနေတယ်။

ဒါ့အပြင် ဒီချပ်ဝတ်က သူ့ရဲ့ခန္ဓာကိုယ်တစ်ခုလုံးကို

ပျော့ပျောင်းတဲ့အစိတ်အပိုင်တွေကအစ

တစ်ခုမှမကျန်အောင် ဖုံးအုပ်ထားတယ်။

ငါ ဒါကို ဘယ်လို ချိုးဖျက်ရမလဲ?"

မော့ဂျွန် ၏မျက်နှာပေါ်တွင် အထင်အမြင်သေးမှုက ပို၍ပြင်းထန်လာသည်။ “ သေမျိုးအင်ပါယာချုပ်ဝတ်က တာအိုတစ်ပိုင်းအဆင့်ရတနာလက်နက်တစ်ခုလေ။ ဒါက ယခင် သေမျိုးအင်ပါယာတွေရဲ့ စွမ်းအားတွေပါ ရှိနေသေးတယ်။ ဒါ့အပြင် ကမ္ဘာမြေတာအိုရဲ့အကာအကွယ်ကိုပါရထားတယ်။ မင်းက ဝိညာဉ်နယ်ပယ်အလွှာအဆင့် ၁ ကိုထားလိုက်ဦး၊ ဝိညာဉ်နယ်ပယ်အလွှာအဆင့်အထွတ်အထိပ် ကို ရောက်နေရင်တောင် ငါ့ကို ဒုက္ခပေးနိုင်မှာ မဟုတ်ဘူး။”

"ဟုတ်လား?" ယန်ယွဲ့က ရုတ်တရက် ထူးဆန်းသော အပြုံးကို ထုတ်ဖော်လိုက်သည်။

ချက်ချင်း

သူ၏ခြေထောက်ကိုမြေပြင်ပေါ်အသာပုတ်ကာ

လျှပ်စီးတန်းတစ်ခုကဲ့သို့ရှေ့ခုန်ထွက်လာရင်း

နဂါးအရိုးဓားဖြင့် မော့ဂျွန်၏

နဖူးအလယ်တည့်တည့်ကို ထိုးသွင်းလိုက်သည်။

ယန်ယွဲ့၏တိုက်ခိုက်မှုကို မြင်သော်လည်း

သေမျိုးအင်ပါယာချုပ်ဝတ်က

ကာကွယ်ပေးထားဆဲဖြစ်ရာ မော့ဂျွန်က

သူ့မျက်နှာပေါ်တွင်အထင်အမြင်သေးမှုများသာပေါ်နေသည်။

ရုတ်တရက်ပင် ယန်ယဲ့၏ နှုတ်ခမ်းထောင့်တွင် ကောက်ကျစ်သော အပြုံးတစ်ခု ပေါ်လာသည်။

နဂါးအရိုးဓား၏ထိပ်ဖျားမှ
မီးတောက်ကြိုးမျှင်ကြီးတစ်ချောင်း
ပေါက်ကွဲထွက်လာပြီး
သေမျိုးအင်ပါယာချပ်ဝတ်မှဖန်တီးထားသော
အကာအကွယ်အလွှာကို
ချိုးဖျက်ပစ်လိုက်လေသည်။

ထိုအချိန်တွင် မော့ဂျွန်၏ မျက်နှာကချက်ချင်း ဖြူဖျော့သွားသည် ။

ယန်ယဲ့က ရုတ်တရက် သူ့ဓားကို နောက်တစ်ကြိမ် ထိုးသွင်းလိုက်သည့်အခါတွင် သူက နောက်ကို အပြင်းအထန် ခုန်ဆုတ်သွားခဲ့သည်။

ရှဲ!

မီးတောက်ကြိုးမျှင်က

ရွှေရောင်နဂါးအကြေးခွံပေါ်တွင်

အပေါက်ကြီးတစ်ပေါက်ဖန်တီးလိုက်ကာ

နဂါးအရိုးဓားက

မော့ဂျွန်၏နဖူးအလယ်တည့်တည့်သို့
ထိုးဖောက်ဝင်သွားလေတော့သည်။

ပတ်ဝန်းကျင်ရှိလူတိုင်း
တုန်လှုပ်ခြောက်ခြားသွားခဲ့ကြသည်။

မည်သည့် မျိုးနွယ်ကပင်ဖြစ်စေ အားလုံးက
တိုက်ပွဲကိုရပ်ကာ မော့ဂျွန်၏နဖူးအလယ်မှ
အပေါက်ကို စိုက်ကြည့်လိုက်မိကြသည်။

"ယန်ယွဲ့က ဘာလို့ ဒီလောက်ထိ
ကြောက်စရာကောင်းလာတာလဲ။
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကို တက်လှမ်းခဲ့တဲ့

ဟွင်းယု နဲ့ မော့ဂျွန် တောင် ခဏလေးအတွင်းမှာ အသတ်ခံလိုက်ရတယ်။" ယန်ယွဲ့က မူလအခြေအနေနှင့် များစွာ ကွဲပြားနေသည်ကိုသတိပြုမိပြီးနောက် လော့ရှဲ၏ မျက်လုံးထဲတွင် လေးနက်သောအမူအရာများပေါ်လာလေသည်။

တစ်ဖက်တွင်မူ အန်နန်ကျင်း၏ မျက်လုံးများတွင် စိတ်လှုပ်ရှားမှု အရိပ်အယောင်များ ဖျတ်ခနဲ ပေါ်လာသည်။

သူမသည် သားကောင်ကို သတိပြုမိသော မုဆိုးတစ်ယောက်နှင့် တူသည်။

ယန်ယှဲသည့် မော့ဂျွန်ကို သတ်ပြီးနောက် လက်ဟန်ပြကာ သေမျိုးအင်ပါယာချပ်ဝတ် နှင့် သေမျိုးအင်ပါယာတံဆိပ်တော်ကိုသိမ်းယူလိုက်သည်။

ရုတ်တရက် ရွှေရောင်အလင်းတန်းတစ်ခုလင်းလက်လာပြီး လက်နက်ဝိညာဉ်နှင့် သံမဏိချပ်ဝတ်၏ ဝိညာဉ်ကဝင်းတို့၏ပိုင်ရှင်ကို ကာကွယ်ရန် ကြိုးပမ်းလိုက်ကြသည်။

ရွှေရောင်အလင်းတန်းများတလက်လက်ထွက်ပေါ် လာသည်ကို မြင်သောအခါ ယန်ယွဲ့က အေးစက်စွာ ရယ်မောလိုက်၏။

တစ်ချိန်တည်းတွင် သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒက ထွက်ပေါ်လာပြီး ရွှေရောင်အလင်းတန်းကို ချက်ချင်း ဖိနှိပ်ကာ သူ့လက်ကိုဆန့်ပြီး ဖမ်းဆုပ်လိုက်သည်။

တာအိုတစ်ပိုင်းအဆင့်လက်နက်ဝိညာဉ်နှစ်ခုက ဆက်လက်ရုန်းကန်ရန် ရည်ရွယ်ထားသော်လည်း ယန်ယွဲ့က ၎င်းတို့ကို ဆန်းကြယ်ရွှေချီကန်ထဲသို့ ပစ်ချလိုက်တော့သည်။

ဆန်းကြယ်ရွှေချီကန်ထဲသို့ရောက်သွားချိန်တွင်

လက်နက်ဝိဉာဉ်နှစ်ခုက

ရုတ်ချည်းငြိမ်သက်သွား၏။

ယန်ယွဲ့သည်

သူ၏လက်ကိုနောက်တစ်ကြိမ်ဝှေ့ယမ်းကာ

မော့ဂျွန်၏လက်တွင်ဝတ်ဆင်ထားသော

သိုလှောင်လက်စွပ်က သူ့လက်ထဲသို့

ပျံတက်လာသည်။

ထိုအခိုက်တွင်

ထက်မြသောဓားအလင်းရောင်တစ်ချက်

လင်းလက်သွားကာ မော့ဂျွန်၏ အလောင်းက
နေရာတွင် ပျောက်ကွယ်သွားသည်။

ထို့နောက် ယန်ယဲ့သည်
မျက်မှောင်တစ်ချက်ကြုတ်ပြီး
မျိုးနွယ်ခြားအဖွဲ့ဝင်များနှင့်တိုက်ခိုက်နေသော
ကျန်းလဲ့ နှင့် ရဲယွန် တို့ကို လှည့်ကြည့်လိုက်သည်။

သူတို့၏ ခန္ဓာကိုယ်တွင် ဖုံးလွှမ်းနေသော
သွေးစီးကြောင်းများ၊ ဒဏ်ရာများကိုမြင်သောအခါ
သူ့မျက်လုံးထဲတွင် ရက်စက်ကြမ်းကြုတ်မှုများ
တောက်ပလာသည်။

ယန်ယဲသည် အသက်ပြင်းပြင်းရှူလိုက်ရင်း
ထိုနှစ်ယောက်ဆီ လျှောက်သွားကာ
ထိပ်တန်းကုသရေးအဆောင်နှစ်ခုကိုထုတ်ယူပြီး
သူတို့၏ခန္ဓာကိုယ်ပေါ်ကပ်ပေးလိုက်ပါသည်။

"ကောင်းပြီ၊
အခုကျန်တဲ့အရာတွေကိုငါ့ဆီထားခဲ့တော့။"

သူစကားပြောပြီးသည်နှင့် ယန်ယဲ့က မိုခေးကို
ကြည့်ကာ ဖြည်းညှင်းစွာ လျှောက်သွားပြီး
"တကယ်တော့ လူသားမျိုးနွယ်ပဲ ဖြစ်ဖြစ်
နတ်ဆိုးမျိုးနွယ်ပဲ ဖြစ်ဖြစ်၊ လူတိုင်းက အဆင့်

(၄)ထပ်မြောက်မှာ အေးအေးဆေးဆေး

ကျင့်ကြံချင်ကြတာပါပဲ။

လူတိုင်းက မူလထက်ပိုပြီးအားကောင်းလာချင်တဲ့

ရည်ရွယ်ချက်တစ်ခုတည်းနဲ့

ဒီနေရာကိုလာခဲ့ကြတယ်။

ဒါပေမဲ့ မင်းတို့ မျိုးနွယ်ခြားသုံးခုက ငါတို့အားလုံးကို

ချေမှုန်းပစ်ချင်နေတာ။ တစ်ခုမေးပါရစေ၊

မင်းအောင်မြင်ပြီလား။ မိုခေး၊

ပတ်ဝန်းကျင်တစ်ခုလုံးမှာရှိနေတဲ့

မင်းတို့နတ်ဆိုးမျိုးနွယ်ဝင်တွေရဲ့ အလောင်းတွေကို

ကြည့်လိုက်ပါ။ ဒါက မင်းလိုချင်တာလား။"

"ဘယ်လောက်ရယ်စရာကောင်းလိုက်တာ!" မိုခေးက လှောင်ပြောင်ရယ်မောလိုက်လေသည်။ "ယန်ယဲ့၊ မင်းရဲ့လူသားမျိုးနွယ်ဖက်က တစ်ယောက်ယောက်က ဝိညာဉ်နယ်ပယ်အလွှာအဆင့် ကို အရင်ရောက်ခဲ့ရင် ငါတို့နဲ့ ငြိမ်းချမ်းရေးယူပြီး ကျင့်ကြံနိုင်မယ်လို့ မင်းထင်လား။ ဟားဟား! အဲ့ဒီအချိန်ကျရင် လူသားမျိုးနွယ်ရဲ့သတ်ဖြတ်တာကိုခံရမှာက ငါ့နတ်ဆိုးမျိုးနွယ်ဝင်တွေပဲဖြစ်မှာလေ။ ဒါကြောင့် မင်းရဲ့ အချိန်ကို ဖြုန်းတီးနေစရာ မလိုပါဘူး။ မင်းရဲ့ ခွန်အားတွေ အရမ်းတိုးတက်လာပုံပဲ။ ငါတို့က

ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်ရဲ့နော

က်ဆုံးပြိုင်ပွဲကို စောင့်မျှော်နေမယ့်အစား အခုပဲ

သေခြင်း၊ရှင်ခြင်း တိုက်ခိုက်လိုက်ရအောင်။

မင်းဘယ်လိုထင်လဲ?"

"တကယ်တော့ ငါတို့ရဲ့

အသက်ရှုချိန်ကအစဖြုန်းတီးနေစရာ မလိုပါဘူး!"

ယန်ယွဲ့က

ခေါင်းညိတ်လိုက်သည်။

သူလည်း ဤကဲ့သို့ လုပ်ဆောင်ရခြင်း၏

အကြောင်းရင်းမှာ သူ့နှလုံးထဲမှ

နာကျင်မှုကြောင့်ဖြစ်သည်။

ထိုလူသားကျွမ်းကျင်သူများ နှင့်

သူ့နောက်ကိုလိုက်ပါရန် ရွေးချယ်ခဲ့သော

လုပ်ကြံသတ်ဖြတ်သူများကို ကြည့်ကာ

အလွန်နာကျင်ခဲ့ရ၏။

အစောပိုင်းတွင် ၎င်းတို့အားလုံးက သူ့ရှေ့တွင်

အသက်ရှင်လျက်ရပ်နေကြဆဲဖြစ်သော်လည်း

ယခုအချိန်တွင် အားလုံးနီးပါး အေးစက်သော

အလောင်းကောင်များ အဖြစ်ပြောင်းလဲသွားပြီ

ဖြစ်သည်။

သူသည် စိတ်ဓာတ်ပျော့ညံ့သူမဟုတ်ပေ။

သူ၏ ရန်သူများနှင့် ရင်ဆိုင်ရသောအခါတွင် ရန်သူ

အယောက် တစ်သန်းကို သတ်ပစ်ရလျှင်ပင်

တုန်လှုပ်သွားမည်မဟုတ်ပေ။

သို့သော် သူ့ကိုယ်

အထင်ကြီး၊ယုံကြည်အားကိုးနေသောလူများက

အေးစက်နေသောအလောင်းကောင်များအဖြစ်

ပြောင်းလဲသွားသည်ကို မြင်သောအခါ

သူ့နှလုံးသားထဲတွင် နာကျင်မှုကို

မခံစားနိုင်တော့ပေ။

ဤသည်မှာ တစ်ကိုယ်ကောင်းဆန်သော တွေးခေါ်မှုတစ်ခုဖြစ်သည်၊ သို့သော် ဤကမ္ဘာလောကတွင် လူတိုင်းက တစ်ကိုယ်ကောင်းဆန်မှု အနည်းငယ်မျှကိုပင် ရှောင်ထွက်နိုင်စွမ်းရှိပါသလော။

တစ်ဖန် ဤလူများက အခက်ခဲဆုံးအချိန်တွင် အသက်ကိုစတေးပြီး ရှေ့ကနေရပ်တည်ပေးသောသေခြင်း၊ရှင်ခြင်း ညီအစ်ကိုများဖြစ်နေပေသည်။

"အကြောင်းပြချက်လား? ဟာသပဲ! အကြောင်းပြချက်က ပိုကြီးတဲ့ လက်သီးနဲ့ ပိုသန်မာတဲ့လူကသာ နောက်ဆုံးကျ ရပ်နိုင်မယ်။"

"ဟဟ...., ယန်ယွဲ့။ မင်းသေရင် ဒီနေရာနဲ့ အောက်အထပ်မှာရှိတဲ့ လူသားကျွမ်းကျင်သူတွေအားလုံး ပုန်းကွယ်နေသောနဂါးစေတီထဲကနေ အသက်ရှင်လျက် ထွက်နိုင်မှာမဟုတ်ဘူး။" မိုခေးက ပြောလိုက်ရင်း ငရဲနတ်ဘုရားလှံကိုဝှေ့ယမ်းကာ သူ့ခန္ဓာကိုယ်မှ နတ်ဆိုးစွမ်းအင်ကြိုးတစ်ချောင်း ပေါက်ကွဲထွက်လာခဲ့လေသည်။

တစ်ချိန်တည်းမှာပင် ငရဲနတ်ဘုရားလုံ့ထိပ်ဖျားကနေ အေးစက်စက်အပြာရောင်အလင်းတန်းတစ်ခုက လင်းလက်နေပေသည်။

ယန်ယွဲ့ကလည်း ခေါင်းညိတ်လိုက်ပါသည်။

“ဒီလိုပါပဲ၊ မိုခေး! မင်း သေရင် တောင်ပိုင်းနယ်မြေကို ရောက်လာတဲ့ နတ်ဆိုးမျိုးနွယ်ဝင်တွေအားလုံး, မဟုတ်သေးဘူး၊ မျိုးနွယ်ခြားသုံးခုရဲ့အဖွဲ့ဝင်အားလုံး ဒီနေရာမှာ ထာဝရအိပ်စက်ရမယ်။ အကုန်လုံး လွတ်မြောက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။”

"ဟားဟား! ဒီလိုဆိုရင် .... လာပါ! စလိုက်ရအောင်။”

မိုခေးက ခေါင်းကိုမော့ကာ ကျယ်လောင်စွာအော်ဟစ်ပြီးနောက် ညာခြေကို မြေပြင်ပေါ်သို့ ရုတ်တရက် နင်းကာ လက်ထဲမှ ငရဲနတ်ဘုရားလှံဖြင့် ရှေ့ကို ကြမ်းတမ်းစွာထိုးချလိုက်သည်။

မျက်စိတစ်မှိတ်အတွင်းမှာပဲ မိုခေးက ယန်ယွဲ့၏ရှေ့ကို ရောက်လာပြီး ငရဲနတ်ဘုရားလှံကလည်း ယန်ယွဲ့၏ရင်ဘတ်ဆီသို့ ထိုးသွင်းလာခဲ့သည်။

ထို့အပြင် ငရဲနတ်ဘုရားလှံမှ ထွက်ပေါ်လာသော ကြောက်မက်ဖွယ်စွမ်းအားက

လမ်းကြောင်းတစ်လျှောက်ရှိ အာကာသပြင်ကို
ပြင်းထန်စွာ ပေါက်ကွဲထွက်သွားစေသည်။

ယန်ယဲ့၏ အမူအရာက ပြောင်းလဲခြင်းမရှိပေ။

ငရဲနတ်ဘုရားလှံက သူ့
ရင်ဘတ်နှင့်အနည်းငယ်ကွာတွင်
နဂါးအရိုးဓားကိုကန့်လတ်ဖြတ်ဌော့ယမ်းကာ
ငရဲနတ်ဘုရားလှံကိုပိုင်းချလိုက်လေသည်။

ကလန်!

ငရဲနတ်ဘုရားလှံမှ ထွက်ပေါ်နေသော

ကြောက်မက်ဖွယ်စွမ်းအား ၈၀ ရာခိုင်နှုန်းကျော်က ချက်ချင်း ပေါက်ကွဲသွား၏။

တစ်ချိန်တည်းမှာပင် ယန်ယဲ့၏တိုက်ခိုက်မှုကြောင့် ငရဲနတ်ဘုရားလှံက

ရုတ်တရက်လမ်းကြောင်းပြောင်းကာ

ဘေးဖက်လေထုကိုထိုးခွဲသွားလေသည်။

ယန်ယဲ့သည် ဤ အခွင့်အရေးကို လက်မလွှတ်ခဲ့ပေ။

ရှေ့ကိုတစ်လှမ်းတိုးကာ သူ့လက်ထဲမှ

နဂါးအရိုးဓားက

မိုးခေး၏ရင်ဘတ်သို့လျှပ်စီးတန်းတစ်ခုအလားတိုးဝ

င်သွားခဲ့ပါသည်။

တစ်ဆက်တည်း သူက မိုခေး၏ ကြောက်မက်ဖွယ် ရုပ်ခန္ဓာခွန်အားကို သိထားသောကြောင့် ပေါ့ပေါ့ဆဆ မလုပ်ဝံ့ပေ။

ငရဲတစ္ဆေမီးတောက်က အဖြူရောင်မီးတောက်ငယ်အဖြစ်ပြောင်းလဲကာ နဂါးအရိုးဓားကို ဖုံးလွှမ်းသွား၏။
တစ်ချိန်တည်းမှာပင် သူ၏ရုပ်ခန္ဓာခွန်အားကလည်း တဟုန်ထိုးပေါက်ကွဲထွက်လာလေသည်။

တွမ်....တွမ်.....ဘန်း....

နဂါးအရိုးဓားမှ ထုတ်လွှတ်နေသောစွမ်းအင်က
အလွန်ကြောက်စရာကောင်းသည်။
ဓားပိုင်းဖြတ်သွားရာ လေထုအနှံ့ ပေါက်ကွဲသံများ
အဆက်မပြတ် ပဲ့တင်ထပ်နေ၏။

ယန်ယဲ့၏ ဓားမှ ကြောက်မက်ဖွယ်စွမ်းအားကို
ခံစားမိသောကြောင့် မိုခေးကလည်း
သတိလက်လွတ်မပြုမူရဲပေ။

ရုတ်တရက် သူ၏ဘယ်ဖက်လက်ကို ဆန့်ထုတ်ကာ
အနက်ရောင်အကြေးခွံများဖုံးအုပ်ထားသော

လက်သီးချက်က နဂါးအရိုးဓားဆီသို့ ကြမ်းတမ်းစွာထိုးချသွားခဲ့သည်။

သို့သော် အနက်ရောင်လက်သီးက နဂါးအရိုးဓားကို ထိုးချလိုက်ချိန်တွင် မိုခေး၏မျက်လုံးများက ရုတ်တရက် ကျဉ်းမြောင်းသွားခဲ့သည်။

သူ့ရှေ့တွင် ရပ်နေသော ယန်ယဲ့က နေရာမှာပဲပျောက်ကွယ်သွားသည်ကို သတိပြုမိသွား၏။ ဖြစ်နိုင်ချေတစ်ခုကိုတွေးမိပြီး မိုခေးက အနည်းငယ်မျက်မှာပျက်သွားတော့သည်။ အစောပိုင်းက သူ့ရှေ့တွင် ရပ်နေခဲ့သည်မှာ ယန်ယဲ့၏ ပုံရိပ်ယောင်တစ်ခုသာဖြစ်သည်။

ထိုအချိန်တွင် မိုခေး၏နောက်ကျော၌ စူးရှသော လေတိုးသံတစ်ချက်ထွက်ပေါ်လာပြီးနောက် မီးတောက်ဓားတစ်လက်က သူ့နောက်ကျောကို ချက်ချင်း ထိုးသွင်းလာခဲ့သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၉၃ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၉၃)] -

ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက် ၏

နောက်ဆုံးအဆင့်

ယန်ယွဲ့က နဂါးအရိုးဓားဖြင့် မိုခေး၏

နောက်ကျောကို ထိုးသွင်းလိုက်သော်ငြား

ပျော်ရွှင်မှုအရိပ်အယောင်ပင် မဖော်ပြခဲ့ပေ။

ဆန့်ကျင်ဖက်အနေနှင့် သူက

ဓားကိုထိုးချလိုက်ချိန်မှာပဲ

ရုတ်တရက်အဖြစ်အပျက်ကြောင့်

မျက်မှောင်ကြုတ်သွားခဲ့သည်။

"မင်းတစ်ယောက်တည်း
ကြောက်စရာကောင်းတဲ့အမြန်နှုန်းကို
ပိုင်ဆိုင်ထားတာလို့ ထင်ခဲ့တာလား။"
မိုခေး၏အသံသည် သူ့နောက်ကွယ်မှ ပဲ့တင်ထပ်ကာ
ငရဲနတ်ဘုရားလှံက
ယန်ယဲ့၏ခေါင်းနောက်တည့်တည့်ကိုပစ်လွှတ်လိုက်
သည်။

ယန်ယဲ့သည် ထိတ်လန့်မသွားဘဲ၊ နဂါးအရိုးဓားကို
စက်ဝိုင်းပုံသဏ္ဌာန်ယမ်းလိုက်ကာ ခန္ဓာကိုယ်ကို
တစ်ပါတ်လှည့်ပြီး
မိုခေး၏လှံချက်ကိုတားဆီးလိုက်သည်။

အုန်း!

သတ္တုချင်းတိုက်မိသံများ ပွဲတင်ထပ်ကာ
တိုက်ခိုက်ရာမှထွက်ပေါ်လာသောသောတွန်းအားက
နှစ်ဦးစလုံးကို မီတာ ၂၀
ကျော်အကွာထိနောက်ပြန်လွင့်ထွက်သွားစေသည်။
သို့သော်လည်း နောက်အခိုက်အတန့်တွင် နှစ်ဦးသား
အပြင်းအထန် တိုက်ခိုက်လိုက်ကြပြီး
သတ္တုချင်းတိုက်မိသည့် ပေါက်ကွဲသံများ
အဆက်မပြတ် ထွက်ပေါ်လာသည်။

နှစ်ဖက်စလုံးက အားသာချက်၊ အားနည်းချက်များ တူညီနေသလိုကျင့်ကြံမှုအဆင့်ကလည်းအတူတူပင် ဖြစ်သည်။

ထို့အပြင် ၎င်းတို့၏ တိုက်ပွဲအတွေ့အကြုံသည်လည်း ကွာဟချက်မရှိပေ။ ထိုအတွက် ယန်ယွဲ့ နှင့် မိုခေးတို့နှစ်ဦးကြားမှ တိုက်ပွဲသည် အလွန်ပြင်းထန်လာခဲ့၏။

ယန်ယွဲ့သည် ဉာဏ်အလင်းရဓားနှလုံးသားကို ပိုင်ဆိုင်ထားသောကြောင့် တိုက်ပွဲတွင် တဖြည်းဖြည်း အသာစီးရကာ

မိုခေး၏တိုက်ခိုက်မှုတိုင်းကို လွယ်ကူစွာ
ချေဖျက်နိုင်ခဲ့သည်။

သို့သော် ၎င်းသည် အသုံးမဝင်ပေ။ သူ၏ဓားက
မိုခေးကို အကြိမ်ကြိမ်ပိုင်းချနေသော်ငြား ၎င်းက
မိုခေး၏ရုပ်ခန္ဓာခွန်အားကိုမထိုးဖောက်နိုင်ခဲ့ပေ။

အလားတူပင်၊ မိုခေး၏ တိုက်ခိုက်မှုတိုင်းက
ယန်ယွဲ့ကို အဆက်မပြတ်ထိမှန်နေသော်လည်း
မည်သည့်ဒဏ်ရာမှမရရှိခဲ့ပါ။

တစ်နည်းဆိုရသော် သူတို့၏ ကိုယ်ပိုင်ဝှက်ဖဲများကို
ထုတ်ဖော်ခြင်းမရှိပါက

တစ်ဦးကိုတစ်ဦးသတ်ဖြတ်ရရန်မှာ လက်တွေ့တွင်
မဖြစ်နိုင်သလောက်နီးပါးပါ။

ကလန်!

နဂါးအရိုးဓား နှင့် ငရဲနတ်ဘုရားလှံက လေထဲ၌
ပြင်းထန်စွာ တိုက်မိသွားပြီး မီးပွားများ ဖျန်းခနဲ
လွင့်စင်ထွက်လာသည်။

တိုက်ခိုက်ရာမှ
ပေါက်ကွဲထွက်လာသောအားလှိုင်းကြောင့်

နဂါးအရိုးဓား နှင့် ငရဲနတ်ဘုရားလှံက
ပြင်းထန်စွာတုန်ခါသွား၏။
တစ်ချိန်တည်းမှာပင် နှစ်ယောက်စလုံးက
နောက်သို့ ထပ်ခါတလဲလဲ ဆုတ်ခွာလိုက်ရသည်။

"အိုး။ ဒီလိုဆို
ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်ရဲ့
နောက်ဆုံးအဆင့်ကို စတင်ဖို့ စောင့်စရာ
မလိုတော့ပုံပဲ။" ထိုအချိန်တွင် အန်နန်ကျင်း ၏
အသံသည် ရုတ်တရက် ထွက်ပေါ်လာပြီးနောက်
သူမက ပုန်းကွယ်နေသောနဂါးစင်မြင့်ပေါ်သို့
ဖြည်းညှင်းစွာ လျှောက်သွားခဲ့သည်။

ထို့နောက် မိုခေးနှင့် ယန်ယဲ့ နှစ်ဦးစလုံးကို စေ့စေ့ကြည့်ကာ ခေါင်းညိတ်လိုက်၏။

"ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်မှာ ထိပ်ဆုံးနေရာကိုရယူဖို့ကငါတို့တွေထဲမှာ လူအနည်းငယ်ကပဲ အရည်အချင်းရှိတယ်။ ငါ့အမြင်အရတော့ တစ်ယောက်ပြီး တစ်ယောက် တိုက်ခိုက်တာက တကယ်ကို ဒုက္ခများလွန်းတယ်။ ဒီလိုဆိုတော့ နင်တို့ နှစ်ယောက်လုံးက ဘာလို့ ငါ့ကို တပြိုင်တည်း မတိုက်ကြတာလဲ?"

ပတ်ဝန်းကျင်ရှိလူတိုင်း နောက်ကျောများ အေးစက်သွားကြသည်။

"တစ်ချိန်တည်းမှာ သူမကို

တိုက်ခိုက်ရမှာလား?သောက်ကျိုးနဲ ကောင်းကင်ဘုံ!

ငါ ဒီလိုအရာတွေကို တစ်ခါမှ မကြားဖူးပါဘူး။

ဟုတ်တယ် မလား? အန်နန်ကျင်းက

မိုခေးနဲ့ယန်ယဲ့ကို တစ်ချိန်တည်း

တိုက်ခိုက်စေချင်နေတာလား။ သူမက

ရူးများရူးသွားပြီလား?

မိုခေး နှင့် ယန်ယဲ့သည်လည်း

ထိတ်လန့်သွားပါသည်။

"ဒီမိန်းမပျိုက

မောက်မာတဲ့စိတ်ကြောင့်ရူးများသွားပြီလား? သူမကို

အတူတူ တိုက်ခိုက်ရမှာလား? သူမက တကယ်ပဲ မရှုံးနိမ့်နိုင်ဘူးလို့ ထင်နေတာလား?"

သို့သော် ဤအခိုက်အတန့်တွင် အန်နန်ကျင်းက ဘေးနားတွင် တိတ်ဆိတ်နေသော လော့ရှဲကို စိုက်ကြည့်ကာ လူတိုင်း ထိတ်လန့်တုန်လှုပ်သွားစေသော စကားများကို ထပ်ပြောလိုက်သည်။ "နင်လည်း ငါ့ကို တစ်ချိန်တည်း တိုက်ခိုက်သင့်တယ်။ ဒီလို အံ့အားသင့်စရာကောင်းတဲ့ အသွင်အပြင်ကို လျှို့ဝှက်ထားစရာ မလိုပါဘူး။ နင်က မိုခေး နဲ့ ယန်ယဲ့ ထက်တောင် မနိမ့်ကျဘူးဆိုတာ ငါသိတယ်။

ဒါပေမဲ့ အဲ့ဒါကလည်း ငါ့အတွက်အဓိပ္ပါယ်မရှိဘူး။ ဒါကြောင့် ဒီထပ်ခါတလဲလဲတိုက်ခိုက်ရမဲ့ ဒုက္ခကို ကယ်တင်ဖို့အတွက် နင်တို့အားလုံး ငါ့ကို အခုချက်ချင်းတိုက်နိုင်တယ်!"

လော့ရှဲက ခေါင်းယမ်းပြီး ရယ်မောရင်း "မင်းမှာ မောက်မာစွာ ပြုမူနိုင်တဲ့ အရည်အချင်းတွေ ရှိတယ်ဆိုတာ ငါသိပါတယ်။ ဒါပေမယ့် စိတ်မကောင်းပါဘူး။ ငါက တစ်ချိန်တည်းမှာ မင်းကို တိုက်ခိုက်ဖို့ သူတို့နဲ့ ပူးပေါင်းမှာ မဟုတ်ဘူး။ ဟုတ်ပါတယ်၊ မင်းက ငါ့ကို တစ်ယောက်တည်း တိုက်ခိုက်မယ်ဆိုရင်တော့ ငါလက်ခံတယ်။"

"အန်နန်ကျင်း၊ မင်းက တကယ်ကို မရှုံးနိမ့်နိုင်ဘူးလို့ ထင်နေတာလား?" မိုခေးက အေးစက်စွာပြောလိုက်သည်။ "မင်းကို အတူတူ တိုက်ခိုက်ရမှာတဲ့လား? ဘယ်လောက်ကောင်းတဲ့ အစီအစဉ်လဲ။ တကယ်လို့ မင်းသာ အနိုင်ရသွားရင် ပထမဆုံးအနေနဲ့ သိုင်းနတ်ဘုရား ရဲ့ တည်ရှိမှုကို ဆန်းကြယ်တိုက်ကြီးတစ်ခုလုံး အာရုံစိုက်သွားလိမ့်မယ်။ ရှုံးနိမ့်သွားရင်တောင် သိုင်းနတ်ဘုရားက တိုက်ကြီးတစ်ခုလုံး ကျော်ကြားနေဦးမှာပဲ။

မင်းက အရမ်းသန်မာတယ်ဆိုတာ ငါသိပါတယ်။

ဒါပေမယ့် အမှန်အတိုင်းပြောရရင် မင်းက ငါတို့ကို

တစ်ချိန်တည်းမှာ စိန်ခေါ်နိုင်တဲ့

အရည်အချင်းမရှိဘူး!"

မိုခေး ပင်ဖြစ်စေ၊ လော့ရှဲပင်ဖြစ်စေ.အားလုံးက

ကိုယ့်ကိုယ်ကိုဂုဏ်ယူဝင့်ကြွားစိတ်များရှိနေသည်

သာ။

ထို့ကြောင့် ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ

အန်နန်ကျင်းကို

အခြားသူများနှင့်ပူးပေါင်းတိုက်ခိုက်ခြင်းမှာ

၎င်းတို့ကို အကြီးအကျယ် စော်ကားမှုဖြစ်သည်။

ယန်ယဲ့သည်လည်း ငြိမ်သက်သွား၏။ သူက
အန်နန်ကျင်း နှင့် ထိပ်တိုက်ရင်ဆိုင်ဖူးသောကြောင့်
သူမ၏အစစ်အမှန်ခွန်အားကို
အနည်းငယ်မှန်းဆမိထားသည်။

ဤမိန်းမပျိုက အလွန်မာနကြီးသော်လည်း
ဦးနှောက်မရှိသော မိုက်မဲသူတစ်ယောက်မဟုတ်ပေ။
ယခုအချိန်တွင် သူမက ဤကဲ့သို့
မောက်မာစွာစိန်ခေါ်ရဲသောကြောင့် သူမ၏
စွမ်းရည်ကို အပြည့်အဝ
ယုံကြည်နေကြောင်းသိသာပေသည်။။

သို့သော်လည်း ယန်ယဲ့၏ စိတ်ထဲ၌ အလွန်ပင် အံ့သြသွားခဲ့သည်။

"ဒီလိုယုံကြည်မှုမျိုးကို သူမဘယ်ကရခဲ့တာလဲ?"

အန်နန်ကျင်းသည် မိုခေး၏စကားကိုကြားလိုက်ရာ ခေါင်းညိတ်လိုက်သည်။သူမက ယန်ယဲ့ကိုကြည့်ကာ "ဒီလိုဆို နင်က ပြောစရာရှိသေးလား?"

"ကံကောင်းပါစေ!" ယန်ယဲ့က မထူးခြားဟန်ဖြင့် ပြောလိုက်သည်။

အန်နန်ကျင်းက ထိပ်သီးကျွမ်းကျင်သူ
သုံးယောက်ကို တစ်ချက်ကြည့်လိုက်သည်။
“တကယ်တော့ နင်တို့အားလုံးက
အတူပူးပေါင်းလိုက်ရင်တောင်
အခွင့်အရေးနည်းနည်းပဲရှိတယ်။ နောက်ဆုံးတော့
နင်က မညံ့ဘူး။ ကံမကောင်းစွာပဲ၊
မျက်နှာသာပေးမှုကို နားမလည်ဘဲနဲ့
ဒီလိုအခွင့်အရေးကို စွန့်လွှတ်လိုက်တယ်။”

စကားဆုံးသည်နှင့် တစ်ပြိုင်နက် အန်နန်ကျင်း၏
ပုံရိပ်က နဂါးကျောက်တုံးကြီးဆီသို့ လျှပ်တစ်ပြက်

ရောက်သွားပြီးနောက် သူမ၏ လက်ဝါးကို ဖိကပ်လိုက်သည်။

ဘန်း!

ထိုနေရာမှ ပြိုးပြိုးပြက်ပြက် တောက်ပနေသော အလင်းတန်းများ ထွက်ပေါ်လာခဲ့သည်။

အားလုံးက ကျောက်တုံးကြီး၏ အောက်ဆုံးအတန်းတွင် "အန်နန်ကျင်း" ဟူသော နာမည် ပေါ်လာသည်ကို အံ့သြစွာမြင်တွေ့လိုက်ရသည်။

ထိုခဏမှာပဲ သူမ၏ နာမည်က ခုန်တက်သွားကာ အသက်ရှူတစ်ရှိုက်စာအတွင်းမှာပင် အဆင့်(၅) နေရာသို့ရောက်ရှိသွားသည်။

ထို့အပြင် နောက်ထပ်အချိန်အနည်းငယ်ကြာမှာပဲ အဆင့်(၃)နေရာသို့ရောက်ရှိသွားပြန်သည်။

တစ်နည်းဆိုရသော် သူမ၏နာမည်က ဆေဘာဓားဂိုဏ်း၏ တည်ထောင်သူဘိုးဘေးအောက်တွင် ရှိနေသည်။

နောက်ထပ်ခဏအကြာတွင်၊ လူတိုင်း၏ အံ့အားသင့်နေသောအကြည့်များအောက်၌ "အန်နန်ကျင်း"ဟူသော နာမည်က

တစ်ဖန်ခုန်တက်လာပြီး
ဆေဘာစားဂိုဏ်းတည်ထောင်သူဘိုးဘေးနှင့်
'ကမ္ဘာကြီးကိုကြောက်ရမည်လော' ဆိုသော
နာမည်ကိုကျော်တက်ကာ အဆင့်(၂)
နေရာသို့ရောက်ရှိသွားခဲ့သည်။

ဤမြင်ကွင်းကိုမြင်လိုက်ကြသည့်အခါတွင်
ပတ်ဝန်းကျင်မှ လူတိုင်း အသက်ရှူရပ်တန့်မတတ်
ထိတ်လန့်သွားခဲ့လေသည်။

အန်နန်ကျင်း ၏ စွမ်းဆောင်ရည်က
ဆေဘာစားဂိုဏ်း၏တည်ထောင်သူဘိုးဘေးထက်ပ

 င်သာလွန်နေသည်လား?

သူ၏အနာဂတ်အလားအလာက လွန်ခဲ့သော နှစ် (၁၀,၀၀၀) အတွင်း တိုက်ကြီး၏ အစွမ်းထက်ဆုံးပညာရှင်ထက် သာလွန်နေပါသည်။

၎င်းက မည်သည့်အရာကို ကိုယ်စားပြုနေပါသနည်း? ဆိုလိုသည်မှာ မကြာမီအချိန်တွင် ဆန်းကြယ်တိုက်ကြီး၌ အထွတ်အမြတ်ပညာရှင်တစ်ဦး ပေါ်ထွက်လာတော့မည်ကို ကိုယ်စားပြုသည်မဟုတ်ပါလား။

ယန်ယွဲ့၊ မိုခေး နှင့်
လော့ရှဲတို့၏မျက်နှာများသည်ပင်လေးနက်သောအ
မူအရာများ ကိုယ်စီရှိနေကြသည်။

"သူမရဲ့ အနာဂတ်အလားအလာက
ဆောဘာဆားဂိုဏ်း တည်ထောင်သူဘိုးဘေးထက်
သာလွန်သွားပြီ။ ဒါက
သိပ်ကိုကြောက်စရာကောင်းတယ်မဟုတ်လား!"

သုံးယောက်စလုံးက ၎င်းတို့၏ကိုယ်ပိုင်စွမ်းရည်ကို
အလွန်ယုံကြည်ကြသော်ငြား၊ ဆောဘာဆားဂိုဏ်း၏

တည်ထောင်သူဘိုးဘေးကို ကျော်လွန်နိုင်မည်ဟု မထင်ထားခဲ့ပေ။

သို့သော် ဤအရာသည် အဆုံးမဟုတ်ပေ။

ယန်ယွဲ့နှင့် အခြားသူများ ထိတ်လန့်နေချိန်တွင် နဂါးကျောက်တုံးကြီးမှ စူးရှတောက်ပ သော အလင်းတန်းတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

ထို့နောက်တွင်တော့ အန်နန်ကျင်း၏ နာမည်က ဆန်းကြယ်တိုက်ကြီး၏ ပထမသိုင်းနတ်ဘုရား"ချင်လွမ်ဖုန်း"ဟူသောအမည်

ကိုကျော်တက်သွားကာ နဂါးကျောက်တုံး၏

ထိပ်ဆုံးနေရာတွင် ပေါ်လာခဲ့ပါသည်။

ပတ်ဝန်းကျင်ရှိ လူတိုင်း

နောက်ကျောများအေးစက်သွားကာ

နှလုံးသားများပြင်းထန်စွာတုန်ခါလာကြသည်။

"သူမရဲ့ စွမ်းရည်က တကယ်ပဲ

ပထမသိုင်းနတ်ဘုရားကိုတောင် ကျော်လွန်သွားပြီ။

ဒါက ဆန်းကြယ်တိုက်ကြီးရဲ့

သမိုင်းတစ်လျှောက်လုံးမှာ

ပထမသိုင်းနတ်ဘုရားကိုဘယ်သူမှမကျော်နိုင်ပေမဲ့ အန်နန်ကျင်းက ကျော်ဖြတ်သွားခဲ့ပြီ။"

၎င်းက မည်သည်ကိုဆိုလိုသနည်း။ သူမ၏ အနာဂတ်အောင်မြင်မှုများက ပထမသိုင်းနတ်ဘုရားကို ကျော်လွန်သွားလိမ့်မည်ဟု ကိုယ်စားပြုခြင်းမဟုတ်သော်လည်း အန်နန်ကျင်း၏ စွမ်းရည်က ပထမသိုင်းနတ်ဘုရားထက် သာလွန်ကြောင်း သက်သေပြနေ၏။

အကယ်၍ အန်နန်ကျင်းသာ စောစီးစွာကျရှုံးသွားခြင်းမရှိပါက

သူမ၏အနာဂတ်ကျင့်ကြံမှုလမ်းကြောင်းတွင်

ဆောဘာဓားဂိုဏ်းတည်ထောင်သူဘိုးဘေး နှင့်

ပထမသိုင်းနတ်ဘုရား ချင်လွမ်ဖုန်း ထက်

သာလွန်သော

အထွတ်အမြတ်ပညာရှင်တစ်ဦးဖြစ်လာမည်မှာမလွဲ

ဧကန်ပင်။

တစ်ချိန်တည်းမှာပင် ဆန်းကြယ်တိုက်ကြီး၏

သမိုင်းတစ်လျှောက် ထူးခြားဆန်းကြယ်ဆုံးသော

ပညာရှင်တစ်ဦး မွေးဖွားလာမည်ဖြစ်သည်။

ထိုအချိန်တွင် ဆံပင်ဖြူအဘိုးအို ချမ်းဟွမ်က

နေရာတွင် ပေါ်လာခဲ့၏။

အဘိုးအိုချန်းဟွမ်က အန်နန်ကျင်း၏ နာမည်ကို ရေးထိုးထားသော
ကျောက်တုံးကြီး၏ထိပ်ဆုံးနေရာကို
စိုက်ကြည့်ပြီးနောက် သူ့မျက်လုံးများက
ရှုပ်ထွေးလွန်းလှသော
အမူအရာတစ်ခု တောက်ပလာသည်။

ထို့နောက် သူ့အကြည့်က အန်နန်ကျင်း၏
အပေါ်ကျဆင်းသွားကာ "ဒီလူအိုကြီးက အဆင့် ၉
မဟာဂိုဏ်းတစ်ခုဖြစ်တဲ့ (နိုးထခြင်း)

မွေးဖွားခြင်းဂိုဏ်းရဲ့ မဟာအကြီးအကဲတစ်ဦးပဲ။
ဒီလူအိုကြီးက မင်းကို ဂိုဏ်းရဲ့ကိုယ်စား
မွေးဖွားခြင်းဂိုဏ်းကိုဝင်ရောက်ဖို့ဖိတ်ခေါ်ပါတယ်။

ဒါ့အပြင် စွမ်းအားနည်းစနစ်၊
တိုက်ခိုက်ရေးနည်းစနစ်တွေ ဒါမှမဟုတ်
အမှောင်ရတနာတွေပဲဖြစ်ဖြစ်
စိတ်ကြိုက်ရွေးချယ်နိုင်တယ်။

ပြီးတော့ မင်းအလုပ်ချင်ဆုံးအရာတွေထဲက
ကျိုးကြောင်းဆီလျော်တဲ့
တောင်းဆိုချက်တစ်ခုကိုလည်း တောင်းဆိုနိုင်တယ်။
ဘယ်လိုထင်လဲ?"

"ချန်းဟွမ်! မင်းက စည်းမျဉ်းတွေကို ချိုးဖောက်လိုက်တာပဲ!" ဤအချိန်တွင် တာအိုဝတ်ရုံဝတ် အဘိုးအိုတစ်ဦးက ရုတ်ချည်းပေါ်လာခဲ့သည်။

သူက အဘိုးအိုချန်းဟွမ်ကို အေးစက်စွာကြည့်လိုက်ပြီး"ချန်းဟွမ်! ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်က အဆုံးမသတ်သေးဘူး၊ ဒါပေမယ့် မင်း လျှို့ဝှက်စုဆောင်းဖို့ စတင်နေပြီလား။ ဒါက စည်းမျဉ်းစည်းကမ်းနဲ့ မကိုက်ညီဘူး မဟုတ်လား။”

"ဖုန်းရှဲ့! ငါ့ရဲ့ မွေးဖွားခြင်းဂိုဏ်းက သူ့ကို ခေါ်ယူနေတယ်!" အဘိုးအိုချန်းဟွမ်၏ အသံက ခိုင်မာပြီး ငြင်းဆန်၍မရသော လေသံကို သယ်ဆောင်လာသည်။

"ဘယ်လောက်ရယ်စရာကောင်းလိုက်တာ!"

တာအိုဝတ်စုံဝတ်အဘိုးအိုက အေးစက်စွာ ရယ်မောသည်။ "သူမကို ခေါ်ယူမလား။ဘယ်အခြေခံပေါ်မှာလဲ။ မင်းက.... ချန်းဟွမ်! ကိုယ့်ကိုယ်ကို ဘာထင်နေတာလဲ?"

အဘိုးဟိုချန်းဟွမ်က ဒေါသကို

ထိန်းချုပ်ကာပြန်ပြောလိုက်၏။

"ဖုန်းရှဲ့! ငါ ညှိနှိုင်းပေးပါ့မယ်။ ငါ့ရဲ့

"မွေးဖွားခြင်းဂိုဏ်း"က

ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်မှာ

ပါဝင်တဲ့ လူသားပါရမီရှင်တွေထဲကမှ

သူတစ်ယောက်တည်းကိုပဲခေါ်ယူမယ်။

ကျန်တာအားလုံးကို မင်းရဲ့ "သန့်စင်မြစ်ဂိုဏ်း"က

ပိုင်လိမ့်မယ်။ မင်းဘယ်လိုထင်လဲ? ငါ့ကို မငြင်းနဲ့။

ဆားအင်ပါယာ ယန်ယဲ့ကိုကြည့်လိုက်။ သူက

အသက်ငယ်ငယ်လေးနဲ့

ဓားစိတ်ဆန္ဒကိုနားလည်ခဲ့သလို အဆင့် ၇ ကိုတောင် ရောက်နေပြီ။

ထောင်စုနှစ်ရဲ့ ဓားအင်ပါယာ က ဒီကလေးမထက် မနိမ့်ကျဘူးမဟုတ်လား။ ဒါ့အပြင် ဒီမှာရှိတဲ့ လူသားကျွမ်းသူတွေအားလုံးကလည်း....”

"ထောင်စုနှစ်ရဲ့ ဓားအင်ပါယာ လား ?"

ဖုန်းရှဲ့က ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး အဘိုးအိုချန်းဟွမ်ကို အေးစက်စက်စိုက်ကြည့်လိုက်သည်။ "ဟော့ကောင်! လူအိုကြီးချန်း။

ငါက လူမိုက်လို့ ထင်နေတာလား။ ထောင်စုနှစ်ရဲ့

ဓားအင်ပါယာ ? ဒါပေမဲ့ အဲ့ဒါက အဆင့် ၇

ဓားစိတ်ဆန္ဒ ပဲ လေ။ ဒါ့အပြင်

သူ့မှာသက်တမ်းအနည်းငယ်ပဲကျန်တော့တယ်။

အဲဒီကလေးမ နဲ့ ဘယ်လို နှိုင်းယှဉ်နိုင်မှာလဲ?

ဟာသပဲ! တစ်ထောင်ပုံတစ်ပုံ ပုံလိုက်ရင်

တစ်စိတ်တစ်ပိုင်းနဲ့တောင် ယှဉ်လို့ မရဘူး။"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၉၄ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၉၄)] - ငါ့ကို တစ်ချိန်တည်းမှာ တိုက်ခိုက်ပါ

ငါ့တစ်ထောင်က သူ့တစ်စိတ်တစ်ပိုင်းနဲ့တောင် မယှဉ်နိုင်ဘူးလား? ယန်ယွဲ့သည် ဤစကားကိုကြားသောအခါ အေးစက်စွာရယ်မောလိုက်သည်။

"ဒီ တာအိုဝတ်စုံနဲ့အဘိုးအိုက တကယ်ကိုမောက်မာတာပဲ။ အဆင့် ၉ မဟာဂိုဏ်းကဘာများကောင်းလို့လဲ။

တကယ်လို့အားကောင်းနေရင်တောင်

ငါယန်ယဲ့ကဂိုဏ်းမရှိလဲအသက်ရှင်နေနိုင်တာပဲလေ။

ယန်ယဲ့သည်

ဤတာအိုဝတ်စုံနှင့်အဘိုးအိုကိုအာရုံမစိုက်တော့ပေ။

မည်သို့ပင်ဆိုစေကာမူ သူသည်လည်း

သန့်စင်မြစ်ဂိုဏ်း တွင် မပါဝင်လိုပါ။

"အကြီးအကဲ၊ အကြီးအကဲပြောတာ မှားနေပြီ!"

တစ်ချိန်တည်းမှာပဲ အန်နန်ကျင်းက ရုတ်တရက်

ပြောလာသည်။ "သူ့မှာ အဆင့် ၇

ဓားစိတ်ဆန္ဒပဲရှိတယ်ဆိုပေမဲ့

အရမ်းကြောက်စရာကောင်းတဲ့ ဓားတာအို ရှိတယ်။ ဒါ့အပြင် လူငယ်မျိုးဆက်ရဲ့ ဓားသမား အားလုံးထဲမှာ ဆိုရင် သူ့ကို ဘယ်သူကမှ နှိုင်းယှဉ်လို့ မရပါဘူး။”

"သူမပြောတာမှန်တယ်!" အဘိုးအိုချန်းဟွမ်က လည်း "ဖုန်းရှဲ့! ဒီကလေးက အဆင့် ၈ ဓားစိတ်ဆန္ဒ ကို နားလည်ထားတဲ့ မိုကလန်ရဲ့ ပါရမီရှင်ကိုသတ်ပစ်ခဲ့တဲ့အပြင် ဒီထောင်စုနှစ်ရဲ့ ဓားအင်ပါယာ ဖြစ်လာဖို့ ရှေးဟောင်းဓားဝိညာဉ်ရဲ့ အသိအမှတ်ပြုတာကိုတောင် ရထားတယ်။ ကလေးမထက် နိမ့်ကျပေမယ့်၊

ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးမှာ သူ့ကို

အနိုင်ယူနိုင်တဲ့ လူငယ်မျိုးဆက်က

လက်တစ်ဆုပ်စာလောက်ပဲ ရှိနိုင်မယ်။

ဒါ့အပြင် အရေးကြီးဆုံးအချက်ကတော့

ဒီကလေးက တောင်ပိုင်းနယ်မြေကဖြစ်သလို

လေလွင့်ကျင့်ကြံသူတစ်ယောက်ဖြစ်နေတယ်။”

ဤစကားကိုကြားလိုက်သည့်အခါ ဖုန်းရှဲ့၏

မျက်ခွံများ လှုပ်ယမ်းသွားပြီး သူ့အကြည့်က ယန်ယွဲ့

အပေါ်ကို တစ်ဖန် ဆင်းသက်လာပါသည်။ သူက

ယန်ယွဲ့ကိုခဏအကြာစိုက်ကြည့်နေရင်းဖြင့်

ခေါင်းခါပြီး “ သွေးသောက်ဖို့

စောင့်နေတဲ့

ထက်မြစူးရှတဲ့ဓားတစ်လက်လိုအရှိန်အဝါတွေ။

သူ့မှာ အလားအလာကောင်းတွေရှိတယ်။

ကံမကောင်းစွာပဲ၊

ကောင်းကင်ဘုံတာအိုရဲ့ကျိန်စာတိုက်တာကိုခံနေရ

တယ်။ သူ့ရဲ့ သက်တမ်းက

နောက်ထပ်နှစ်အနည်းငယ်ထက်မပိုတော့ဘူး။

ဒါ့အပြင်၊ သူက ဓားအင်ပါယာ ဖြစ်နေရင်တောင်

သူမနဲ့ နှိုင်းယှဉ်ရင်

သိသိသာသာကိုနိမ့်ကျနေသေးတယ်။ တကယ်လို့

ဒီကလေးမသာမရှိရင်တော့ ငါလုပ်နိုင်တယ်!”

"အကြီးအကဲ! မှားပြန်ပြီ!"
ဤတစ်ကြိမ်ပြောလိုက်သူက ရှီလော့ ပါ။

အဘိုးအို ဖုန်းရှဲ့က ရှီလော့ကို ဂရုမစိုက်ဘဲ
စိုက်ကြည့်ကာ "အဆုံးမဲ့ဂိုဏ်းရဲ့ လူငယ်လေး၊
မင်းက ဒီတစ်ခါ အဆုံးမဲ့ဂိုဏ်းအတွက်
မျက်နှာပျက်သွားပြီထင်တယ်။
နတ်ဆိုးမျိုးနွယ်ဝင်တွေရဲ့ဖိနှိပ်မှုနဲ့တင်ဒီလိုရှက်စရာ
ကောင်းတဲ့အခြေအနေကိုရောက်သွားတာပဲ။
ဒီအကြောင်းကို မင်းရဲ့ ဂိုဏ်းသခင်သာ သိရင်
မင်းကို သေတဲ့အထိ ရိုက်နှက်ပစ်လိမ့်မယ်!”

ရှီလော့က ခေါင်းခါလိုက်သည်။ "စီနီယာဖုန်းရဲ့!
စီနီယာက ယန်ယဲ့ဟာ
အန်နန်ကျင်းထက်နိမ့်ကျတယ်လို့ပြောခဲ့တယ်။ ဒါကို
ဒီဂျူနီယာလည်း
အသိအမှတ်ပြုလက်ခံပါတယ်။တကယ်တော့
သူမရဲ့ ပါရမီကိုက ကြီးမားလွန်းနေတာလေ။ ဒါပေမဲ့
ယန်ယဲ့က....! အန်နန်ကျင်းက
ပိုပြီးသန်မာတယ်ဆိုပြီး သူ့ကို လျှော့မတွက်သင့်ဘူး။
ဘယ်လိုပဲဖြစ်ဖြစ် စီနီယာလိုလူတစ်ယောက်က
သူ့အပေါ်အထင်အမြင်သေးတယ်ဆိုတဲ့
တကယ်ရှက်စရာကောင်းတယ်။"

"အိုး?" အဘိုးအိုဖုန်းရှဲ့က မျက်ခုံးများကို ပင့်တင်ကာ စကားမပြောခင် စိတ်ဝင်တစား အရိပ်အယောင်တစ်ခု ပေါ်လာသည်၊ " သူကတကယ်ပဲ မင်းပြောသလိုများ ဖြစ်နိုင်ရဲ့လား? ဒီလိုဆို ငါဖုန်းရှဲ့က အမှားလုပ်မိတာလို့ပြောချင်တာလား?"

သူပြောပြီးသည်နှင့် ယန်ယဲ့ကို ပြန်လှည့်ကြည့်ကာ "ကလေး၊ ငါ မင်းကို အခွင့်အရေးမပေးဘူးလို့ မပြောနဲ့။ မင်းရဲ့ ဝှက်ဖဲတွေကိုအကုန်ထုတ်ပြလိုက်။ အဲ့ဒါတွေက ငါ့ကိုကျေနပ်စေရင် မင်းကို ငါ့ရဲ့ သန့်စင်မြစ်ဂိုဏ်း ထဲဝင်ခွင့်ပေးမယ်။"

အနှီလူအိုကြီးပြောလိုက်သောစကားကြောင့်

ယန်ယွဲ့က

စိတ်ထဲကနေကြိတ်ပြီးရယ်မောလိုက်ပါသည်။"ဒါက

အခွင့်အရေးပေးတာလား? ငါယန်ယွဲ့က

တခြားလူတစ်ယောက်ရဲ့ အခွင့်အရေးပေးတာကို

လိုအပ်မှာတဲ့လား?"

ခဏအကြာတွင် ခေါင်းခါလိုက်သည်။ “အဲဒါ

မလိုပါဘူး။ စီနီယာပြောသလိုပဲ ငါ့မှာ သက်တမ်းက

နှစ်ပေါင်းများစွာ မကျန်တော့ဘူး။ ဒါကြောင့် စီနီယာ

ရဲ့ ဂိုဏ်းထဲကို ဝင်လိုက်တာက ဂိုဏ်းရဲ့

အရင်းအမြစ်တွေကို ဖြုန်းတီးခြင်းသာ
ဖြစ်လိမ့်မယ်။”

အဘိုးအိုဖုန်းရှဲ့က သူ့အပြုံးကို ထိန်းလိုက်ပြီး
"မင်းက အရမ်းငယ်သေးတာ။ ဒေါသနဲ့ပြောလို့
သတိလက်လွတ်သွားတာလား။ တစ်ခုပြောရရင်
မင်းက အခု
ရှေးဟောင်းဓားအိမ်ရဲ့အသိအမှတ်ပြုခံထားရရင်
တောင် ဂိုဏ်းတစ်ခုရဲ့
ပြုစုပျိုးထောင်ပေးတာကိုမခံရဘဲနဲ့ဘယ်လိုအောင်
မြင်နိုင်မှာလဲ?

ရှေးဟောင်းဓားအိမ်ရဲ့ဝိညာဉ်က မိုချင်းယုကို တောင်စွန့်လွှတ်နိုင်ခဲ့တာ။ ဒီတော့ အနာဂတ်မှာ မင်းမှာအင်အားမလုံလောက်ရင် မင်းကိုလည်းစွန့်လွှတ်လိမ့်မယ်။ နားလည်ရဲ့လား?"

"အဲဒါကိုတော့ စီနီယာက စိတ်ပူစရာမလိုပါဘူး!" ယန်ယဲ့က မထူးခြားဟန်ဖြင့် ပြောလိုက်သည်။

"ငါယန်ယဲ့က သူများက သနားလို့ပေးတဲ့ပုံစံနဲ့ အခွင့်အရေးဆိုတာကိုလက်ခံနိုင်မလဲ?"

အဘိုးအိုဖုန်းရှဲ့က အေးစက်စွာ ရယ်မောလိုက်၏။ သူ့အကြည့်တွေကို ပြန်ရုတ်ကာ အန်နန်ကျင်းကိုကြည့်လိုက်သည်။

"လူအိုကြီးဟွမ်က မင်းကို ကတိပေးထားတဲ့အတိုင်းပဲ ငါ့ရဲ့ သန့်စင်မြစ်ဂိုဏ်းကလည်းပေးနိုင်တယ်။ ဒါ့အပြင် သန့်စင်မြစ်ဂိုဏ်းက မင်းကို ဂိုဏ်းသခင်လောင်းအဖြစ်တစ်ခါတည်းလက်ခံမယ်။ ပြီးတော့ သန့်စင်မြစ်ဂိုဏ်းရဲ့ အနာဂတ်ဂိုဏ်းသခင်ဖြစ်လာရမယ်လို့ငါဖုန်းရှဲ့ကတိ ပေးနိုင်တယ်။ ကလေး! ဒါကို ဘယ်လိုထင်လဲ?"

အဘိုးအိုချန်းဟွမ်က မျက်မှောင်ကြုတ်သွားသည်။

အန်နန်ကျင်းက ခေါင်းကို ဖြည်းညင်းစွာခါလိုက်၏။

"အကြီးအကဲ၊ ငါ့အတွက် အချိန်ဖြုန်းနေစရာ

မလိုပါဘူး။ ဒါ့အပြင် ငါ့မှာ ဆရာနဲ့

ဂိုဏ်းတစ်ခုရှိတယ်!”

"ဘာလဲ?" အဘိုးအိုဖုန်းရှဲ့ နှင့်

အဘိုးအိုချန်းဟွမ်တို့နှစ်ဦးလုံး

တစ်ချိန်တည်းမျက်မှောင်ကြုတ်သွားသည်။

အဘိုးအိုချန်းဟွမ်က

အသံတိုးတိုးနဲ့ပြောလိုက်လေသည်။

"အန်မိန်းကလေး! မင်းမှာ ဂိုဏ်းတစ်ခုရှိသလား။ ပြီးတော့ ဆရာ လား?"

အန်နန်ကျင်းက ခေါင်းညိတ်သည်။ “တကယ်ပဲ။ ဒါပေမယ့် သူတို့အကြောင်း ငါမပြောနိုင်ဘူး။ တခြားဘာမှမရှိဘူးဆိုရင်တော့ ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်ရဲ့ နောက်ဆုံးအဆင့်ကို စလိုက်ပါ။ ဒီမှာ အချိန်အများကြီး မဖြုန်းချင်ဘူး!"

အဘိုးအိုနှစ်ဦးက ထိုစကားကိုကြားလိုက်သောအခါ မျက်နှာပေါ်တွင် ခါးသီးသောအမူအရာများကို ချက်ချင်းထုတ်ဖော်လိုက်ကြသည်။

ထူးခြားဆန်းကြယ်သော ပါရမီရှင်တစ်ဦးကို သတိပြုမိပြီး အချင်းချင်း ပြဿနာတက်လုနီးပါးဖြစ်နေသော်လည်း သူမတွင် ဆရာသခင်နှင့် ဂိုဏ်းတစ်ခု ရှိနေပြီဖြစ်သည်။

တစ်ချိန်တည်းမှာပင် နှစ်ယောက်စလုံး သက်ပြင်းချပြီးနောက် သူတို့၏အကြည့်များက ယန်ယဲ့အပေါ်သို့ ကျဆင်းသွားခဲ့သည်။

အန်နန်ကျင်းကို ဖယ်ထုတ်လိုက်လျှင် ဤနေရာရှိ

လူသားကျွမ်းကျင်သူများထဲ၌

အင်အားအကြီးဆုံးသူမှာ ယန်ယဲ့သာ။

သို့သော် ကံဆိုးစွာဖြင့် ဤလူငယ်ကအသက်ရှင်ရန်

နှစ်အနည်းငယ်သာကျန်တော့၏...။

အကယ်၍သာ ယန်ယဲ့သည် အန်နန်ကျင်းနှင့်

ညီမျှသည့် သဘာဝစွမ်းရည်များ ပိုင်ဆိုင်ပါက

၎င်းတို့ဂိုဏ်းတစ်ခုလုံး၏ အရင်းအမြစ်များကို

အသုံးပြုရလျှင်ပင် ယန်ယဲ့၏ သက်တမ်းကို

ပြန်လည်ဖြည့်တင်းရန်

နည်းလမ်းရှာကြမည်ဖြစ်သည်။

ကံမကောင်းစွာပဲ၊ သူတို့၏အမြင်တွင် ယန်ယဲ့က

အန်နန်ကျင်း ၏ တစ်စိတ်တစ်ပိုင်းပင်မရှိပေ။

သို့သော်လည်း ဤအချိန်တွင် အဘိုးအိုချန်းဟွမ်က

ပထမဆုံး စကားစလိုက်သည်။

“ကလေး၊ မင်းက ငါ့ဂိုဏ်းထဲဝင်ဖို့ ဆန္ဒရှိရင် မင်းရဲ့

သက်တမ်းကို တိုးနိုင်အောင် ငါကြိုးစားမယ်။

ဘယ်လိုထင်လဲ?"

ယန်ယဲ့က ခေါင်းခါပြီး

မည်သို့မှမထူးခြားသောလေသံဖြင့်

ပြန်ပြောလိုက်သည်။ "စီနီယာရဲ့ ကောင်းမွန်တဲ့

ရည်ရွယ်ချက်တွေအတွက် ကျေးဇူးတင်ပါတယ်။
ဒါပေမဲ့ ဒီဂျူနီယာက
လွတ်လွတ်လပ်လပ်ပဲသွားလာနေတတ်တယ်၊
ကိုယ့်ကိုယ်ချည်နှောင်ထားတာတွေမကြိုက်ဘူး။
စီနီယာ ရဲ့ ကြင်နာမှုကိုတော့ လေးစား
ပါတယ် ။"

တစ်ချိန်တည်းမှာပင် အဘိုးအိုဖုန်းရှဲ့က
အေးစက်စွာပြီးပြုံးရင်း "မင်းမှာရှိတဲ့ ဓားတာအို
နဲ့ပင်ကိုယ်စွမ်းရည်တွေက အရမ်းကောင်းတယ်။
ဒါပေမယ့် မင်းမှာ ဂိုဏ်းတစ်ခုရဲ့ ပြုစုပျိုးထောင်မှုနဲ့
ကျင့်ကြံမှု အရင်းအမြစ်တွေ အများကြီး

မရှိဘူးဆိုရင် အဆုံးမှာ နောက်ကျကျန်နေလိမ့်မယ်။ မင်းရဲ့ ပင်ကိုယ်စွမ်းရည်က ဓားတာအိုမှာ ဘယ်လောက်ပဲ ထူးထူးခြားခြား ဖြစ်နေပါစေ အလကားပါပဲ။

ငါက ချန်းဟွမ်လို ကြောင်သူတော် မဟုတ်ဘူး။ ငါမင်းကို ငါ့ဂိုဏ်းထဲဝင်ဖို့ မတောင်းဆိုဘူး၊ မင်းရရှိတဲ့ ကံကြမ္မာစွမ်းအားရဲ့ ၈၀ ရာခိုင်နှုန်းကို ငါ့ သန့်စင်မြစ်ဂိုဏ်းဆီပေးစေချင်တယ်။"

"ဘာလို့အဲ့လိုလုပ်ရတာလဲ?" ယန်ယဲ့က ဒေါသထောင်းခနဲ ထွက်သွားကာ ကျယ်လောင်စွာရယ်မောလိုက်ပါသည်။

အဘိုးအိုဖုန်းရှဲ့၏ မျက်လုံးများ အနည်းငယ် ကျဉ်းမြောင်းသွားကာ မျက်လုံးထဲမှ အေးစက်စက်အလင်းတန်းတစ်ခု လင်းလက်လာသည်။ သူက "မင်းရဲ့ ကံကြမ္မာစွမ်းအားကို ငါတို့က သဘာဝအတိုင်း မယူဘူး။ မင်းသာ ငါ့ဂိုဏ်းကို ကံကြမ္မာစွမ်းအားပေးမယ်ဆိုရင် မင်းအတွက် ကျင့်ကြံမှုအရင်းအမြစ်တချို့ပေးနိုင်တယ်။

ဒါ့အပြင် စွမ်းအားနည်းစနစ်တွေ နဲ့ တိုက်ခိုက်ရေးနည်းစနစ်တွေကိုပါပေးနိုင်တယ်။ စိတ်မပူပါနဲ့၊ အဲဒါတွေက အနည်းဆုံး မြေကမ္ဘာအဆင့်နည်းစနစ်တွေပဲ ရှိလိမ့်မယ်။”

"မေ့လိုက်ပါ စီနီယာ!" ယန်ယွဲ့က ပြတ်ပြတ်သားသား ငြင်းဆန်လိုက်သည်။ “ဒီဂျူနီယာက ကျင့်ကြံမှုအရင်းအမြစ်တွေကို ကိုယ်တိုင်ရနိုင်တာဖြစ်လို့ စီနီယာက စိတ်ပူနေစရာ မလိုပါဘူး။ ဒါ့အပြင် စီနီယာက ပွင့်ပွင့်လင်းလင်းဆိုတော့ ငါလည်းပြတ်ပြတ်သားသားပဲပြောချင်တယ်။

ဘယ်ဂိုဏ်းကိုမှ မဝင်ချင်ဘူး၊ ဒါကြောင့် စီနီယာရဲ့ အားထုတ်မှုကို မဖြုန်းတီးတော့ဘူး။ကံကြမ္မာစွမ်းအားကို လိုချင်ရင်တော့ တခြားတစ်ယောက်ဆီ သွားရှာလိုက်ပါ။"

ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူတစ်ဦးက သူ့အား ထိုကဲ့သို့ ပြောဆိုဝံ့သောကြောင့် အဘိုးအိုဖုန်းရှဲ့က မျက်နှာပျက်သွားသည်။

ဒီလို ပြောင်ပြောင်တင်းတင်း မလေးမစား !

သူက ယန်ယဲ့ကို သင်ခန်းစာပေးလိုက်ချင်သည်။

သို့သော်၊ ရှေးဟောင်းစစ်မြေပြင်၏

စည်းမျဉ်းများကို ပြန်သတိရသောအခါတွင်

အတွေးကို စွန့်လွှတ်ရန်မှတစ်ပါး

ရွေးချယ်စရာမရှိပေ။

အဆုံးတွင် ယန်ယဲ့ကိုသာ

အေးစက်စက်စိုက်ကြည့်လိုက်သည်။

"ဓားသမားတစ်ဦးကမျှော်လင့်ထားတဲ့အတိုင်း

မောက်မာလွန်းတယ်။ ကောင်းပြီလေ၊ မင်းက

မာနကြီးသလို မင်းရဲ့လက်ကျန်ဘဝက

ကြီးကျယ်ခမ်းနားလိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်!"

စကားပြောပြီးသည်နှင့် အဘိုးအိုဖုန်းရှဲ့က တဖျပ်ဖျပ်ဖျပ်လတ်နေပြီး နေရာတွင်ပင် ပျောက်ကွယ်သွားသည်။

အဘိုးအိုချန်းဟွမ်က ပြောလာသည်။

"ကလေး၊ သူ့အပြောက မကောင်းပေမဲ့ မင်းသူ့ကို ပြန်မပြောသင့်ဘူး။ အဆင့်မြင့်ပညာရှင်တစ်ဦး စော်ကားတာဟာ တကယ်ကို ပညာမဲ့တာပဲ!”

ယန်ယွဲ့က အေးစက်စွာရယ်မောပြီး "အကြီးအကဲ၊ ငါယန်ယွဲ့က ဒီလိုပညာရှင်ကို စော်ကားရတဲ့ အကြောင်းရင်းကို ရှင်းရှင်းလင်းလင်း

သိထားသင့်တယ်။ အဆင့်မြင့်ပညာရှင်တစ်ဦးကို စော်ကားဖို့ ဘယ်တုန်းကမှ မတွေးခဲ့မိဘူး။ ဒါပေမယ့် ဒီဖုန်းရဲ့က ငါယန်ယဲ့ကိုခေါ်ယူတာ ငါ့အတွက် အကြီးမားဆုံး ကံကြမ္မာတစ်ခုလိုမျိုး မာနကြီးတဲ့ အမူအရာနဲ့ ပြောနေတာကြောင့် မကူညီနိုင်ခဲ့ဘူး။"

မှန်ပါသည်။

သူ၏ကျင့်ကြံမှုအဆင့်နိမ့်ကျနေသောကြောင့်ပါ။သို့ မဟုတ်ပါကနဂါးအရိုးဓားကိုဆွဲထုတ်ကာချက်ချင်း တိုက်ခိုက်ပါလိမ့်မည်။

အဘိုးအိုချန်းဟွမ်က အံ့အားသင့်သွားပြီး

နှုတ်ဆိတ်မသွားမီ ခေါင်းယမ်းကာ

ရယ်မောလိုက်သည်။

သူ့မျက်လုံးထဲတွင်

နောင်တအရိပ်အယောင်များတောက်ပလာပြီး

အန်နန်ကျင်းကို တစ်ချက်ကြည့်လိုက်သည်။

ယန်ယဲ့ ကို ခေါ်ယူခြင်းသည် ကြီးမားသော

ကိစ္စမဟုတ်ပေ။

အမှန်စင်စစ် ယန်ယဲ့က

အသက်ရှင်ရန်နှစ်အနည်းငယ်သာကျန်ရှိသောကြော

င့်ဖြစ်သည်။

သူ၏ပင်ကိုယ်ပါရမီက မည်မျှပင် ကြီးမားနေပါစေ၊ ၎င်းသည် ခဏတာမျှသာ။

သို့သော်လည်း အန်နန်ကျင်းကတော့ လုံးဝကွဲပြား၏။

သူမက ဆန်းကြယ်တိုက်ကြီး၏သမိုင်းတစ်လျှောက် ထူးခြားလွန်းသောပါရမီရှင်တစ်ဦးပါ။

အကယ်၍ သူသာ အန်နန်ကျင်းကိုခေါ်ယူနိုင်ပါက နောင်အနာဂတ်တွင် မွေးဖွားခြင်းဂိုဏ်းက ဆန်းကြယ်တိုက်ကြီး၏ မဟာအင်အားကြီးဂိုဏ်းတစ်ခုဖြစ်လာပေမည်။

သို့သော်၊ ကံဆိုးစွာပဲ မွေးဖွားခြင်းဂိုဏ်းက သူမကို မခေါ်ယူနိုင်ခဲ့ပေ။

ခဏကြာတွင် အဘိုးအိုချန်းဟွမ်က ခေါင်းယမ်းလိုက်ကာ အဆင့်(၄)ထပ်မြောက်မှလူတိုင်းကို တစ်ချက်ကြည့်လိုက်လေသည်။ "အချိန်ကျပြီ။ ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်ရဲ့ နောက်ဆုံးအဆင့်ပြိုင်ပွဲက အခုအချိန်မှာ တရားဝင်စပြီ။ ဒီလိုဆိုတော့မင်းတို့ရဲ့သက်ဆိုင်ရာဂိုဏ်းတွေအတွ

က်ကောကိုယ်ကိုယ်တိုင်အတွက်ပါကြိုးစားလုပ်ဆောင်ကြ။"

ကြေညာသံ ဆုံးသည်နှင့် တစ်ပြိုင်နက် အန်နန်ကျင်း၏ ခန္ဓာကိုယ်မှ ကြောက်မက်ဖွယ်ကောင်းသော အငွေ့အသက်များ ရုတ်တရက် ထွက်ပေါ်လာကာ လူတိုင်း၏ အမူအရာများ ပင် သိသိသာသာပြောင်းလဲသွားခဲ့သည်။အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဝိညာဉ်နယ်ပယ်အလွှာအဆင့် ကျွမ်းကျင်သူတစ်ဦး၏ အရှိန်အဝါဖြစ်နေသောကြောင့်ပါ။

အန်နန်ကျင်း၏ ပုံရိပ်က တောက်ပလာပြီး ပုန်းကွယ်နေသောနဂါးစင်မြင့်ပေါ်တွင် ပေါ်လာခဲ့သည်။

သူမက စင်မြင့်အောက်ရှိ လူတိုင်းကို စိုက်ကြည့်ကာ မထူးခြားသောလေသံဖြင့်သာ ပြောလိုက်၏။
“နင်တို့အားလုံးက အချိန်ဖြုန်းနေစရာ မလိုပါဘူး။ အားလုံး ငါ့ကို တစ်ချိန်တည်း တိုက်ခိုက်နိုင်တယ်!"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၉၅ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၉၅)] - ဝိညာဉ်မန္တာန်

အန်နန်ကျင်းက လက်နှစ်ဖက်ကိုနောက်ပစ်ထားကာ

စင်မြင့်ထက်၌ ဂုဏ်ယူစွာ

မတ်တပ်ရပ်နေခဲ့လေသည်။

တစ်ချိန်တည်းတွင်

သူမ၏ခန္ဓာကိုယ်မှထွက်ပေါ်လာနေသော

ပြိုင်ဖက်ကင်းအရှိန်အဝါက

နဂါးစင်မြင့်တစ်ခုလုံးကိုဖုံးလွှမ်းသွားပါတော့သည်။

မှန်ပါသည်။ အကျိုးဆက်အနေနဲ့ကတော့

သူမ၏မျက်လုံးထဲမှ လစ်လျူရှု၊ ယုံကြည်မှုများက

ကျန်လူတိုင်းထံမှ လေးစားမှုများ၊ မုန်းတီးမှုများ

အတောမသတ်နိုင်သော စိတ်ခံစားချက်တွေကို

နှိုးဆွပေးခဲ့သည်။

ဤအချိန်တွင် သူမ၏အသွင်သဏ္ဍာန်က

ကမ္ဘာလောကတစ်ခုလုံးကို

ငုံ့ကြည့်နေသောနတ်ဘုရားတစ်ပါးလိုပင်။

တစ်ဖက်တွင်မူ၊

ယန်ယဲ့သည် စင်မြင့်ထက်၌

ဂုဏ်ယူဝင့်ကြွားစွာမတ်တပ်ရပ်နေသော

အန်နန်ကျင်းကိုကြည့်ရင်း ယခင်က

အကြိုသိုင်းတတ်ဘုရားဖြစ်သော

ယွမ်ထုံနှင့်နှိုင်းယှဥ်ကြည့်လိုက်မိ၏။

အသေအချာပင်၊ ယွမ်ထုံက အန်နန်ကျင်းထက်

အဆပေါင်းများစွာနိမ့်ကျကြောင်း ဝန်ခံရန်မှတစ်ပါး

ရွေးချယ်စရာမရှိပေ။

သိုင်းနတ်ဘုရားက ဘာလဲ?

သိုင်းနတ်ဘုရားဆိုတာက ဘယ်လိုမျိုးဖြစ်သင့်လဲ?

ယန်ယဲ့က ဤအဖြေကို မသိသလို

ဤကဲ့သို့လူကိုလည်း မမြင်ဖူးပေ။

သို့သော် ယခုအချိန်တွင်တော့

"သိုင်းနတ်ဘုရား"ဟူသည် အန်နန်ကျင်း လို

ကြီးကျယ်ခမ်းနားသောလူတစ်ဦးဖြစ်သင့်သည်ဟု

သာယူဆရပေမည်။

"ဟားဟား! ဒီလိုအသွင်အပြင်၊

ဒီလိုမောက်မာတဲ့စိတ်ထား၊

ကြီးကျယ်ခမ်းနားတဲ့အရှိန်အဝါ။ ဒါက

သိုင်းနတ်ဘုရား ပိုင်ဆိုင်သင့်တဲ့ အသွင်အပြင်ပါပဲ။”

ထိုအချိန်တွင် လော့ရှဲက ရုတ်တရက်

ရယ်မောလိုက်ပြီး မိုခေး နှင့် ယန်ယဲ့ ကို
တစ်ချက်ကြည့်ကာ "မင်းတို့နှစ်ယောက်
အရင်သွားမလား၊ ဒါမှမဟုတ် ငါသွားရမလား!"
သူသည် အန်နန်ကျင်းပြောခဲ့သလိုမျိုး
ဤလူများနှင့်အတူပူးပေါင်းပြီးမတိုက်ခိုက်လိုပေ။

ဤအချိန်တွင် မိုခေး၏ပုံရိပ်က နဂါးစင်မြင့်ပေါ်သို့
ပျံတက်သွားသည်။

သူ၏ခန္ဓာကိုယ်မှ
နတ်ဆိုးစွမ်းအင်များထွက်ပေါ်လာပြီး
အနက်ရောင်အကြေးခွံများကချက်ချင်းပင်
သူ့ခန္ဓာကိုယ်တစ်ခုလုံးကို ဖုံးလွှမ်းသွားသည်။

ထို့နောက် သူက

အန်နန်ကျင်းကိုကြည့်ကာပြောလိုက်၏။

“သိုင်းနတ်ဘုရားက အဆင့်တူနယ်ပယ်မှာ

မရှုံးနိမ့်နိုင်ဘူးလို့ ပြောကြတယ်။ ငါမိုခေးကလည်း

ကျင့်ကြံခြင်းလမ်းကြောင်းကိုစလျှောက်တဲ့အချိန်က

စလို့ အဆင့်တူနယ်ပယ်မှာ တစ်ခါမှ

မရှုံးနိမ့်သေးဘူး။

အန်နန်ကျင်း၊ မင်းက

အထွတ်အထိပ်ရောက်နေပြီဆိုတော့ အရှုံးကို

လိုက်ရှာနေတာလား? ငါမိုခေးကကလည်း ဒီလိုပါပဲ။

မင်းငါ့ကိုစိတ်မပျက်ဖို့မျှော်လင့်ပါတယ်!"

"နင်က မလုံလောက်ဘူး!" အန်နန်ကျင်းက ခေါင်းကို အသာလေးခါယမ်းလိုက်သည်။

"ဟုတ်လား?" စကားပြောပြီးသည်နှင့် မိုခေးက နေရာတွင်ပင် ပျောက်ကွယ်သွားကာ အန်နန်ကျင်း၏ ရှေ့သို့ ချက်ချင်းရောက်ရှိလာသည်။ အနက်ရောင်အကြေးခွံများဖြင့် ဖုံးအုပ်ထားသည့် နတ်ဆိုးလက်သီးက လေထဲသို့ ပေါက်ကွဲထွက်ပြီး အန်နန်ကျင်း၏ ဦးခေါင်းဆီသို့ ပြင်းထန်စွာ ထိုးချလာခဲ့သည်။

သို့သော်၊ နတ်ဆိုးလက်သီးက

သူမ၏ခေါင်းကိုထိမှန်လုနီးပါးချိန်တွင်

အန်နန်ကျင်း၏ လက်သီးကလေထုကိုထိုးခွဲကာ

မိုခေး၏ရင်ဘတ်သို့ တိုက်ရိုက်ထိမှန်သွားသည်။

ဒန်!

အန်နန်ကျင်း၏ လက်သီးချက်က

သံမဏိပြားကြီးကို ထိုးချလိုက်သလိုပင်၊ သတ္တုနှင့်

တိုက်မိသော အသံများသာ ထွက်ပေါ်လာသည်။

အန်နန်ကျင်း၏ လှပသော မျက်ခုံးများကအနည်းငယ်တွန့်ကွေးသွားကာ သူမ၏လက်သီးကိုနောက်တစ်ကြိမ်ထိုးချလိုက်ပြန်သည်။

"ပီ!"

အသံတိုးတိုးထွက်ပေါ်လာသည်နှင့် သူမ၏ လက်သီးချက်ကိုမိုခေး၏ရင်ဘတ်ကိုကြမ်းတမ်းစွာ ထိုးချလိုက်လေသည်။

ဘန်း!

ဤတစ်ကြိမ်တွင် မိုခေး၏ခန္ဓာကိုယ်က
လွင့်ပျံသွားသည်။

၎င်းက စင်မြင့်အစွန်းမှပြုတ်ကျလုနီးပါးချိန်တွင်
ပါးလွှသောအလင်းရောင်အတားအဆီးတစ်ခု
ရုတ်တရက်ပေါ်လာပြီး မိုခေး၏ခန္ဓာကိုယ်နှင့်
တိုက်မိသွားလေသည်။

မိုခေး၏ခန္ဓာကိုယ်က ချက်ချင်းပင်
လွင့်ပျံသွားပြန်သည်။

သို့သော်လည်း ဤအခိုက်အတန့်တွင်

အန်နန်ကျင်းက

လေထဲ၌လွင့်ထွက်သွားသောမိုခေး၏ ရှေ့တွင်

ရုတ်တရက်ပေါ်လာပြီး လက်သီးဖြင့်

ထပ်မံထိုးချလိုက်သည်။

ဘန်း!

မိုခေးက နောက်တစ်ကြိမ်လွင့်ထွက်သွားကာ

စက်ဝိုင်းပုံသဏ္ဍာန်လှည့်ပတ်သွားရလေသည်။

ဤမြင်ကွင်းကြောင့် စင်မြင့်အောက်ရှိ မရေမတွက်နိုင်သော ကျွမ်းကျင်သူများ အားလုံးအံ့သြတုန်လှုပ်သွားကြသည်။

အထူးသဖြင့် နတ်ဆိုးမျိုးနွယ်ဝင်များပါ။

အားလုံးက မိုခေး ပိုင်ဆိုင်ထားသော ခုခံရေးအဆင့်နှင့် ရုပ်ခန္ဓာခွန်အားကိုရှင်းရှင်းလင်းလင်း သိထားကြသည်။

တစ်ဆက်တည်း မိုခေး၏ရုပ်ခန္ဓာခွန်အားက ဝိညာဉ်နယ်ပယ်အလွှာအထွတ်အထိပ်အဆင့်ကျွမ်းကျင်သူပင်ချိုးဖျက်ရန်ခဲယဉ်းပေသည်။

သို့သော် ယခုအချိန်မှာတော့ ၎င်းတို့၏
စီနီယာအစ်ကိုက လူသားကျွမ်းကျင်သူတစ်ဦး၏
လက်ထဲတွင် လုံး၀ ဖိနှိပ်ခံနေရသည်။

ယန်ယွဲ့သည်လည်း မိုခေးကို စိုက်ကြည့်ရင်း
ခေါင်းယမ်းလိုက်ပါသည်။

နောက်ဆုံးတွင် ဤမိုခေးက
ကိုယ့်ကိုယ်ကိုထင်ကြီးမောက်မာလွန်းပြီး
သတိလက်လွတ်ဖြစ်သွားခဲ့ခြင်းပင်။

အကယ်၍ မိုခေးကသာ
တိုက်ပွဲစလျှင်စချင်းအစစ်အမှန်ခွန်အားကို

အပြည့်ဝထုတ်ဖော်ပါက

အန်နန်ကျင်း၏ရိုက်နှက်မှုကိုခံရမည်မဟုတ်ပေ။

ဤအချိန်တွင် အန်နန်ကျင်းက ဒုတိယမြောက်

လက်သီးချက်ဖြင့်

မိုခေးကိုလွင့်ပျံထွက်စေပြီးနောက်

ထပ်မံတိုက်ခိုက်ခြင်းမပြုခဲ့ပေ။

သူမက မြေပြင်ပေါ်လဲကျနေရာမှ

မတ်တပ်ရပ်လာသော မိုခေးကို ကြည့်ရင်း

“ဒီလက်သီးနှစ်ချက်ကို လျှော့တွက်လို့ မရဘူး။ နင့်ရဲ့

ခွန်အားအစစ်အမှန်ကို မထုတ်ဖော်တဲ့အတွက်

ငါနင့်ကို မသတ်ခဲ့တာ။ ဒီလိုဆိုတော့ နင့်ကို

ဒီအတိုင်းသတ်လိုက်တာက
တော်တော်သနားဖို့ကောင်းသွားလိမ့်မယ်!"

"ငါ မင်းကို လုံးဝ လျှော့မတွက်သင့်ဘူး!" မိုခေးက
ဖြည်းညှင်းစွာ ထရပ်လိုက်သည်။

သေးငယ်ပြီး နူးညံ့သိမ်မွေ့သော လက်သီးချက်က
သူ၏ဝမ်းဗိုက်ပေါ်တွင်
အံ့သြစရာကောင်းလောက်အောင်
ထင်ရှားစွာတွေ့မြင်နိုင်ပေသည်။ ထို့အပြင်
မိုခေး၏ပါးစပ်ထောင့်တွင် နတ်ဆိုးသွေးစိမ်းများ
စီးကျနေပါသည်။

မိုခေးက

သူ့ပါးစပ်ထောင့်မှစီးကျလာသောနတ်ဆိုးသွေးစိမ်း

များကို သုတ်လိုက်ရင်းသူ့မျက်နှာပေါ်တွင်

ကြီးကျယ်ခမ်းနားသော အမူအရာများ

ပေါ်လာလေသည်။ “ကောင်းပြီ၊

အရမ်းကောင်းတယ်။ ဒီလိုဒဏ်ရာဒဏ်ချက်တွေကို

မခံစားခဲ့ရတာ အတော်ကြာသွားပြီ။

သိုင်းနတ်ဘုရားက

မျှော်လင့်ထားတဲ့အတိုင်းပဲ။ မင်းက

ငါ့ရဲ့ရုပ်ခန္ဓာခွန်အား နဲ့ အကာအကွယ်ကို

ချိုးဖျက်နိုင်ခဲ့လို့၊ ငါထင်တယ်.... မင်းက စစ်မှန်သော

အရှိန်စိတ်ဆန္ဒ နဲ့ ခွန်အားစိတ်ဆန္ဒ

ကိုနားလည်သွားပြီမဟုတ်လား?

 မင်းက တကယ်ကို ထူးထူးခြားခြား သဘာဝ

အရည်အချင်းတွေ ပိုင်ဆိုင်ထားတာပဲ!”

စကားပြောပြီးသည်နှင့် မိုခေး၏နောက်ကျောမှ

အနက်ရောင်အတောင်ပံကြီးတစ်စုံ

ထွက်ပေါ်လာသည်။

၎င်းတို့ကို လျို့ဝှက်ဆန်းကြယ်သော အနက်ရောင်နှင့်

အကြေးခွံများဖြင့် ဖွဲ့စည်းထားကာ

သိပ်သည်းသောအနက်ရောင်စွမ်းအင်များဖုံးလွှမ်းနေ

ပြီး မမြင်နိုင်သောအငွေ့အသက်များပင် ပျံ့လွင့်နေလေသည်။

အနက်ရောင်အတောင်ပံကြီးများ၏ အစွန်းများက ချွန်ထက်သော ဓားသွားများနှင့် တူပုံရပြီး ကြောက်မက်ဖွယ်ရာ အေးစက်စက်အလင်းတန်းများလည်း တဖျပ်ဖျပ်ခတ်သွားသည်။

"နတ်ဆိုးဘုရား ရဲ့ အတောင်ပံ?" ဤအတောင်ပံများကို မြင်လိုက်သောအခါ

အန်နန်ကျင်း၏ အမှုအရာက

အနည်းငယ်လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

နတ်ဆိုးဘုရား၏အတောင်ပံများ သည်

လွန်ခဲ့သော အတိတ်ကာလနှစ်များ က

နတ်ဆိုးဘုရား ပိုင်ဆိုင်ခဲ့သော

ကြောက်စရာအကောင်းဆုံး

နတ်ဆိုးနည်းစနစ်ဖြစ်သည်။

၎င်းကို နဂါးနက်အကြေးခွံ (၃၃,၀၀၀) နှင့်

နတ်ဆိုးနယ်မြေမှ

နတ်ဆိုးသူတော်စင်သားရဲဖြစ်သည့်

အမှောင်နတ်ဆိုးနဂါး၏ သွေးအဆီအနှစ်များဖြင့် ဖန်တီးထားခြင်း ဖြစ်သည်။

နတ်ဆိုးသူတော်စင်သားရဲက နတ်ဆိုးနယ်မြေ၏ သူတော်စင်အဆင့် နတ်မိစ္ဆာသားရဲ နှင့် အဆင့်အတန်းတူသည်။

အန်နန်ကျင်းက ခေါင်းကို ဖြည်းညှင်းစွာ ခါလိုက်သည်။ "အဲဒါကို မလိုပါဘူး၊ ငါ နင့်ကို အားစိုက်စရာတောင်မလိုဘူး!"

"ဒါဆို သေလိုက်တော့!"

အန်နန်ကျင်းက စကားပင်မဆုံးသေး၊

ချွန်ထက်လှသော

အတောင်ပံတစ်စုံကသူမ၏ခန္ဓာကိုယ်ကို

အလျားလိုက် ပိုင်းဖြတ်လာလေသည်။

သို့သော်,

အန်နန်ကျင်း၏ အမူအရာက တည်ငြိမ်နေပြီး

သူမ၏ လက်သီးကိုသာ ရှေ့သို့ ဆန့်ပြီး

ထိုးချလိုက်သည်။

ဘန်း!

အန်နန်ကျင်းက နေရာမှာပင်

တည်ငြိမ်နေခဲ့သော်လည်း မိုခေးက နောက်သို့

ခြေလှမ်းအနည်းငယ် ဆုတ်လိုက်ရ၏။

သို့သော် သူမ၏ ညာလက်သီးတွင်

သွေးဒဏ်ရာတစ်ချက်ပေါ်လာသည်ကိုသတိပြုမိလို

က်ရာ

အန်နန်ကျင်း၏မျက်ခုံးများကအနည်းငယ်ပင့်တက်

သွားလေသည်။

"နင်က တကယ်ကို သေလမ်းရှာနေတာလား။"

အန်နန်ကျင်းက ခေါင်းကိုမော့ကာ မိုခေးကို

စူးစူးရဲရဲကြည့်လိုက်သည်။

ရုတ်တရက်ဆိုသလို သူမ၏ပုံရိပ်က ချက်ချင်း

ပျောက်ကွယ်သွားကာ

ပုံရိပ်ယောင်များစွာပေါ်လာပြီး

မိုခေး၏ရှေ့သို့ရောက်ရှိလာတော့သည်။

တစ်ချိန်တည်းမှာပင် သူမ၏ ညာလက်သီးကို

တင်းတင်းကြပ်ကြပ် ဆုပ်လိုက်ပြီးနောက် မိုခေး၏

ခေါင်းတည့်တည့်သို့

ကြမ်းတမ်းစွာထိုးလိုက်ပါသည်။

ဤမြင်ကွင်းကိုမြင်လိုက်ရသောအခါ ယန်ယဲ့ နှင့်

လော့ရှဲ တို့၏ အမူအရာများသည်ပင်

တစ်ပြိုင်နက်တည်း ပြောင်းလဲသွားကြသည်။

အကြောင်းအရင်းမှာ

အန်နန်ကျင်း၏လက်သီးတစ်ချက်က

အာကာသပြင်ကို

ပြင်းထန်စွာတုန်လှုပ်သွားစေတာကြောင့်ပင်။..

မိုခေး၏ မျက်လုံးများကလည်း ကျဉ်းမြောင်းလာပြီး

ပေါ့ပေါ့ဆဆ ပြုမူဝံ့ခြင်း မရှိပေ။

သူ၏နောက်ကျောမှ

အနက်ရောင်အတောင်ပံတစ်စုံကသူ့ခန္ဓာကိုယ်ကိုဖုံး

အုပ်သွားကာ တစ်ချိန်တည်းတွင်

အနက်ရောင်အကြေးခွံများကအန်နန်ကျင်းဆီသို့ပျံ

သန်းသွားလေသည်။

သို့သော်၊ ၎င်းက

အန်နန်ကျင်း၏လက်သီးချက်မှထွက်ပေါ်လာသောဖိ

အားကြောင့်ချက်ချင်းနောက်ပြန်လွင့်ထွက်လာကြသ

ည်။။။

"ပီ!" အန်နန်ကျင်းက ပေါ့ပေါ့ပါးပါး
အော်ဟစ်လိုက်ပြီး သူမ၏ဖြူဖွေးလှပသော
လက်သီးက မိုခေး၏ အတောင်ပံများကို တိုက်ရိုက်
ထိုးချလိုက်ပါသည်။

ဘန်း!

မိုခေးက နောက်တစ်ကြိမ် လွင့်ထွက်သွားပြန်သည်။

လော့ရှဲ၏ မျက်လုံးများက
အံ့အားသင့်စွာဖြင့်ရေရွတ်လိုက်ပါသည်။
"ဝိညာဉ်မန္တာန်" ယခုအချိန်မှသာ အန်နန်ကျင်း ၏

အရှိန်နှင့် ခွန်အားက
မည်သို့သောအကြောင်းအရင်းကြောင့်
ကြောက်စရာကောင်းနေသည်ကိုနားလည်သွားတော့
သည်။

"ဝိညာဉ်မန္တာန်"

ဝိညာဉ်မန္တာန်ရ
ဝိညာဉ်ကျင့်စဉ်အမျိုးအစားနည်းစနစ်တစ်ခုဖြစ်သ
ည်။

ဝိညာဉ်နည်းစနစ်က တိုက်ခိုက်ရေးနည်းစနစ်များနှင့် ဆင်တူသော်လည်း ၎င်းတို့၏ အနှစ်သာရက ကွဲပြားသည်။

တိုက်ခိုက်ရေးနည်းစနစ်များကို ဆန်းကြယ်ချီစွမ်းအင်ဖြင့် အသက်သွင်းနိုင်သော်ငြား ဝိညာဉ်နည်းစနစ်များကိုတော့ မူလစိတ်ဝိညာဉ်၊ ချီစွမ်းအင်၊ ဝိညာဉ်စွမ်းအင်အနှစ်သာရတို့ဖြင့်ပေါင်းစပ်ရန်လိုအပ်၏။

ဝိညာဉ်နည်းစနစ်တစ်ခုက

ကျင့်ကြံခြင်းနည်းစနစ်အမျိုးမျိုးနှင့်

ဆက်စပ်နေသည်ဟု

ဆိုနိုင်သော်ငြား

၎င်း၏လိုအပ်ချက်များကအလွန်ကြမ်းတမ်းသော

ကြောင့် ကျင့်ကြံရန်

အလွန်ခက်ခဲလှသည်။

အချုပ်ဆိုရသော်,

ဝိညာဉ်နည်းစနစ်များက

အလွန်ရှားပါးသည်ဟူသောအချက်နှင့် ယှဉ်တွဲ၍

ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးတွင် ၎င်းကို
အသုံးပြုနိုင်သူ အလွန်ပင်နည်းပါးခဲ့သည်။

ထို့အပြင် "ဝိညာဉ်မန္တာန်"သည် ဒသမ(၁၀ပါး)မြောက်
သိုင်းနတ်ဘုရား
ဖန်တီးခဲ့သောဝိညာဉ်နည်းစနစ်တစ်ခုဖြစ်သည်။

၎င်းက အရှိန်၊ ခုခံရေးအကာအကွယ် နှင့်
ချိုးဖျက်ခြင်း ဖြစ်သည်။ အရှိန်မြှင့်တင်ခြင်းက
ရုပ်ခန္ဓာခွန်အား၊ စွမ်းအင်၊ အနှစ်သာရနှင့်
စိတ်ဆန္ဒကို ကိုယ်စားပြုသည်။

ခုခံရေးအကာအကွယ်က
တိုက်ခိုက်မှုများကိုတားဆီးနိုင်စွမ်းရှိပြီး အရှိန်က

လူတစ်ဦး၏

လုပ်ရှားမှုအမြန်နှုန်းကိုမြှင့်တင်ပေးသည်။

"ချိုးဖျက်ခြင်း"ကတော့ တိုက်ခိုက်ရာတွင်

အကာအကွယ် အားလုံးကို လျစ်လျူရှုနိုင်သော

စွမ်းရည်ကို ကိုယ်စားပြုသည်။

ယခုအချိန်တွင် လော့ရှဲက

မိုခေး၏အကာအကွယ်အလွှာကို

အန်နန်ကျင်းချိုးဖျက်နိုင်ခဲ့သော

အကြောင်းအရင်းကိုနားလည်သွားပြီဖြစ်သည်။

၎င်းမှာ အန်နန်ကျင်းက "ဝိညာဥ်မန္တာန်"၏

စစ်မှန်သော လျှို့ဝှက်ချက်များကို

နားလည်ထားသောကြောင့်ဖြစ်သည်။

အန်နန်ကျင်းက သိုင်းနတ်ဘုရား၏ အမွေအနှစ်ကို

ဆက်ခံခဲ့သည်မှာအချိန်ခဏလေးသာရှိသေးသည်။

ယေဘုယျအားဖြင့် ပြောရလျှင် သူမက

"ဝိညာဥ်မန္တာန်"ကို နားလည်ရန် မဖြစ်နိုင်ပေ။

သို့သော်လည်း လက်တွေ့တွင် သူမက

ဤအချိန်တိုလေးအတွင်းမှာပင်

"ဝိညာဥ်မန္တာန်"ကိုနားလည်ပြီး

အတိုင်းအတာတစ်ခုထိပင်ရောက်ရှိသွား၏။

"သူမက ဘာကြောင့် ဒါကို လေ့ကျင့်နိုင်ခဲ့တာလဲ?

ခွန်အားစိတ်ဆန္ဒ နဲ့

အရှိန်စိတ်ဆန္ဒကိုနားလည်ထားလို့များလား?"

လော့ရှဲက တိုးညှင်းစွာ ရေရွတ်လိုက်၏။

"ဝိညာဥ်မန္တာန်"က ဒသမမြောက် သိုင်းနတ်ဘုရား၏

ကြောက်စရာအကောင်းဆုံးနည်းစနစ်တစ်ခုဖြစ်သ

ည့်တိုင် ဒသမမြောက်သိုင်းနတ်ဘုရားက ခွန်အားနှင့်

အရှိန်စိတ်ဆန္ဒ ၏ စစ်မှန်သောအနှစ်သာရကို

နားလည်ထားသောကြောင့်ဖြစ်သည်။

လော့ရှဲ ၏အမူအရာက ရုတ်တရက်
အလွန်ပြင်းထန်လာခဲ့သည်။

"ဒီအန်နန်ကျင်းက တကယ်ကို
ကြောက်စရာကောင်းတယ် ။"

တစ်ဖက်တွင်မူ ယန်ယွဲ့က
ဤအရာအားလုံးကိုသတိမထားမိပေ။

အန်နန်ကျင်း ၏ သိုင်းတာအိုက သူ၏ဓားတာအို နှင့်
ဆင်တူကြောင်းသာ နားလည်ထားလေသည်။

ထို့အပြင် ၎င်းက ရိုးစင်းသောပုံစံတစ်ခုသာ။
အန်နန်ကျင်း ၏တိုက်ခိုက်မှု နှင့်

အကာအကွယ်စွမ်းရည်က မလိုအပ်သော လှုပ်ရှားမှု (သို့) ပုံရိပ်ယောင်အသွင်မျိုးရှိမနေဘဲ ပြင်းထန်သော စွမ်းအား နှင့် အရှိန်ကိုသာပြသခဲ့သည်။

၎င်းက အလွန်ရိုးရှင်းပုံကသော်ငြား အောင်မြင်စွာလုပ်ဆောင်ရန်ခက်ခဲလှသည်။

"ငါ့မှာ ဓားတစ်ချောင်းတည်းနဲ့ နည်းစနစ်အားလုံးကို ဖျက်ဆီးပစ်နိုင်တဲ့ ဉာဏ်အလင်းရဓားနှလုံးသားရှိတယ်။ အရာအားလုံးရဲ့ အနှစ်သာရနဲ့ ချို့ယွင်းချက်တွေကို မြင်နိုင်စေတယ်။ ဒါပေမဲ့ အန်နန်ကျင်းက ဘာလှုပ်ရှားမှုကိုမှအသုံးမပြုထားဘူးဆိုတော့

ငါကဘယ်လိုချိုးဖျက်နိုင်မလဲ? ငါက အန်နန်ကျင်း နဲ့ တိုက်ခိုက်တဲ့အချိန်ကျရင် သူမကိုဘယ်လိုအနိုင်ယူနိုင်မလဲ?" ဤအခြေအနေကိုတွေးတောရင်း ယန်ယဲ့၏ မျက်ခုံးများက တွဲကျသွားသည် ။

သို့သော် မျက်စိတစ်မှိတ်အတွင်းမှာပင် သူက ပေါ့ပေါ့ပါးပါး ရယ်မောလိုက်သည်။ ဟားဟား! ငါယန်ယဲ့က ဘာအတွက်နဲ့ ဒီအကြောင်းတွေကို တွေးနေတာလဲ? အန်နန်ကျင်း နဲ့ တိုက်ခိုက်တဲ့အချိန်ကျရင် အလိုလိုအဖြေထွက်လာမှာပဲလေ။" ယန်ယဲ့က သူ၏

စိတ်ထဲမှအတွေးများကို ရှင်းထုတ်ပြီးနောက်

နဂါးစင်မြင့်ကို တစ်ဖန်ပြန်ကြည့်နေလိုက်သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၉၆ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၉၆) - တိုက်ပွဲ၏ အဆုံးသတ်

အန်နန်ကျင်းက စင်မြင့်ပေါ်တွင် ဂုဏ်ယူဝံ့ကြွားစွာ
မတ်တပ်ရပ်ကာ သူမ၏ အကြည့်များက
ငြိမ်သက်နေပြီး ဘာမှမထူးခြားပေ။

မိုခေးက နတ်မိစ္ဆာအတောင်ပံများဖြင့်တင်းကျပ်စွာ
ဖုံးအုပ်ထားပြီး သူမရှေ့တွင် ကျနေသော
သံမဏိဘောလုံးတစ်လုံးကဲ့သို့ ဖြစ်နေသည်။

ထို့အတွက်ကြောင့် မိုခေး၏အခြေအနေကို
ဆုံးဖြတ်ရန် မဖြစ်နိုင်ပေ။

အန်နန်ကျင်းက မောက်မာဝင့်ကြွားသော်လည်း
သူမ၏စွမ်းရည်ကို ယုံကြည်မှုအပြည့်ရှိသည်။

မိုခေးကို အချိန်တိုင်း

အခွင့်အရေးပေးထားသည့်အကြောင်းအရင်းမှာ

သူမ၏ခွန်အားကိုပြသချင်သောကြောင့်မဟုတ်ပေ။

မိုခေးက အံ့အားသင့်စရာကောင်းသောအရာများ

ပေးစွမ်းနိုင်သည်မျှော်လင့်ထားလို့ပါပဲ။

မှန်ပါသည်။ သူမက အရှုံးကိုလိုက်လံရှာဖွေနေပြီး

ရှုံးနိမ့်ချင်ခဲ့၏။

သို့မဟုတ်ပေ၊

သူ၏နှလုံးသားမှာထာဝရတိုက်ကြီးကို

အနိုင်ယူနိုင်သောတစ်စုံတစ်ယောက်ကို

တွေ့ချင်မိသည်ဟုပြောသင့်ပါသည်။

ဤကဲ့သို့ ရှုံးနိမ့်မှသာ သူမ၏ အကန့်အသတ်ကို

သတိပြုမိနိုင်မည်ဖြစ်သည်။

သို့သော်၊ အဆင့်တူများကြား တိုက်ပွဲတွင် သူမအား

အပြင်းအထန်

ရင်ဆိုင်တိုက်ခိုက်နိုင်သူတစ်ယောက်မျှ မရှိခဲ့ပါ။

အန်နန်ကျင်းက မိုခေးဆီသို့
ဖြည်းညှင်းစွာလျှောက်သွားရင်း
ခေါင်းယမ်းကာပြောလိုက်၏။

“နတ်မိစ္ဆာဘုရားရဲ့အတောင်ပံတွေက
ပြင်းပြင်းထန်ထန်ဒဏ်ရာရစေနိုင်လို့
အရမ်းကြောက်စရာကောင်းတယ်ဆိုတာ
သိသာတယ်။ ဒါပေမယ့် မိုခေး၊
နင့်ရဲ့လက်ရှိစွမ်းအားက
အတော်လေးနိမ့်ကျနေသေးတယ်။ အဲ့ဒါရဲ့ စစ်မှန်တဲ့
စွမ်းအားကို တကယ် ထုတ်မပြနိုင်သေးဘူး။
ဒါ့အပြင် ပြင်ပအရင်းအမြစ်တွေကို မှီခိုပြီး

ရယူထားတဲ့ခွန်အားက ယာယီပဲဖြစ်လို့

ပြင်ပအကူအညီတွေအများကြီးရှိနေမှရမယ်။

နင်ပိုင်တဲ့ခွန်အားက အစစ်အမှန်ဆုံးပဲ။

ကြည့်ရတာ နင်က ဒီသဘောတရားကို

သတိမထားမိတာဖြစ်နိုင်တယ်။

လွန်ခဲ့တဲ့အတိတ်ကာလမှာ

နတ်မိစ္ဆာအတောင်ပံတွေကို နတ်မိစ္ဆာဘုရားကပဲ

ထိန်းချုပ်ထားတယ်။

ငါတစ်ခုသိချင်မိတာက နင်က အဲဒါကို

ထိန်းချုပ်နေတာလား? ဒါမှမဟုတ် နင့်ကို

ထိန်းချုပ်နေတာလား?

နတ်မိစ္ဆာအတောင်ပံများက

ဖြည်းညှင်းစွာပွင့်အာလာပြီး

ပါးစပ်ထောင့်တွင်သွေးများစီးကျနေသော

မိုခေး၏ပုံရိပ်ထွက်လာလေသည်။

မိုခေးက အန်နန်ကျင်းကို စူးစိုက်ကြည့်ရင်းဖြင့်

မကြုံစဖူး ငြိမ်သက်နေခဲ့သည်။

သူသည် နတ်မိစ္ဆာအတောင်ပံများကို

အမွေဆက်ခံပြီးကတည်းက ၎င်းတို့ကို

ထိန်းချုပ်နိုင်ခဲ့ပြီဟု အမြဲတွေးနေခဲ့ပါသည်။

ထို့အပြင် သူသည် နတ်မိစ္ဆာအတောင်ပံကို ပိုင်ဆိုင်ထားသောကြောင့် အမြဲတမ်းယုံကြည်မှုရှိပြီး အန်နန်ကျင်းကို ရင်ဆိုင်ရလျှင်ပင် ယုံကြည်မှုအပြည့်ရှိနေဆဲဖြစ်သည်။

သို့သော် ယင်းကို တွေးမိလိုက်သောအခါတွင်

သူ၏ယုံကြည်မှုက နတ်မိစ္ဆာအတောင်ပံများမှရရှိလာသည်ကို သတိပြုမိလိုက်သည်။

"နတ်မိစ္ဆာအတောင်ပံ ရဲ့ ခွန်အားက ငါမိုခေး ပိုင်တာလား?" သို့သော် အဖြေမရှိခဲ့ပါ။

အမှန်တွင် သူသည် ၎င်း၏ခွန်အားကို အားကိုးရှိသာမက ပြင်ပအကူအညီကိုပါယုံကြည်အားကိုးမိခဲ့သည်သာ။

"ဟင့်အင်း၊ မဟုတ်သေးဘူး။ ဒါက ငါမိုခေးရှာတဲ့ နတ်မိစ္ဆာလမ်းစဥ်လား?"

ဤအချက်ကို တွေးတောရင်း မိုခေးက မိမိကိုယ်ကို လှောင်ပြောင်ရယ်မောကာ သူ့နောက်ကျောမှ နတ်မိစ္ဆာအတောင်ပံများကိုဖြည်းညှင်းစွာသိမ်းလိုက်ပြီး သူ့ခန္ဓာကိုယ်ထဲသို့ ဝင်သွားလေသည်။

သူက အန်နန်ကျင်းကို စိုက်ကြည့်ကာ “အန်နန်ကျင်း၊ ငါမိုခေး ရှုံးသွားပြီ။ ငါက ခွန်အားတွေ ဆုံးရှုံးရုံတင်

မကဘဲ သိုင်းတာအိုမှာလည်း မင်းကို ရှုံးနိမ့်ခဲ့တယ်။

ငါမိုခေး၊ မင်းရဲ့အဆင့်အတန်းကို

သိုင်းနတ်ဘုရားအဖြစ် အသိအမှတ်ပြုပါတယ်။"

စင်မြင့်အောက်ရှိ လူတိုင်း သုသာန်တစ်စပြင်ကဲ့သို့

သွားကြသည်။ "မိုခေးက ရှုံးနိမ့်တယ်ဆိုတာ

ဝန်ခံလိုက်တာလား?

တကယ်တော့ အန်နန်ကျင်း ရဲ့ ခွန်အားက

တကယ့်ကို ကြောက်စရာကောင်းလွန်းတယ်လေ။

ဒါဟာ သိပ်တော့အံ့သြစရာမဟုတ်ပါဘူး။

မှန်တယ်၊..... သူမ အခုထုတ်ဖော်ပြသလိုက်တဲ့

ခွန်အားနဲ့ဆိုရင် အဆင့်တူနယ်ပယ်မှာ

ဘယ်နှစ်ယောက်လောက်ကများ သူမကို အနိုင်ယူနိုင်မှာလဲ?"

ယန်ယဲ့သည်လည်း လုံး၀ ငြိမ်သက်သွားသည်။

အန်နန်ကျင်းက မိုခေးကိုပြောလိုက်သလိုမျိုးသူသည်လည်း အသုံးချနိုင်မည် မဟုတ်ပေ။"ဓားနယ်မြေ, ဓားစိတ်ဆန္ဒ နဲ့ ဉာဏ်အလင်းရဓားနှလုံးသား အပြင် ငါ့မှာ တခြားဘာတွေကောရှိသေးလဲ? ငရဲတစ္ဆေမီးတောက် နဲ့ နဝမငရဲအေးမီးတောက် က ကြောက်စရာကောင်းတဲ့ သဘာဝလွန်ရတနာတွေဆိုပေမဲ့၊ ပြဿနာက

ငါ့ရဲ့ကိုယ်ပိုင်စွမ်းအားတစ်စိတ်တစ်ပိုင်း မဟုတ်ဘူးလား?

ငါလည်း ငရဲတစ္ဆေမီးတောက်ကိုပိုင်ဆိုင်ထားလို့ ယုံကြည်မှုအပြည့်ရှိနေခဲ့တာ။ ဒါကတကယ်ကော မှန်ရဲ့လား?"

အမှန်စင်စစ် ပြင်ပအကူအညီများကို အသုံးပြုခြင်းက မမှားပေ။ သို့သော် ၎င်းကိုအတတ်နိုင်ဆုံး အသုံးမပြုရန် ဆုံးဖြတ်ထားသင့်၏။

မည့်သို့ပင်ဆိုစေ မိမိကိုယ်တိုင်ထုတ်ဖော်သော ခွန်အားသာလျှင် စစ်မှန်သောကြောင့်ဖြစ်သည်။

စစ်မှန်သောခွန်အားသာ ပိုင်ဆိုင်ထားပါက

မည်သည့်အခြေအနေမျိုးတွင်မဆို

ရှုံးနိမ့်ရန်မဖြစ်နိုင်ပါ။

ယခုအချိန်တွင်၊ သူ့စိတ်ထဲ၌ "အန်နန်ကျင်းက

မိုးကောင်းကင်ခွဲလှံကို

မည်သည့်အတွက်အသုံးမပြုသနည်း?"

ဆိုသောအကြောင်းကို အနည်းငယ်

နားလည်လာခဲ့သည်။

သူမက မိုးကောင်းကင်ခွဲလှံရဲ့ ခွန်အားကို

ချေးငှားမယူချင်တာပေါ့........

မိုခေးက ရှုံးနိမ့်ကြောင်း ဝန်ခံပြီးနောက် အန်နန်ကျင်းက စင်မြင့်ပေါ်တွင် ခဏရပ်ပြီး အလွန်တည်ငြိမ်သော အမူအရာဖြင့် ဆက်၍ ပြောလိုက်၏။ “နတ်မိစ္ဆာအတောင်ပံတွေထဲမှာ နတ်ဆိုးနဂါးရဲ့ မပြည့်စုံသောဝိညာဉ်ရှိနေတယ်။ နင်က အဲဒါကို အစွမ်းကုန်ထုတ်နိုင်ရင် နင့်ရဲ့ စွမ်းအားကို ငါတောင် ခံနိုင်ရည်ရှိမှာမဟုတ်ဘူး။ အဲဒါက နင့်ရဲ့ အကြီးမားဆုံး ဝှက်ဖဲ မဟုတ်ဘူးလား? ဒီလိုမျိုး စွန့်လွှတ်ဖို့ စိတ်ကူးရှိလို့လား”

“မှန်တယ်၊ ဒါပေမဲ့ မင်းကို အနိုင်ယူနိုင်ရင်တောင် ငါမင်းကို အနိုင်ယူခဲ့တဲ့ မိုခေးတော့ မဟုတ်ဘူး။

ဟုတ်တယ်မလား?" မိုခေးက ပြန်ပြောလိုက်သည်။

“ဒါ့အပြင် အဲ့ဒါကိုထုတ်လွှတ်ပြီး တိုက်ခိုက်ရင်တောင်မှ မင်းကို အနိုင်ယူနိုင်မှာ မဟုတ်ဘူးလို့ ငါ အခိုင်အမာ ယုံကြည်တယ်။

အန်နန်ကျင်း၊ ဒီနေ့တိုက်ပွဲမှာ မင်းအနိုင်ရသွားပြီ။ ဒါပေမဲ့ သိုင်းတာအိုဆီကိုဦးတည်တဲ့လမ်းကြောင်းက မမျှော်မှန်းနိုင်အောင်ရှည်လျားတဲ့ ခရီးတစ်ခုပဲ။

အခု မင်းက ရှေ့ဆုံးမှာ ဦးဆောင်နေပေမယ့် အမြဲတမ်း ဦးဆောင်နိုင်မယ်လို့ မဆိုလိုပါဘူး။ ငါ မင်းကို ပြန်ပြီးအနိုင်ယူမယ်!"

"ငါစောင့်နေမယ်!" အန်နန်ကျင်းက သူမ၏ ဆုပ်ကိုင်ထားသော ညာလက်ကို ဖြည်းညှင်းစွာ ဖြေလျှော့ပြီး ပြောလိုက်ပါသည်။

သူမသည် မူလက မိုခေးကိုသတ်ရန် ရည်ရွယ်ထားခဲ့သည်။

သို့သော် အဆုံးတွင် သူမက ဤမိုခေးကိုမသတ်ဘဲ လွှတ်ပေးလိုက်၏။

အကြောင်းအရင်းမှာ ဤမိုခေးကသူမအား အနာဂတ်တွင် အံ့အားသင့်စရာ ပေးစွမ်းနိုင်မည်ဟု မျှော်လင့်ထားသောကြောင့်ပင်။

မိုခေးသည် စင်မြင့်ထက်မှ ဖြည်းညှင်းစွာ ဆင်းလျှောက်လာပြီး နတ်ဆိုးမျိုးနွယ်ဝင်များ၏ ရှေ့သို့ ရောက်လာသည်။ သူက အနည်းငယ် ဦးညွှတ်လိုက်ကာ “တောင်းပန်ပါတယ်။ ငါလူတိုင်းကို စိတ်ပျက်စေခဲ့ပြီ!”

နတ်ဆိုးမျိုးနွယ်ဝင်

အားလုံးနှုတ်ဆိတ်သွားသော်လည်း မည်သူကမှ မိုခေးကိုအပြစ်မတင်ကြပေ။

တကယ်တမ်းတော့ အန်နန်ကျင်းက လူတိုင်းမျှော်လင့်ထားသည်ထက်

ပို၍ကြောက်စရာကောင်းလွန်းနေသည်မဟုတ်ပါလား။

ခဏကြာပြီးနောက် နတ်ဆိုးမျိုးနွယ်ဝင်တစ်ဦးက ရုတ်တရက် စကားစလိုက်သည်။ "အစ်ကိုကြီး၊ ဒါက အဆင်ပြေပါတယ်။ အဆင့် ၁ နေရာကို မရနိုင်ပေမယ့် မင်း အသက်ရှင်နေသရွေ့တော့ ကောင်းပါတယ်။

ဘာကြောင့်လဲဆိုတော့ မင်းအသက်ရှင်နေသရွေ့ နတ်ဆိုးမျိုးနွယ်အတွက် မျှော်လင့်ချက်ရှိနေတုန်းပဲ။ မင်းကသာ ငါတို့နတ်ဆိုးမျိုးနွယ်ကို လက်ရှိအခြေအနေကနေ လွတ်မြောက်အောင်

ဦးဆောင်နိုင်ပြီး ငါတို့ကို လူသားတွေလို
အသက်ရှင်နေထိုင်ခွင့်ပေးမယ်လို့
ငါယုံကြည်တယ်။"

"ငါလည်း ယုံပါတယ်။ အစ်ကိုကြီး၊
ငါတို့အားလုံးသေသွားရင်တောင်
မင်းကအသက်ရှင်နေရင်
ငါတို့နတ်ဆိုးမျိုးနွယ်အတွက်
မျှော်လင့်ချက်ရှိနေတုန်းပဲ။ ဒါကို ငါတို့ရဲ့
နတ်ဆိုးမျိုးနွယ်ဝင်တွေလည်း
ကျိန်းသေနားလည်လိမ့်မယ်လို့ ငါယုံကြည်တယ်။"

"ဘာပဲဖြစ်ဖြစ် ငါတို့ ညီအစ်ကိုတွေ မင်းရဲ့အနားမှာ ဆက်ရှိနေမှာ သေချာတယ်။ မီးပင်လယ်ကို ဖြတ်ကျော်ပြီး ငရဲထဲကို ပြေးရရင်တောင် မင်းကို စွန့်ပယ်သွားမှာမဟုတ်ဘူး!"

"ငါတို့က လူသားကျွမ်းကျင်သူကို ရှုံးနိမ့်ခဲ့ပေမယ့် အခုအချိန်မှာသာပဲလေ။ ငါတို့က ထာဝရရှုံးနိမ့်ရမယ်လို့ မဆိုလိုဘူး။ အစ်ကိုကြီး၊ အနာဂတ်မှာ မင်းက ဒီ သိုင်းနတ်ဘုရား လို့ခေါ်တဲ့ လူသားကျွမ်းကျင်သူကိုသေချာပေါက် အနိုင်ယူနိုင်မယ်လို့ ငါယုံကြည်တယ်…."

နတ်ဆိုးမျိုးနွယ်ဝင်များထံမှ နှစ်သိမ့်မှုကို ကြားလိုက်ရသောအခါ မိုခေး၏ မျက်လုံးများက အနည်းငယ်နီရဲသွားပါသည်။

သူသည် ရှေးဟောင်းစစ်မြေပြင်ကို ပထမဆုံးအကြိမ်ရောက်ရှိလာရခြင်းမှာ ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်တွင် အဆင့် ၁ နေရာကို ရယူလိုသောကြောင့်ပါ။

အဆင့် ၁ မှ ရရှိသော ကံကြမ္မာစွမ်းအားကသာ နတ်ဆိုးမျိုးနွယ်၏ အနာဂတ်ကံကြမ္မာကိုပြောင်းလဲရန်လုံလောက်မည်ဖြ

စ်သည်။အရေးကြီးဆုံးအချက်မှာ

ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်၏

အဆင့် ၁ နေရာကို ရယူခြင်းက

နတ်ဆိုးမျိုးနွယ်တစ်ခုလုံး၏ စိတ်ဓာတ်ကို

မြှင့်တင်ပေးနိုင်ပါလိမ့်မည်။

ကံမကောင်းစွာပဲ သူက ရှုံးနိမ့်သွားပြီဖြစ်သည်။

နတ်ဆိုးမျိုးနွယ်၏ လူငယ်မျိုးဆက်သစ်များ ၏

အမြင်တွင် ထိပ်တန်းအဆင့်ပါရမီရှင်က

လူသားတစ်ဦးထံ ရှုံးနိမ့်သွားခဲ့ရသည်။

"ငါ နတ်ဆိုးနယ်မြေကို ပြန်ရောက်တဲ့အခါ ငါ့ရဲ့နတ်ဆိုးမျိုးနွယ်ဝင်တွေ ဘယ်လောက်များများ ငါ့ကို စိတ်ပျက်သွားမလဲ?"

စင်မြင့်ပေါ်တွင် ရပ်နေစဉ် အန်နန်ကျင်း၏ အကြည့်က ယန်ယဲ့နှင့်လော့ရှဲ အပေါ်သို့ ကျဆင်းသွားသည်။ "တကယ်ပဲ အချိန်ဖြုန်းနေစရာ မလိုပါဘူး။ နင်တို့နှစ်ယောက်လုံး ငါ့ကို တစ်ပြိုင်နက် တိုက်ခိုက်နိုင်တယ်။ ဘာလို့လဲဆိုတော့ ငါတို့ သုံးယောက်ကပဲ ပထမနေရာအတွက် ယှဉ်ပြိုင်ခွင့်ရှိတော့တယ်။

အဲဒါကို တစ်ခါတည်း ဖြေရှင်းလိုက်တာက ပိုကောင်းမှာ မဟုတ်ဘူးလား?"

လော့ရှဲ့က စင်မြင့်ပေါ်သို့ တက်လာရင်းဖြင့် ဖြည်းညှင်းစွာ ခေါင်းယမ်းသည်။ အဲဒီနောက် သူက "မင်းက အရမ်းသန်မာပြီး အဲဒီစကားတွေကို ပြောနိုင်တဲ့ အရည်အချင်းတွေ တကယ်ရှိတယ်။ ဒါပေမယ့် ငါက မင်းတို့နှစ်ယောက်ကို ဒါမှမဟုတ် တစ်ယောက်ကိုတစ်ယောက် တိုက်ခိုက်တာက ငါ့ရဲ့ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်တစ်ခု ပေါ်လာလိမ့်မယ်။ ဒါကြောင့် ငါအနိုင်ရခဲ့ရင်တောင်

.... ငါဆိုလိုတာကို

မင်းနားလည်သင့်တယ်မဟုတ်လား"

အန်နန်ကျင်းက အနည်းငယ်

ခေါင်းညိတ်လိုက်သည်။ "ဒီလိုဆို

တိုက်ခိုက်ရအောင်!"

လော့ရှဲက ခေါင်းခါပြီး "မင်း အခုခဏလေးတင်

မိုခေး နဲ့ တိုက်ခိုက်ပြီးသွားပြီဆိုတော့ မင်းအတွက်

မတရားဘူး။ မင်းဂရုမစိုက်ဘူးဆိုတာ ငါသိတယ်၊

ဒါပေမယ့် ငါသိတယ်။ ဒါဆို....”

တစ်ဆက်တည်း

စင်မြင့်အောက်တွင်တည်ငြိမ်စွာရပ်နေသော ယန်ယွဲ့ကိုစိုက်ကြည့်ကာ "ဘယ်လိုထင်လဲ ယန်ယွဲ့။ ငါတို့ တိုက်သင့်တာကြာပြီ။ ကံမကောင်းစွာပဲ ငါတို့တွေက ထိပ်တိုက်ဆုံတွေ့ခဲ့ခြင်းမရှိဘူးလေ။ အခုတော့ ငါတို့မှာ အခွင့်အရေးတစ်ခုရှိလာပြီမဟုတ်လား?"

ယန်ယွဲ့ကလည်း ခေါင်းညိတ်လိုက်သည်။ စင်မြင့်ပေါ်သို့ လှျပ်တစ်ပြက်ခုန်တက်လာပြီးနောက် သူ၏လက်ဝါးကိုလှန်လိုက်ရာ နဂါးအရိုးဓားက သူ့လက်ထဲတွင်ဆုပ်ကိုင်လျက်သားပေါ်လာသည်။

သူ့လက်ထဲမှ နဂါးအရိုးဓားကို ဖြည်းညှင်းစွာမြှောက်ပြီး လော့ရှဲကို ညွှန်ပြရင်း "မင်းပြောတာ မှန်ပါတယ်၊ ငါတို့ တိုက်ခိုက်သင့်တာကြာပြီ။ ဒီလိုဆို ငါတို့ နှလုံးသားရဲ့ ကျေနပ်မှုကို အခုပဲ တိုက်လိုက်ရအောင်။”

"ဒါပေါ့!" လော့ရှဲက အန်နန်ကျင်းကိုလှည့်ကြည့်ပြီး "သူနဲ့ တိုက်ခိုက်ပြီးရင် မင်းကို ငါတိုက်မယ်။ ဒီလိုမျိုးဆိုရင် တရားမျှတလိမ့်မယ်။ မင်းဘယ်လိုထင်လဲ?"

အန်နန်ကျင်းက လော့ရှဲကို
စိုက်ကြည့်လိုက်သော်ငြား
သိပ်ပြီးစကားမပြောခဲ့ပေ။

"ဖြစ်ကောင်းဖြစ်နိုင် သူက နင့်ကို
အနိုင်ယူသွားလိမ့်မယ်!"

"သူ့ခွန်အားက မလုံလောက်ဘူး!" လော့ရှဲက
ပေါ့ပေါ့ပါးပါး ပြုံးလိုက်သည်။

ရုတ်တရက် သူ့လက်ဝါးကိုလှန်လိုက်ရာ
ခရမ်းရောင်လျှပ်စီးကြိုးတစ်ချောင်း ပေါ်လာခဲ့၏။

ဤခရမ်းရောင်လျှပ်စီးကြိုးကိုမြင်လိုက်ရသောအခါ တွင် လူတိုင်း၏ အမူအရာများကပြင်းထန်စွာ ပြောင်းလဲသွားသည်။

သဘာဝလွန်ရတနာတစ်ခု။ တကယ်ပဲ ဒါဟာ သဘာဝလွန်ရတနာတစ်ခု ပဲ။ တစ်ဖက်တွင်မူ ယန်ယွဲ့ နှင့် ရှီလော့တို့နှစ်ဦးလုံး ချက်ချင်း မျက်မှောင်ကြုတ်လိုက်ကြသည်။

ယန်ယွဲ့ကတော့ ယွမ်ထုံကိုသတ်ခဲ့သူအားနောက်ဆုံးတွင် သိလိုက်ရသလို ရှီလော့သည်လည်း နန်းဂွန်မန် နှင့်

လီချင်းရှုအားသတ်ပစ်သည့်တရားခံကို
သိသွားပြီဖြစ်သည်။

ယန်ယဲ့သည်လည်း အနည်းငယ် တွေးနေမိသည်။
သူကလော့ရှဲကို ကြည့်ကာ
"နန်းဂွန်မန် နဲ့ လီချင်းရှုက လျှို့ဝှက်ဆန်းကြယ်တဲ့
ပညာရှင်ရဲ့လက်ချက်နဲ့သေဆုံးသွားတယ်လို့
ရှီလော့ကပြောခဲ့တယ်။
ငါထင်တာမမှားဘူးဆိုရင်တော့ ယွမ်ထုံလိုပဲ
ဒီလူနှစ်ဦးက မင်း.
လော့ရှဲသတ်တာကိုခံလိုက်ရတာထင်တယ်။"

လော့ရှဲက ယန်ယဲ့ပြောနေသောစကားများကို လစ်လျူရှုကာ ယန်ယဲ့ကို စိုက်ကြည့်နေသည်။ “ဒါက လျှပ်စီးစွမ်းအင်ရဲ့ သဘာဝလွှန်ရတနာတစ်ခုဖြစ်တယ်။ လျှပ်စီးစွမ်းအင်သဘာဝလွှန်ရတနာတွေထဲမှာ အဆင့် ၆ နေရာမှာ ရပ်တည်နေတဲ့ "ခရမ်းရောင်တိမ်လျှပ်စီးကြောင်း"လို့ ခေါ်တယ်။ ယန်ယဲ့! ငါထင်တာမမှားရင် မင်းမှာလည်း သဘာဝလွှန်ရတနာတစ်ခုရှိတယ်။ ဘယ်သူ့ရဲ့ သဘာဝလွှန်ရတနာက ပိုအားကောင်းလဲ ကြည့်လိုက်ရအောင်။”

ရှဲရှဲ......ဝုန်း!

ကျယ်လောင်သောပေါက်ကွဲသံတစ်ချက်ထွက်ပေါ်လာပြီးနောက် ငရဲတစ္ဆေမီးတောက်က ယန်ယွဲ့၏လက်ဝါးပေါ်တွင် ပေါ်လာသည်။

ယန်ယွဲ့က လော့ရှဲ့ကို ကြည့်ကာ ပြောလိုက်၏။

“ဒီလိုဆို မင်းရဲ့ဆန္ဒအတိုင်း လုပ်လိုက်တာပေါ့” မင်းရဲ့ လျှပ်စီးကြောင်းလား ငါ့ရဲ့မီးတောက်က ပိုပြီးအားကောင်းသလား? ငါလည်း သိချင်နေတယ်။"

ဒုတိယမြောက်တိုက်ပွဲက ပြင်းထန်စွာ

ပေါက်ကွဲလုနီးပါးဖြစ်နေပါပြီ။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၉၇ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၉၇)] - နောင်တမဲ့ ချစ်ခြင်းမေတ္တာ

ဤအခိုက်အတန့်တွင် စင်မြင့်အောက်၌ရပ်နေသော ရှီလော့က ရုတ်တရက် ခုန်တက်လာပြီး ယန်ယွဲ့၏ရှေ့တွင် ရပ်လိုက်သည်။

ယန်ယွဲ့သည် အနည်းငယ် မျက်မှောင်ကြုတ်ကာ ရှီလော့ကို စကားစရန်ပြင်လိုက်၏။ ထိုအချိန်မှာပင် ရှီလော့က အေးစက်စက်ပြောလာခဲ့သည်။

"သူ့ကိုငါ့အတွက်ထားခဲ့!"

ယန်ယွဲ့က အံ့အားသင့်သွား၏ "ဒါက နန်းဂွန်မန် ကြောင့်ပဲလား?"

ရှီလော့က ချက်ချင်း ခေါင်းညိတ်လိုက်သည်။

ယန်ယွဲ့က အဓိကအချက်ကိုသာ

ဦးတည်မေးလိုက်လေသည်။ "နန်းဂွန်မန်,

လီချင်းရှူတို့နဲ့

ယှဉ်ရင် မင်းရဲ့ ခွန်အားက ဘယ်လိုလဲ?"

"ငါတို့ အချင်းချင်းက အဆင့်အတူတူပဲ!" ရှီလော့က

မချိပြုံးပြုံးသည်။

"သူ အခု ဝိညာဉ်နယ်ပယ်အလွှာအဆင့်မှာ

ရှိနေတယ်၊ ဒါပေမယ့် မင်းကော။"

"သိုင်းဘုရင်အထွတ်အထိပ်အဆင့်!"

"ဒါဆို မင်းအသက်ကို စွန့်လွှတ်ဖို့ ကြံနေ
သေးတာလား?" ယန်ယဲ့ ၏မျက်လုံးများတွင်
ဒေါသအရိပ်အယောင်ပေါ်လာပြီး ရှီလော့ကို
စိုက်ကြည့်နေသည်။

သူက ရှီလော့ နှင့် ရင်းနှီးသော ဆက်ဆံရေး
မရှိသော်လည်း ဤကာလအတွင်း တစ်ဦးနှင့်တစ်ဦး
အတူပူးပေါင်းပြီးနောက် ခင်မင်ရင်းနှီးမှု
အတိုင်းအတာတစ်ခုအထိ ရှိခဲ့သည်။

ရှင်းရှင်းလင်းလင်း မပြောနိုင်သော်လည်း

သူနှင့်ရှီလော့က မိတ်ဆွေအဖြစ်

သတ်မှတ်နိုင်သည်ဟု ယုံကြည်ထား၏။

"ငါသိတယ်!" ရှီလော့က ခေါင်းညိတ်လိုက်သည်။

“ပြီးတော့….”

ရှီလော့က ပြိုးကာ ယန်ယွဲ့ကို ကြည့်လိုက်၏။

"မင်းသိလား? မန်အာ က လီချင်းရှူလောက်

အလုပ်မကြိုးစားသလို

လီချင်းရှူလောက်လည်းမရင့်ကျက်ဘူး။ သူမက

အမြဲတမ်းပေါ့ပေါ့ပါးပါးပဲနေချင်တယ်လို့
ငါ့ကိုပြောဖူးတယ်။"

ရှီလော့က စကားကိုခဏရပ်ပြီး ခေါင်းယမ်းကာ
ပြုံးပြလိုက်သည်။

သို့သော်လည်း သူ့အပြုံးက အနည်းငယ်
ခါးသီးနေ၏။ “ဒါပေမယ့် ငါ သူမကို
တကယ်ချစ်ခဲ့တယ်ဆိုတာ မန်အာ က မသိခဲ့ဘူး။
ငါ့ရဲ့ ကျင့်ကြံမှုကို
အားစိုက်ထုတ်ရတဲ့အကြောင်းရင်းက
သူမကိုကာကွယ်ပေးဖို့နဲ့
ဘေးနားမှာတစ်သက်လုံးအတူတူရှိနေဖို့လေ။

ဒါကို မန်အာ က မသိခဲ့ဘူး။ ဒီလို ဂရုမစိုက်တဲ့ ပုံစံနဲ့ လုပ်ရတဲ့ အကြောင်းအရင်းက သူမကို ပျော်ရွှင်အောင် လုပ်ပေးဖို့ သက်သက်ပဲ ဆိုတာလည်း သူမ မသိခဲ့ဘူး...။ ဒါပေမယ့် နောက်ဆုံးမှာတော့ သူမက လီချင်းရှူကို ရွေးချယ်ခဲ့သေးတယ်!”

"ဒါဆို မင်း သူမအတွက်နဲ့ သေချင်နေသေးလား?" ယန်ယွဲ့က မေးလိုက်၏။

ရှီလော့က ခေါင်းညိတ်ပြီးပြောသည်။ ငါရှီလော့က သူမအတွက်

သေနိုင်တယ်ဆိုတာသက်သေပြချင်ပါတယ်။

သူမက ဒါကို မသိနိုင်တော့ရင်တောင်....

ငါဒီလိုလုပ်လို့ သူမကိုချစ်တဲ့အတွက် သေရင်တောင်

နောင်တမရဘူး။"

ယန်ယွဲ့လည်းငြိမ်ကျသွားပါသည်။

ရှီလော့က မိုက်မဲသည်ဟု မပြောနိုင်သလို သူ့တွင်

ဤကဲ့သို့ တားဆီးပိုင်ခွင့်လည်း မရှိပေ။

ထို့အပြင် သူ့တွင် ရှီလော့၏ တောင်းဆိုမှုကို

ငြင်းဆိုရန် အကြောင်းပြချက် တစ်စုံတစ်ရာ

ရှာမတွေ့ခဲ့ပေ။

အဘယ်ကြောင့်ဆိုသော်, "ချစ်ခြင်းမေတ္တာ" ဟူသည် ဘဝတစ်သက်တာတွင် သေခြင်းနှင့်အတူဖြတ်သန်းရသောအရာတစ်ခုဖြစ် နေသောကြောင့်ပါ။

"စိတ်မပူပါနဲ့။ ငါရှီလော့က ဒီလောက်မပျော့ညံ့ဘူး!" ဤအချိန်တွင် ရှီလော့က ရုတ်တရက် ပြုံးပြီး "သူက အရမ်းသန်မာပေမယ့် ငါ့မှာလည်း ဝှက်ဖဲတွေ ရှိနေတာပဲလေ။"

စကားဆုံးသည်နှင့်တစ်ပြိုင်နက် ရှီလော့က ယန်ယဲ့ကိုစိုက်ကြည့်ကာ ပြောလိုက်ရင်းခဏတာတိတ်ဆိတ်သွားလေသည်။

 "တစ်ခုတော့ရှိတယ်၊ ငါသေသွားခဲ့ရင် တစ်ခုခုတော့လုပ်ပေးပါ။ အဲ့ဒါကိုမင်းလည်းသိမယ်ထင်ပါတယ်။"

“ဆက်လုပ်!”

ရှီလော့က အသက်ပြင်းပြင်းရှူပြီး “သူမသေဆုံးတဲ့နေရာမှာ ငါ့ကို သင်္ဂြိုဟ်လိုက်ပါ။ အရင်တုန်းကတော့ ငါ သူမကို စိတ်ဆိုးတယ်လို့

ပြောခဲ့တယ်။ ဒါကြောင့် ဘယ်လိုပဲဖြစ်ဖြစ် ငါ
သူမကို ထာဝရ စိတ်ဆိုးနေမယ်။ဘယ်လိုပဲဖြစ်ဖြစ်
အခုတော့ သူမ မငြင်းနိုင်တော့ဘူးလေ၊
ဟားဟားဟား....”

ရှီလော့က လော့ရှဲကို လှည့်ကြည့်ပြီးနောက်
သူ၏လက်ဝါးကိုလှန်ကာ
ဧရာမပုဆိန်ကြီးတစ်လက်ပေါ်လာသည်။

ထို့နောက်တွင် သူ၏ခန္ဓာကိုယ်မှ
ဆန်းကြယ်ချီစွမ်းအင်များ ပေါက်ကွဲထွက်လာပြီး
လော့ရှဲဆီသို့ တိုက်ရိုက် ရှေ့လျှားသွားလေသည်။

လော့ရှဲက ခေါင်းခါလိုက်ပြီး "မင်းက ဘာလို့

ဒီလောက်တုံးရတယ်ဆိုတာ

ငါတကယ်နားမလည်နိုင်ဘူး။

မင်းကိုမချစ်တဲ့မိန်းမအတွက် နဲ့သေရတာ

တကယ်တန်သလား။ နောက်ဆုံးတော့၊ အသက်က

အရမ်းတန်ဖိုးကြီးတယ်၊ မင်းသေပြီးတာနဲ့

ပျောက်ကွယ်သွားလိမ့်မယ်!"

"မင်းရဲ့ သောက်ပါးစပ်ကိုပိတ်လိုက်!" ရှီလော့က

ဒေါသတကြီး အော်ငေါက်လိုက်ကာ

လော့ရှဲ၏ရှေ့တွင် ချက်ချင်းရောက်ရှိလာခဲ့သည်။

တစ်ချိန်တည်း သူ့လက်ထဲတွင်ကိုင်ထားသော ဧရာမပုဆိန်ကြီးက လော့ရှဲကို ဦးတည်ထောင်းချလိုက်ရာလေထုတစ်ခုလုံးပြင်းထန်စွာပေါက်ကွဲထွက်သွားသည်။

"အရမ်းအားနည်းနေတယ်!" လော့ရှဲက သူ့လက်ချောင်းကို အနည်းငယ် လှုပ်လိုက်ရာ ထူးဆန်းသောကြိုးမျှင်တစ်ချောင်းကရှေ့သို့ပေါက်ကွဲထွက်လာပြီး ရှီလော့၏ပုဆိန်ကိုဖျက်ဆီးပစ်လိုက်သည်။

တစ်ဖက်တွင်၊ သူက ရှေ့ကိုတက်လာကာ ရှီလော့၏ရင်ဘတ်ကို လက်သီးဖြင့် ထိုးချလိုက်ပါသည်။

ရှီလော့ ၏ခန္ဓာကိုယ်က လေထဲသို့ လွင့်ပျံသွားကာ ပါးစပ်မှ သွေးများ ဖြန်းခနဲ လွင့်စင်သွားသည်။

အန်နန်ကျင်းက ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး သူမ၏မျက်လုံးများကိုမှိတ်ထားလိုက်သည်။

လူတိုင်း တိတ်ဆိတ်နေကြဆဲပင်။ အစကတည်းက ရှီလော့ ဟာ လော့ရွှဲနှင့်မယှဉ်နိုင်ကြောင်း အားလုံးသိရှိထားကြပြီးသားပါ။

အကယ်၍ ၎င်းတို့သည်
အဆင့်တူနယ်ပယ်တွင်ရှိနေပါက ရှီလော့အတွက်
အခွင့်အရေးအနည်းငယ် ရှိနိုင်ပေသည်။

ခဏအကြာတွင် ရှီလော့က ဖြည်းညှင်းစွာ
မတ်တပ်ထရပ်လိုက်ပြီး သူ့နှုတ်ခမ်းကြားမှ
သွေးစိမ်းများ ဖြန်းခနဲ အန်ထုတ်လိုက်သည်။

ရှီလော့က သူ၏ ပါးစပ်ထောင့်မှ သွေးများကို
သုတ်လိုက်ပြီး မျက်လုံးထဲတွင် ကြီးကျယ်သော
အမူအရာတစ်ခု ထွက်ပေါ်လာသည်။

သူက လက်ဝါးကို လှန်လိုက်ရာ အရှည် ၅ လက်မခန့်ရှိသော ရွှေအပ် သုံးချောင်း ပေါ်လာသည်။

ရွှေအပ် သုံးချောင်းကို စိုက်ကြည့်ရင်း ရှီလော့ ၏ မျက်လုံးထဲတွင် ပြတ်သားသော အမူအရာတစ်ခု တောက်ပလာပြီး အပ်တစ်ချောင်းစီကို သူ၏နဖူးအလယ်နှင့် ပုခုံးနှစ်ဖက်စီတွင် စိုက်လိုက်သည် ။

ဝုန်း!

ရှီလော့ ၏ခန္ဓာကိုယ်ထဲမှ
ကြောက်မက်ဖွယ်ကောင်းသော
အရှိန်အဝါများပေါက်ကွဲထွက်လာခဲ့သည်။

ဤအော်ရာက ဝိညာဉ်နယ်ပယ်အလွှာအဆင့်
ကျွမ်းကျင်သူထက် နိမ့်ကျခြင်းမရှိပေ။ ၎င်းသည်
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူထက်
အနည်းငယ်ပင် ကျော်လွန်သွား၏။

"လျှို့ဝှက်နည်းလမ်းတစ်ခုနဲ့
မင်းရဲ့ကျင့်ကြံမှုအဆင့်ကို မြှင့်တင်လိုက်တာလား"
လော့ရှဲက

ခေါင်းခါပြီး ပြောလိုက်သည်။ " မင်းက တကယ်ပဲ မင်းရဲ့အခြေခံအုတ်မြစ်ကို ပျက်စီးစေမယ့် ဒီလိုလျှို့ဝှက်နည်းလမ်းကို အသုံးပြုရဲတယ်။ ကြည့်ရတာ မင်းက သေလမ်းကိုရှာနေပုံပဲ။ ကံမကောင်းစွာပဲ၊ မင်းချစ်တဲ့မိန်းမအတွက်နဲ့ လက်စားချေနိုင်မယ်လို့ ထင်သလား။ ဘယ်လောက်ရယ်စရာကောင်းလိုက်လဲ!"

"မင်း တကယ်ပဲ အရူးစကားတွေပြောပြီး အချိန်ဖြုန်းတီးနေတာပဲ!" ရှီလော့က ဒေါသတကြီး အော်ဟစ်လိုက်ကာ လေထဲသို့ ခုန်တက်သွား၏။

တစ်ချိန်တည်းမှာပင် သူ့လက်ထဲမှ ပုဆိန်ကြီးဖြင့် လှော့ရှဲ၏ ခေါင်းဆီသို့ ထောင်းချလိုက်သည်။

လှော့ရှဲ ၏ ပါးစပ်ထောင့်တွင်
အထင်အမြင်သေးမှုတစ်ခုပေါ်လာပြီး
သူ့လက်ဝါးပေါ်၌
လျှပ်စီးကြိုးတစ်ချောင်းထွက်ပေါ်လာလေသည်။

ဂျိန်း။

ထစ်ချုန်းသံသဲ့သဲ့ထွက်ပေါ်လာပြီးနောက်
ပတ်ဝန်းကျင် (၁၀)မီတာပတ်လည် ဧရိယာက
ခရမ်းရောင်လျှပ်စီးများဖုံးလွှမ်းသွားခဲ့သည်။

ယန်ယွဲ့၏ မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည် ။

ခဏအကြာတွင်၊ သူက  အသက်ပြင်းပြင်းရှူပြီး
နဂါးအရိုးဓားကို တင်းတင်းကြပ်ကြပ်
ဆုပ်ကိုင်လိုက်ပြီး သူ၏ခန္ဓာကိုယ်မှ
သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒကိုတဟုန်ထိုးထုတ်လွှတ်
လိုက်သည်။

မိုခေးသည်လည်း ခေါင်းကို အနည်းငယ်
ခါလိုက်သည်။

ဤလူသားကျွမ်းကျင်သူ ရှိလော့က
အလွန်အားကောင်းသော်ငြား
လော့ရှဲနှင့်ယှဉ်ပြိုင်ရန်က ကွာဟချက်မှာ
အလွန်ကြီးမားသည်။

ဝုန်း.... ရှဲရှဲ.....။

ခဏအကြာ လျှပ်စီးကြောင်းများ
ပြန့်ကျဲသွားပြီးနောက် စင်မြင့်ထက်တွင်

မီးလောင်ကျွမ်းနေသော အလောင်းတစ်လောင်း ပေါ်လာသည်။

"မင်းက တခြားနှစ်ယောက်နဲ့ ယှဉ်ရင် နည်းနည်း ပိုသန်မာတယ်။ ကံမကောင်းစွာပဲ၊ မင်းက ငါ့အမြင်မှာ အရမ်းအားနည်းနေသေးတယ်!" လော့ရှဲက ခေါင်းကို ဖြည်းညှင်းစွာ ခါလိုက်ပြီး ညာလက်ကို ဝှေ့ယမ်းလိုက်ရာပတ်ဝန်းကျင်ရှိ လျှပ်စီးကြောင်းများက ချက်ချင်း ပျောက်ကွယ်သွား၏။

ထိုအလောင်းကို မြင်သောအခါ ယန်ယဲ့၏

အော်ရာက ထူးထူးခြားခြား ငြိမ်သက်သွားသည်။

သူသည် စင်မြင့်ပေါ်သို့ ဖြည်းညှင်းစွာ လျှောက်

လာကာ လူရုပ်ပင် မမှတ်မိနိုင်သော အလောင်းကို

စိုက်ကြည့်ကာ တစ်စုံတစ်ခုကို ချိုးနှိမ်ထားသလိုမျိုး

အသက်ပြင်းပြင်းရှူလိုက်သည်။

သူက ရုပ်အလောင်းဆီသို့လျှောက်သွားကာ

တိုးတိုးလေးပြောလိုက်လေသည်။

“စိတ်မပူပါနဲ့။ မင်းကို မင်းချစ်တဲ့မိန်းမနဲ့ အတူ

သင်္ဂြိုဟ်ပေးလိုက်မယ်။”

စကားပြောပြီးသည်နှင့် ယန်ယဲ့က သူ၏ညာလက်ကို ဝှေ့ယမ်းကာ ရှီလော့၏အလောင်းကိုသိုလှောင်လက်စွပ်ထဲသို့ ထည့်လိုက်သည်။

အဲဒီနောက် သူက လော့ရှဲ ကို စိုက်ကြည့်ကာ "ငါတို့ တစ်ယောက်ကို တစ်ယောက် ခဏလောက် သိနေပေမယ့် အဆုံးမှာတော့ အတူတူ တိုက်ပွဲဝင်ခဲ့တယ်။ ဒီလိုဆိုတော့ ငါတို့က မိတ်ဆွေတွေလို့ ယူဆလို့ရတယ်။ ငါတို့ကို မိတ်ဆွေလို့ သတ်မှတ်နိုင်တယ်ဆိုတော့ ငါယန်ယဲ့က မင်းကို သဘာဝအတိုင်း လက်စားချေရမယ်။ ငါ

မင်းကို ဘယ်လို လက်စားချေမလဲ ဆိုတာပဲ

စောင့်ကြည့်လိုက်!”

သူပြောပြီးသည်နှင့် တစ်ပြိုင်နက်

ယန်ယဲ့၏ခန္ဓာကိုယ်မှ

သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒများ

ပေါက်ကွဲထွက်လာပြီး

အဖြူရောင်မီးတောက်များကလည်း

နဂါးအရိုးဓားကို ချက်ချင်း ဖုံးလွှမ်းသွားသည်။

တစ်ချိန်တည်းမှာပင် သူ့လက်ထဲမှ နဂါးအရိုးဓားကို

လော့ရှဲထံသို့ ညွှန်ပြလိုက်သည်။

ထို့နောက် အသက်ပြင်းပြင်းရှူပြီး ညာခြေကို

တစ်ချက်စောင့်နင်းလိုက်ရာ

နဂါးစင်မြင့်ကြီးတစ်ခုလုံး ပြင်းထန်စွာ

လှုပ်ခါသွားခဲ့သည်။

တစ်ဆက်တည်း တန်ပြန်အားကိုအသုံးပြုကာ

လေထဲသို့ခုန်တက်လာပြီး နဂါးအရိုးဓားဖြင့်

လော့ရှဲကို အားကုန်ပိုင်းချလိုက်သည်။

ချွမ်း!

ဤအချိန်တွင် လော့ရှ်၏ လက်ထဲမှ အနက်ရောင်စုတ်တံတစ်ချောင်းပေါ်လာပြီးနဂါးအရိုးဓားကို ခုခံလိုက်လေသည်။

တစ်ခဏတာ တိတ်ဆိတ်သွားပြီးနောက်တွင် ရောမပေါက်ကွဲသံကြီး ထွက်ပေါ်လာကာ နှစ်ဦးစလုံး လူချင်း ခွဲလိုက်ရသည်။

ဤအခိုက်အတန့်တွင်၊ လော့ရှ်က ညာဖက်လက်တွင် အနက်ရောင်စုတ်တံကြီးတစ်ချောင်းကိုကိုင်ထားပြီး သူ၏ဘယ်လက်ထဲ၌

ခရမ်းရောင်လျှပ်စီးကြောင်းတစ်ခု
တဖျပ်ဖျပ်လင်းလက်လာခဲ့သည်။

ဤအနက်ရောင်စုတ်တံကြီးကိုမြင်သောအခါ
အန်နန်ကျင်းက အနည်းငယ် မျက်မှောင်ကြုတ်ကာ
၎င်းကိုတစ်နေရာရာမှာ မြင်ခဲ့ရသလိုမျိုး
ခံစားလိုက်ရသည်။

ယန်ယဲ့က အသက်ပြင်းပြင်းရှူသွင်းလိုက်ပါသည်။
ထို့နောက်တွင် သူ၏လက်ဝါးကိုလှန်လိုက်ရာ
ရွှေရောင်ဓားသေတ္တာတစ်ခုပေါ်လာပြီးစူးရှသောအ
လင်းတန်းများထွက်ပေါ်လာကာ

မြေကမ္ဘာအဆင့်မြင့်ဓား (၂၀၀)က
လေထဲသို့ပျံတက်သွားလေသည်။

တွမ်…တွမ်…တွမ်….

ပတ်ဝန်းကျင်တစ်ခုလုံး
ဓားမြည်သံများဖုံးလွှမ်းသွားကာ
မြေကမ္ဘာအဆင့်မြင့်ဓား(၂၀၀)က
တဖြည်းဖြည်းကျုံ့လာပြီး ရှေးမဓားကြီး
တစ်လက်အဖြစ် ပေါင်းစပ်သွားသည်။

တစ်ဆက်တည်း ယန်ယဲ့က လက်ချောင်းများကို ပွတ်ဆွဲလိုက်ရာ ငရဲတစ္ဆေမီးတောက်က ပြင်းထန်စွာ ပေါက်ကွဲထွက်လာပြီး ဧရာမဓားကြီးကို ဖုံးလွှမ်းသွားပါသည်။

ရှဲရှဲ.....ဝုန်း!

ဧရာမဓားကြီးတစ်ချောင်းလုံး မီးလောင်ကျွမ်းနေသကဲ့သို့ ထင်ရပြီး အလွန်ကြီးမားသော မီးတောက်ဓားတစ်လက်ဖြစ်လာသည်။

“သွားတော့!” ယန်ယွဲ့က
အော်ဟစ်အမိန့်ပေးလိုက်သည်။

ဂျုန်း....

ရောမမီးတောက်ဓားကြီးက မီးတောက်မီးလျှံများ
ထွက်ပေါ်လာကာ
လော့ရှဲဆီသို့ပြင်းထန်စွာပိုင်းချသွားလေသည်။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့သည်
ညာခြေကိုစောင့်လိုက်ရင်း
လေထဲသို့ခုန်တက်လိုက်ကာ

နဂါးအရိုးဓားကိုဖမ်းဆုပ်ပြီး

လော့ရှဲဆီသို့ခုန်ဝင်သွားလိုက်သည်။

လော့ရှဲ၏ မျက်လုံးထဲတွင် အနည်းငယ်

လေးနက်သော အမူအရာတစ်ခု

ပေါ်လာကာသူ၏ဘယ်ဖက်လက်မှ

ခရမ်းရောင်လျှပ်စီးကြောင်းကို ဖြည်းညှင်းစွာ

ဆုပ်ကိုင်လိုက်ပါသည်။

ဂျိန်း.....ဂျိန်း....ဂျိန်း.....ဘုန်း!

ရုတ်တရက်ဆိုသလို၊ လော့ရှဲ ၏ ပတ်ပတ်လည်တွင် ပေါက်ကွဲသံများ အဆက်မပြတ်ထွက်ပေါ်လာကာ မရေမတွက်နိုင်သော လျှပ်စီးကြောင်းများ ဖြာထွက်နေလေသည်။

ထို့နောက်တွင်၊ လော့ရှဲက သူ၏လက်ဝါးကို ယန်ယဲ့နှင့်ရောမီးတောက်ဓားကြီးထံသို့အသာရိုက်လိုက်သည်။

တစ်ချိန်တည်းမှာပင် မရေမတွက်နိုင်သော လျှပ်စီးကြောင်းများက ချွန်ထက်သောမြှားများကဲ့သို့ ယန်ယဲ့ထံပေါက်ကွဲထွက်လာလေတော့သည်။

မရေမတွက်နိုင်သော လျှပ်စီးကြောင်းများက
အလွန်ကြောက်စရာကောင်းသော
အဖျက်စွမ်းအားကို သယ်ဆောင်လာသည်။

ပုန်းကွယ်နေသောနဂါးစင်မြင့်ထက်မှ
မြင်ကွင်းကြောင့် လူတိုင်း အားလုံး
အံ့ဩတုန်လှုပ်သွားကြသည်။

ဤအပြင်းထန်ဆုံး တိုက်ပွဲတွင် မည်သည့်
သဘာဝလွန်ရတနာက အားအကောင်းဆုံး
ဖြစ်မည်နည်း။

ဓားအင်ပါယာ ယန်ယဲ့ လား?

လျှို့ဝှက်ဆန်းကြယ်သော ကျွမ်းကျင်သူ လော့ရှဲ

လား? အဆုံးသတ်တွင် မည်သူက

အနိုင်ရသွားမည်နည်း?

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၉၈ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၉၈)] -  မရဏာစွမ်းအင်

ဘုန်း!

ပုန်းကွယ်နေသောနဂါးစင်မြင့် တစ်ခုလုံး ပြင်းထန်စွာ တုန်ခါနေချိန်တွင် ကမ္ဘာတုန်လှုပ်စေသော ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။

မရေမတွက်နိုင်သော မီးတောက်များနှင့် လျှပ်စီးကြောင်းများက ပတ်ဝန်းကျင်ဆီသို့ ရုတ်တရက် ပျံ့လွင့်သွားသည်။

သိပ်မကြာခင်မှာပဲ ၎င်းတို့က စင်မြင့်တစ်ခုလုံးကို ပြန့်နှံ့သွားကာ အလင်းအတားအဆီးကို ပြင်းပြင်းထန်ထန် တိုက်မိခဲ့သည်။

အုန်း!...ခွပ်...ခွပ်

နဂါးစင်မြင့်ကို ကာကွယ်ပေးထားသည့် အတားအဆီးပေါ်တွင် အက်ကြောင်းများ ချက်ချင်း ပေါ်လာသည်။

ထို့နောက် ၎င်းက ပတ်ဝန်းကျင်မှ လူတိုင်း၏ အံ့အားသင့်နေသော အကြည့်များအောက်မှာပင် အပိုင်းပိုင်းကွဲသွားခဲ့သည်။

မီးတောက်များနှင့် လျှပ်စီးကြောင်းများက ပတ်ဝန်းကျင်ဆီသို့ ဆက်လက်ပြန့်နှံ့သွားကာ လူတိုင်းထံသို့တိုးဝင်သွားလေသည်။

ဤအခိုက်အတန့်တွင် အဘိုးအိုချန်းဟွမ် နှင့် ဖုန်းရှဲ့က ဤနေရာ၌ ပေါ်လာပြီး ၎င်းတို့၏ လက်များကို အသာယမ်းလိုက်ရာ မီးတောက်များနှင့် လျှပ်စီးကြောင်းများက ချက်ချင်း ပျောက်ကွယ်သွား၏။

"အခုနောင်တရနေပြီမဟုတ်လား"

အဘိုးအိုချန်းဟွမ်က ရုတ်တရက် ပြောလိုက်၏။

"သူ့ရဲ့ ပင်ကိုယ်စွမ်းရည်က အဲဒီမိန်းကလေးလောက် မထူးခြားပေမယ့် တိုက်ကြီးတစ်ခုလုံးရဲ့ ထိပ်တန်းအဆင့်မှာရှိတယ်။ အခုလည်း သူ့ရဲ့ စစ်မှန်တဲ့ တိုက်ခိုက်ရေး အစွမ်းအစကို မြင်ပြီးပါပြီ။ မင်းရဲ့ဆုံးဖြတ်ချက်ကို နောင်တရနေပြီလား"

ဖုန်းရှို့ ၏ မျက်ခွံများ လှုပ်ယမ်းသွားပြီးနောက် သူက အေးစက်စက် အော်ဟစ်လိုက်သည်။

"ဒါဆို ဘာလဲ။ သူ့ရဲ့ ခွန်အားနဲ့ သဘာဝစွမ်းရည်က တကယ်ကို မဆိုးပါဘူး၊ ဒါပေမယ့် လော့ရှဲ နဲ့

အဲဒီကလေးမနဲ့ ယှဉ်ရင် အတော်လေးနိမ့်ကျတယ်။
သူက လော့ရှဲ့ကို အနိုင်ယူနိုင်ခဲ့ရင်တော့ ငါ့ရဲ့
သန့်စင်မြစ်ဂိုဏ်းမှာ ပါဝင်ဖို့ အခွင့်အရေး
ပေးနိုင်ပါတယ်။"

ချန်းဟွမ်က ခေါင်းယမ်းလိုက်သည်။
"သန့်စင်မြစ်ဂိုဏ်းရဲ့ ဂိုဏ်းသခင်က
ဒီလိုမောက်မာတဲ့ကောင်ကို စေလွှတ်ခဲ့တယ်။
ဒီကလေးက အဆင့် ၉ မဟာဂိုဏ်းတွေကို
ဂရုမစိုက်ဘူးဆိုတာ ဒီလူအိုကြီးက မမြင်ဘူးလား?"

တကယ်တမ်းတော့ အဘိုးအိုချန်းဟွမ်လည်း

အနည်းငယ် နောင်တရနေမိသည်။

ယန်ယဲ့ကအမှန်တကယ် 'ပျိုးပင်ကောင်း'

ဖြစ်သည်ကို သတိပြုမိသောကြောင့်ပင်။

ယန်ယဲ့ ၏ ခွန်အားသည် လော့ရှဲ နှင့် အန်နန်ကျင်း

ထက် နိမ့်ကျသော်လည်း သူ၏အနာဂတ်

အလားအလာက ကြီးမားသည်။

အမှန်စင်စစ် ဤယန်ယဲ့က စွမ်းအားနည်းစနစ်၊

တိုက်ခိုက်ရေးနည်းစနစ်ချင်းယှဉ်ပါက နိမ့်ကျသော

တောင်ပိုင်းနယ်မြေလိုနေရာမျိုးကနေ

ဆင်းသက်လာခြင်းပင်။

အကယ်၍ သူ့တွင် အင်အားစုတစ်ခုမှ

ပြုစုပျိုးထောင်မှုနှင့် လမ်းညွှန်မှုသာ ရှိခဲ့ပါက

ဆေဘာဓားဂိုဏ်း၏ တည်ထောင်သူဘိုးဘေးကဲ့သို့

ထူးခြားသောပညာရှင်တစ်ဦးဖြစ်မလာနိုင်သည့်တိုင်

ဆန်းကြယ်တိုက်ကြီး၏ သမိုင်းတွင် ဓားအင်ပါယာ

တစ်ပါးအဖြစ် နာမည်ကျော်ကြားခဲ့မည်မှာ မလွဲပေ။

သို့သော်လည်း ယန်ယဲ့၏

သက်တမ်းကတိုတောင်းလွန်းပြီး ၎င်းတို့ကဲ့သို့

လူအိုကြီးများအနေဖြင့်

သက်တမ်းတိုးမြှင့်ပေးနိုင်မည့်

ရတနာများကို ရယူရန်အတွက်
လုံးဝတွေဝေသွားစေသည်။

အဘိုးအိုချန်းဟွမ်က စင်မြင့်ဆီသို့ကြည့်ရင်း
သက်ပြင်းတစ်ချက် ချလိုက်မိသည်။

စင်မြင့်တစ်ခုလုံး အပျက်အစီးများဖြင့်ရှုပ်ပွနေ၏။
မီးတောက်ကြိုးတစ်ချောင်းနှင့်
ခရမ်းရောင်လျှပ်စီးကြောင်းတစ်ခုက
စင်မြင့်အထက် ကောင်းကင်ယံ၌
ထိပ်တိုက်ရင်ဆိုင်တွေ့နေကြသည်။

တစ်ဖက်တွင်၊ ယန်ယဲ့ နှင့် လော့ရှဲတို့နှစ်ဦးစလုံးက အစောပိုင်းတိုက်ခိုက်မှုကတည်းကပင် စင်မြင့်အစွမ်းတစ်ဖက်စီ၌ရှိနေကြ၏။

၎င်းတို့၏ ကြောက်မက်ဖွယ်ကောင်းသော အကာအကွယ် နှင့် ရုပ်ခန္ဓာခွန်အားဖြင့်ပင် ငရဲတစ္ဆေမီးတောက်၊ ခရမ်းရောင်တိမ်လျှပ်စီးကြောင်းတို့၏ စွမ်းအားကို လုံး၀ လျစ်လျူရှုရန် မဖြစ်နိုင်ပေ။

၁၅ မိနစ်ခန့်ကြာပြီးနောက် နှစ်ယောက်စလုံးက တစ်ချိန်တည်းတွင် စတင်လှုပ်ရှားလာပြီး

စင်မြင့်အစွန်များကနေ
လျှပ်တစ်ပြက်ခုန်ထွက်လာကြသည်။

ရှစ်။

ဤအခိုက်အတန့်တွင် လေတိုက်ခတ်သံများ
ထွက်ပေါ်လာပြီး လော့ရှဲ၏ ရင်ဘတ်ပေါ်တွင်
အနီရောင်အစင်းကြောင်းတစ်ခု ပေါ်လာခဲ့သည်။

ဤမြင်ကွင်းကို မြင်လိုက်ရသောအခါပတ်ဝန်းကျင်ရှိ
လူတိုင်း အံ့အားသင့်သွားသော်လည်း၊
ယန်ယဲ့ကတော့မျက်မှောင်ကြုတ်သွားခဲ့သည်။

သူက ခုန်ထွက်လာသည်နှင့်
မမြင်နိုင်သောဓားကိုအသုံးပြုကာ
တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

သူ၏တိုက်ခိုက်မှုက အောင်မြင်ခဲ့သော်လည်း
လော့ရှဲ ၏ ရင်ဘတ်ပေါ်မှ အရေပြားကို
ထိုးဖောက်ပြီးနောက်
တစ်လက်မထက်ပင်ဆက်မတိုးနိုင်တော့ပေ။

သူ့ရင်ဘတ်ပေါ်ရှိ အနီရောင်အစင်းကြောင်းကို
စိုက်ကြည့်ရင်း လော့ရှဲ၏ ငြိမ်သက်နေသော
မျက်နှာပေါ်တွင် အေးစက်ခက်ထန်သော
အမူအရာတစ်ခု ချက်ချင်းပေါ်လာသည်။

သူက ညာဖက်လက်ကို အသာယမ်းလိုက်ရာ
သူ၏ခန္ဓာကိုယ်ပတ်ပတ်လည်တွင်
လျှပ်စီးကြောင်းများ
သိပ်သည်းစွာထွက်ပေါ်လာသည်။

သွား! လော့ရှဲက အေးစက်စက်အော်ဟစ်လိုက်ကာ
ညာလက်သီးကိုယန်ယွဲ့ဆီသို့ထိုးလိုက်သည်။

၎င်းက လော့ရှဲ၏ခန္ဓာကိုယ်ထဲမှ ထွက်ပေါ်လာသော
ရောမခရမ်းရောင်စပါးအုံးမြွေကြီးနှင့်တူပြီး
ကြောက်မက်ဖွယ်ရာ အငွေ့အသက်များကို
သယ်ဆောင်လာသည်။

ဤတိုက်ခိုက်မှုကိုမြင်သောအခါ ယန်ယဲ့လည်း ပေါ့ပေါ့ဆဆ ပြုမူခြင်း မပြုဝံ့ပေ။

သူ၏နှလုံးသားထဲမှ
စိတ်ဆန္ဒတစ်ခုကိုထုတ်လွှတ်ပြီးနောက်
ငရဲတစ္ဆေမီးတောက်က သူ့ရှေ့တွင် ပေါ်လာသည်။
ထို့နောက်တွင်၊ ငရဲတစ္ဆေမီးတောက်က
ဝုန်းခနဲပေါက်ကွဲသံနှင့်အတူ
ရောမအဖြူရောင်မီးတန်းကြီးအဖြစ်ပြောင်းလဲကာ
ခရမ်းရောင်စပါးအုံးမြွေကြီးထံသို့
တည့်တည့်တိုးဝင်သွားတော့သည်။

ဘုန်း!

ကမ္ဘာတုန်လှုပ်စေသော

ရောမပေါက်ကွဲသံကြီးထွက်ပေါ်လာသည်။

တစ်ချိန်တည်းတွင်

ခရမ်းရောင်လျှပ်စီးများလွှမ်းခြုံထားသော

လော့ရှဲကို စိုက်ကြည့်ရင်း ယန်ယဲ့ ၏

မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။

"ခရမ်းရောင်တိမ်လျှပ်စီးကြောင်းကိုထိန်းချုပ်နိုင်တဲ့သူ့ရဲ့စွမ်းရည်က ငရဲတစ္ဆေမီးတောက်ကို ငါထိန်းချုပ်တာထက်အများကြီးသာနေတာပဲ။"

လော့ရှဲက "ယန်ယဲ့၊ တကယ်ပါပဲ။ ပြောစရာတောင်မလိုပါဘူး ၊ အရင်တုန်းက မင်းကို ငါ လျှော့တွက်ခဲ့မိတယ် ။ ခရမ်းရောင်တိမ်လျှပ်စီးကြောင်းက မင်းကို ကိုင်တွယ်ဖို့ လုံလောက်မယ်လို့ အစတုန်းက ငါထင်ခဲ့ပေမယ့် အခု ငါမှားသွားပြီထင်တယ်။ စိတ်မပူပါနဲ့၊ ငါ မင်းကို အခုကစပြီး လျှော့တွက်မှာ

မဟုတ်ဘူး။" လော့ရှဲက အေးစက်စက်ပြောရင်း ယန်ယဲ့ ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာခဲ့၏။

သူ့ပတ်ပတ်လည်တွင် လျှပ်စီးကြောင်းများတဖျပ်ဖျပ်လက်နေပြီး သူ၏ ကြီးကျယ်ခမ်းနားသော အရှိန်အဝါက ကမ္ဘာလောကသို့ဆင်းသက်လာသော မိုးကြိုးနတ်ဘုရားကဲ့သို့ တုန်လှုပ်ချောက်ချားစရာပင်။

လော့ရှဲက ယန်ယဲ့ နှင့် မီတာ ၃၀ အကွာတွင်ရပ်တန့်လိုက်၏။

တစ်ခဏတာ တိတ်ဆိတ်သွားပြီးနောက်
၎င်း၏ပုံရိပ်က ရုတ်တရက် ရှေ့သို့
ပေါက်ကွဲထွက်လာသည်။

၎င်းက ယန်ယွဲ့ရှေ့ကို ချက်ချင်းရောက်ရှိလာသော
လျှပ်စီးတန်းတစ်ခုလိုပင်ထင်ရ၏။

ယန်ယွဲ့က မျက်မှောင်ကြုတ်ကာ နဂါးအရိုးဓားကို
တင်းတင်းဆုပ်ကိုင်လိုက်သည်။

တစ်ဖက်တွင် လော့ရွှဲ ၏မျက်လုံးများက
ရက်စက်ကြမ်းကြုတ်သောအမူအရာတစ်ခုထွက်ပေါ်

လာပြီးနောက် အော်ဟစ်သံသဲ့သဲ့
ထွက်ပေါ်လာသည်။ "ပေါက်ကွဲ!"

ဂျိန်း.....ဝုန်း....

လျှပ်စီးကြောင်းများက ရှေ့သို့
ပေါက်ကွဲထွက်လာပြီး ယန်ယွဲ့ နှင့်
သူ့ခန္ဓာကိုယ်ကိုပါဖုံးလွှမ်းသွားတော့သည်။

ယန်ယွဲ့သည် လျှပ်စီးပိုက်ကွန်ထဲတွင် ရပ်နေရင်းဖြင့်
သူ၏ခန္ဓာကိုယ်မှထုတ်လွှတ်နေသောချီအရှိန်အဝါက
အကန့်အသတ်ထိမြင့်တက်သွားလေသည်။

ထိုအချိန်တွင် လော့ရှဲ၏ ခန္ဓာကိုယ်မှ

အနက်ရောင်စွမ်းအင်လှိုင်းတစ်ခုထွက်ပေါ်လာကာ

ယန်ယဲ့ ၏ ခန္ဓာကိုယ်ထဲသို့

ချက်ချင်းဝင်ရောက်သွားသည်။

ယန်ယဲ့၏ ခန္ဓာကိုယ်က တောင့်တင်းသွားကာ

မျက်လုံးများသည်လည်း

အလွန်ကျဥ်းမြောင်းသွားလေတော့သည်။

တစ်ချိန်တည်းမှာပင် သူ၏လက်များ၊ လည်ပင်းနှင့်

မျက်နှာက ချက်ချင်းပင် မည်းနက်လာခဲ့သည်။

ထို့အပြင် အနက်ရောင်စွမ်းအင်များက

သူ့ခန္ဓာကိုယ်အနှံ့ ပြန့်နှံ့သွားကာ

အားလုံးအနက်ရောင်များအဖြစ်

ပြောင်းလဲသွားခဲ့ပါသည်။

လျှပ်စီးပိုက်ကွန်ကြီးပြန့်ကျဲသွားပြီးနောက်

နဂါးစင်မြင့်ထက်မှမြင်ကွင်းကိုမြင်လိုက်ရသောအခါ

လူတိုင်း ထိတ်လန့်သွားကြသည်။ယန်ယဲ့ က

ဒီအတိုင်းသေသွားပြီလား?

အန်နန်ကျင်းသည်လည်း ယန်ယဲ့
၏အခြေအနေကိုမြင်သောအခါ
အနည်းငယ်မျက်မှောင်ကြုတ်သွားခဲ့သည်။

သူမက ခဏတာစဉ်းစားနေပြီးမှ
အံ့ဩစွာရေရွတ်လိုက်သည်။ "မရဏစွမ်းအင်၊
ဒီလူမဆန်တဲ့အရာက ကမ္ဘာမှာ
နောက်တစ်ကြိမ်ထပ်ပေါ်လာလိမ့်မယ်လို့ ငါ
ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။"

သူမပြောပြီးသည်နှင့် တစ်ပြိုင်နက်
လေးနက်သောအမူအရာတစ်ခုက အန်နန်ကျင်း ၏
မျက်လုံးထဲတွင် ပထမဆုံးအကြိမ် ပေါ်လာသည်။

မရဏာစွမ်းအင် က ဘာလဲ?

လူတစ်ဦးသေဆုံးသွားသည့်အခါ
ခန္ဓာကိုယ်အတွင်းမှ ဆန်းကြယ်ချီစွမ်းအင်က
မရဏာစွမ်းအင်အဖြစ်သို့
ပြောင်းလဲသွားမည်ဖြစ်သည်။

ဤမရဏာစွမ်းအင်က ပြင်ပသို့ ပြန့်နှံ့ခြင်းမရှိခင်
လူ၏ခန္ဓာကိုယ်ထဲ၌ အချိန်အတော်ကြာ
ရှိနေမည်ဖြစ်သည်။

၎င်းက လူတစ်ဦး၏ အသက်စွမ်းအင်ကို

တိုက်ရိုက်အဆုံးသတ်နိုင်သောကြောင့်

အလွန်ကြောက်စရာကောင်းလှသည်။

ထို့အပြင်၊ ဆန်းကြယ်ချီစွမ်းအင် နှင့်

နည်းစနစ်နှစ်ခုလုံးက ၎င်းကို

ဆန့်ကျင်ရန်မဖြစ်နိုင်ပေ။

တစ်နည်းဆိုရသော် မရဏစွမ်းအင်က

ချီစွမ်းအင်ပုံစံမဟုတ်လို့ပါ...။

အနည်းငယ်သောအများကပင် လူတစ်ဦးကို

အသက်စွမ်းအင်လျော့ကျစေပြီး

သေဆုံးနိုင်သောကြောင့် မရဏာစွမ်းအင်ကို
ထိန်းချုပ်ရန် အလွန်ခက်ခဲပါသည်။

မည်သို့ပင်ဆိုစေ
မရဏာစွမ်းအင်ကိုကောင်းစွာထိန်းချုပ်နိုင်သူက
ဆန်းကြယ်တိုက်ကြီး၏ သမိုင်းတစ်လျှောက်
ထွက်ပေါ်လာခြင်းမရှိခဲ့ပေ။

အန်နန်ကျင်းက ယန်ယဲ့ ၏
အနက်ရောင်မျက်လုံးများကို စိုက်ကြည့်ရင်း
ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည်။

မရဏာစွမ်းအင်က ခန္ဓာကိုယ်ထဲသို့ ဝင်လာသည်နှင့် တစ်ပြိုင်နက် သူတော်စင်တစ်ပါးကပင် ယန်ယဲ့ကို မကယ်တင်နိုင်တော့ပေ။

" သနားစရာကောင်းလိုက်တာ... ငါ့ကို အံ့သြစရာကောင်းတဲ့ အံ့အားသင့်စရာ ပေးစွမ်းနိုင်တဲ့ နောက်တစ်ယောက် ကျရှုံးသွားပြီ။

အဘိုးအိုဖုန်းရဲ့ကလည်း အေးစက်စွာ ညည်းညူရင်း "မရဏာစွမ်းအင်က သူ့ခန္ဓာကိုယ်ထဲကို ဝင်သွားပြီဆိုတာနဲ့ ငါတို့ကတောင် သူ့ကို ကယ်တင်ဖို့ မဖြစ်နိုင်ဘူး။ ဒါကလည်း ကောင်းတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီကလေးက အချိန်အကြာကြီး အသက်ရှည်တော့တာမှမဟုတ်တာ။ သူ့ရဲ့သေဆုံးခြင်းက မကြာခင် ဒါမှမဟုတ်နောက်နှစ်အနည်းငယ်အတွင်းမှာရောက်လာတော့မယ်။ ဒီလိုဆိုတော့ လွတ်မြောက်မှုပုံစံတစ်ခုအဖြစ် ယူဆနိုင်တယ်။”

ဤစကားကို ကြားလိုက်ရာ အဘိုးအိုချန်းဟွမ်က ချက်ချင်း မျက်မှောင်ကြုတ်သွားသည်။

"ဒီကောင်က တကယ့်ကို သိမ်ငယ်လွန်းတယ်။ ဒါပေမယ့် သူပြောတာလည်းမှန်နေတာပဲ။

ငါ့ရဲ့စွမ်းအားနဲ့တောင်
ယန်ယဲ့ကိုကယ်တင်ဖို့ရာမဖြစ်နိုင်ဘူး။
ဒီ မရဏာစွမ်းအင်ကို ဘယ်အရာနဲ့မှခုခံမရလို့
လူတိုင်းအကြောက်ဆုံးအရာတစ်ခုဖြစ်နေတာပဲ။
သဘာဝလွန်ရတနာတစ်ခုကတောင်မတားဆီးနိုင်ခဲ့
ဘူးလား?"

"ဒါပေမဲ့ ဒီလော့ရှဲက မရဏာစွမ်းအင်ကို
ဘယ်လိုသန့်စင်ခဲ့တာလဲ?" အဘိုးအိုချန်းဟွမ်က
လေးလေးနက်နက် တွေးပြီးနောက် သူ့အကြည့်က
လော့ရှဲ၏ လက်ထဲမှ အနက်ရောင်စုတ်တံကြီးပေါ်သို့
ကျဆင်းသွားပြီး မယုံနိုင်ဟန်များပေါ်လာခဲ့သည်။

"ဒါ.....ဒါက ငါထင်တာမမှားရင် အဲဒါက

တရားစီရင်ရေးစာအုပ်နဲ့ မရဏစုတ်တံဖြစ်ရမယ်။

ဘာကြောင့်လဲ ဆိုတော့ အဲဒီ ရတနာ နှစ်ခု က

သေဆုံးသွားတဲ့သူ ဆီကနေ မရဏ စွမ်းအင် ကို

ဆွဲထုတ်နိုင်စွမ်း ရှိတယ် ။

ဒါပေမယ့် ဒီအရာတွေက လော့ရှဲ ရဲ့လက်ထဲကို

ဘယ်လိုရောက်သွားတာလဲ? ဒီရတနာနှစ်ခုစလုံးကို

အတိတ်ကာလက

ငရဲနတ်ဘုရားအသုံးပြုခဲ့တဲ့အရာတွေလေ!"

ထိုအချိန်တွင် လော့ရှဲက ယန်ယဲ့ကို ဂရုမစိုက်ဘဲ တစ်ချက်ကြည့်လိုက်ပြီးနောက် သူ့လက်ဝါးကို လှန်လိုက်ကာ တရားစီရင်ရေးစာအုပ် ပေါ်လာသည်။ သူက ဒုတိယစာမျက်နှာကို ဖွင့်လိုက်ကာ ဒုတိယစာမျက်နှာမှ ပထမတန်းတွင် 'ယန်ယဲ့' ဟူသော စာလုံးကိုရေးလိုက်သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၉၉ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၉၉)] -

ဒဏ်ရာကုသမှုအတွက်ကုန်ကျစရိတ်

ဤအချိန်တွင် မထင်မှတ်ထားသော

အဖြစ်အပျက်တစ်ခုက ရုတ်တရက်

ဖြစ်ပေါ်လာခဲ့၏။

ယန်ယဲ့ ၏ အနက်ရောင်မျက်လုံးများထဲမှ

ခရမ်းရောင်အလင်းတန်းများကဖြာထွက်လာပြီးနော

က် သူ့ခန္ဓာကိုယ်က ချက်ချင်းဆိုသလိုပင်

ပုံမှန်ပြန်ဖြစ်သွားသည်။

တစ်ချိန်တည်းမှာပင် သူ့ပုံရိပ်က

ရုတ်ချည်းပျောက်ကွယ်သွားကာ၊

ခရမ်းရောင်ဓားတစ်ချောင်းက

တရားစီရင်ရေးစာအုပ်ထဲမှ "ယန်ယွဲ့"ဟူသော

နာမည်ကို ရေးသားတော့မည့် လော့ရှဲ ၏

လည်ချောင်းဆီသို့ လျှပ်တစ်ပြက်

တိုးဝင်သွားပါသည်။

လော့ရှဲ ၏အမူအရာသည်

ပြင်းထန်စွာပြောင်းလဲသွားသည်။

တစ်ချိန်တည်းတွင် သူ့မျက်လုံးများက

အံ့အားသင့်မှုများစွာကို သယ်ဆောင်လာခဲ့သည်။

ယန်ယှဲ ၏ဓားက

သူ့လည်ပင်းထံသို့ရောက်ရှိလာသောကြောင့်

မဟုတ်ဘဲ၊ ယန်ယှဲ၏ အခြေအနေက

လုံးဝကောင်းမွန်နေသောကြောင့်အံ့သြသွားခြင်းဖြစ်

သည်။

ယန်ယှဲသည် ယခင်က သူ၏ မရဏစွမ်းအင်ဖြင့်

ဖိနှိပ်ခံခဲ့ရသော်လည်း၊ ၎င်းကမသန့်စင်ခဲ့ပေ။

ယခုမူ၊ သူ၏ မရဏစွမ်းအင်ကို

အပြည့်အဝအသုံးချခဲ့သောကြောင့်

ဝိညာဉ်နယ်ပယ်အလှဴအဆင့်

ကျွမ်းကျင်သူတစ်ဦးပင် ကျိန်းသေ

သေဆုံးရလိမ့်မည်ဟု အခိုင်အမာ ယုံကြည်ခဲ့သည်။

သို့ရာတွင် လက်ရှိ ယန်ယဲ့ကတော့မည်သို့မျှအဖြစ်ပဲ

အဆင်ပြေသွား၏။

ယန်ယဲ့အတွက်တော့ ဤအခြေအနေက

အနည်းငယ်စိတ်လှုပ်ရှားစရာပါ။

မရဏစွမ်းအင်က အမှန်တကယ်ပင်

ကြောက်မက်ဖွယ်ကောင်းပေသည်၊ သို့သော်

သူပိုင်ဆိုင်သော ဆန်းကြယ်ရွှေချီကန်ထက်များ

ပိုပြီး ကြောက်စရာကောင်းပါမည်လော?

မရဏာစွမ်းအင်က သူ့ခန္ဓာကိုယ်ထဲသို့

ဝင်ရောက်လာသည်နှင့် တစ်ပြိုင်နက် ၎င်းက

ဆန်းကြယ်ရွှေချီကန်ထဲမှ

ခရမ်းရောင်စုံချီစွမ်းအင်နှင့်ထိတွေ့သွားကာ

ချက်ချင်းပင်ပျောက်ကွယ်သွားရသည်။

သူကိုယ်တိုင်ပင် အလွန်တုန်လှုပ်သွားသည်။

သို့သော် ဤအရာအားလုံးသည် ယခုအချိန်တွင်

သူစဉ်းစားသင့်သည့်အရာမဟုတ်ပေ။အရေးကြီးသ

ည်မှာ ရှီလော့ကိုသတ်ခဲ့သော ဤလူငယ်ကို ကိုင်တွယ်ဖြေရှင်းရန်ပင်။

ရှီလော့ကြောင့်မဟုတ်လျှင်ပင်သူတို့နှစ်ဦးကြားမှ မဟာရန်ငြိုးများရှိနေသည်ဖြစ်ရာ လော့ရွှဲကို သတ်ပစ်ရန်ဆုံးဖြတ်ထား၏။

ဒန်!

ယန်ယွဲ့၏ နဂါးအရိုးဓားက လော့ရွှဲ၏လည်ပင်းကို ထိုးချလိုက်သောအခါတွင် အံ့သြစရာကောင်းလောက်အောင်ကိုသတ္တုသံများ သာထွက်ပေါ်လာခဲ့သည်။

ဤရလာဒ်ကြောင့် ယန်ယွဲ့လည်း
မျက်မှောင်ကြုတ်လိုက်သည်။

သူ့အကြည့်ကို စူးစိုက်ကြည့်လိုက်သည့်အခါ လော့ရှဲ
၏ လည်ပင်း၌ ရွှေရောင်အလင်းအလွှာတစ်ခု
ရုတ်တရက်ပေါ်လာသည်ကို
သတိထားမိလိုက်သည်။

ဤအချိန်တွင် လော့ရှဲက လက်ကိုဆန့်ကာယန်ယွဲ့၏
ဓားကို ဖမ်းယူလိုက်ပြီး"ငါ့ခန္ဓာကိုယ်က မိုခေး
ထက်တောင် ပိုသန်မာတယ်။ အန်နန်ကျင်းကလွဲလို့
ချီးမြှောက်ခြင်းနယ်ပယ် အောက်မှာ ဘယ်သူမှ

ငါ့ခန္ဓာကိုယ်ရဲ့ အကာအကွယ်အလွှာကို ချိုးဖျက်နိုင်မှာမဟုတ်ဘူး။"

"ဟုတ်ရဲ့လား?" ယန်ယဲ့ ၏ ပါးစပ်ထောင့်တွင် လှောင်ပြုံးတစ်ခု ထွက်ပေါ်လာပြီးနောက် သူ၏ ဓားနယ်မြေကို မသိမသာထုတ်ဖော်လိုက်လေသည်။

နောက်အခိုက်အတန့်တွင်၊ လော့ရှဲ၏မျက်လုံးများက အလွန် ကျဉ်းမြောင်းသွားကာ သူ့မျက်လုံးထဲတွင် အံ့သြထိတ်လန့်မှုများဖြင့် ပြည့်နှက်နေသည်။

သူက နောက်ဆုတ်ချင်သော်လည်း

အချိန်နောက်ကျသွားပြီဖြစ်ရာ နဂါးအရိုးဓားက

"ဇွပ်ခနဲ"ထိုးခွဲသံနှင့်အတူ လော့ရှဲ၏

လည်ပင်းကိုထိုးဖောက်သွားလေတော့သည်။

ရှပ်.....။

ယန်ယွဲ့က

နဂါအရိုးဓားကိုချက်ချင်းပြန်ဆွဲထုတ်လိုက်ရာ

လတ်ဆတ်သော သွေးများပန်းထွက်လာသည်။

"မိုက်ရိုင်းလိုက်တာ!" ဤအတောအတွင်း

စင်မြင့်အောက်မှ ရာချီသော မျက်နှာဖုံးစွပ်လူများက

ဝမ်းနည်းစွာ အော်ဟစ်ကာ နဂါးစင်မြင့်ထက်သို့

ဦးတည်ပြေးတက်သွားကြသည်။

သို့သော်လည်း ၎င်းတို့က

နဂါးစင်မြင့်အနီးရောက်သည်နှင့်

လေပြင်းများတိုက်ခတ်လာပြီး အားလုံး

နောက်ပြန်လွင့်ထွက်လာခဲ့၏။

လော့ရှဲက ချက်ချင်းသေဆုံးခြင်းမရှိသေးပေ။

သူက ယန်ယဲ့ကို စူးစိုက်ကြည့်ရင်း
တစ်ခုခုပြောရန်ပြင်လိုက်သော်လည်း
လည်ချောင်းမှသွေးများစီးကျနေသောကြောင့်မည်
သည့်စကားမှမပြောနိုင်ခဲ့ပေ။

ယန်ယဲ့က လော့ရှဲထံ
ခုန်ဝင်လာပြီးအဆုံးသတ်ရန်ပြင်လိုက်စဥ်မှာပဲ
ခရမ်းရောင်တိမ်လျှပ်စီးကြောင်းက
ရုတ်တရက်ပစ်လွှင့်လာသည်ကို သတိပြုမိလိုက်၏။

ဤမြင်ကွင်းကို မြင်လိုက်ချိန်တွင် ယန်ယဲ့က
အေးစက်စက်ရယ်မောလိုက်ပါသည်။

သူ့ပုံရိပ်က ရှေ့ကို ချက်ချင်းရောက်လာကာ

တစ်ဆက်တည်း လက်ကိုဆန့်ပြီး

ခရမ်းရောင်တိမ်လျှပ်စီးကြောင်းကို

ဖမ်းဆုပ်လိုက်လေသည်။

တစ်ချိန်တည်းမှာပဲ ပြင်းထန်သောလျှပ်စီးချီ

ဖိအားများ ထွက်လာပြီး ယန်ယဲ့၏ခန္ဓာကိုယ်က

အပြင်းအထန်တုန်ခါသွားကာ ဆံပင်များသည်ပင်

အဆုံးမဲ့ထောင်မတ်နေလေသည်။

ယန်ယဲ့ ၏ မျက်လုံးများတွင်

ရှုံးသွပ်မှုအရိပ်အယောင်များ ထွက်ပေါ်လာပြီးနောက်

ပါးစပ်ကိုဖွင့်ကာ ခရမ်းတိမ်လျှပ်စီးကြောင်းကို ပါးစပ်ထဲသို့ တိုက်ရိုက်ထည့်ကာ မျိုချလိုက်သည်။

သူသည် ယခုအချိန်တွင် ၎င်းကို သိမ်းသွင်းရန် အချိန်မရှိပေ။

ထို့ကြောင့် ယန်ယဲ့က ခရမ်းရောင်တိမ်လျှပ်စီးကြောင်းကို တိုက်ရိုက်ဝါးမြိုပြီး ဆန်းကြယ်ရွှေချီကန်ထဲတွင် ခဏတာထည့်သိမ်းရန် ဆုံးဖြတ်လိုက်သည်။

အရေးအကြီးဆုံးမှာ သူက ဆန်းကြယ်ရွှေချီကန်၏ စွမ်းအားကို အပြည့်အဝယုံကြည်ထားပါသည်။

မှန်ပါသည်။ ခရမ်းတိမ်လျှပ်စီးကြောင်းက ဆန်းကြယ်ရွှေချီကန်ထဲသို့ ဝင်ရောက်သွားသည်နှင့်တစ်ပြိုင်နက် ငြိမ်သက်သွား၏။

ဤအခြေအနေကြောင့် ယန်ယွဲ့က ဝမ်းသာသွားပြီး သက်ပြင်းချမိသည်။

လူတိုင်းပင် အံ့သြတုန်လှုပ်သွားကြသည်။ "ယန်ယွဲ့က ဒီလိုကြောက်စရာကောင်းတဲ့ သဘာဝလွန်ရတနာကို ဒီအတိုင်းပဲမျိုချလိုက်တယ်။

သူ မျိုချလိုက်တာလား။ ဒါရ သဘာဝ

လွန်ရတနာတစ်ခုလေ ။"

အဘိုးအိုချန်းဟွမ် နှင့် အဘိုးအိုဖုန်းရှဲ့သည်ပင်

အဆိုပါမြင်ကွင်းကြောင့်မျက်မှောင်ကြုတ်ကာ

သူတို့၏မျက်လုံးများတွင်

ထိတ်လန့်တုန်လှုပ်နေသော အမူအရာများ

ရှိနေသည်။ " ယန်ယဲ့က ဒါကို ဘယ်လို

လုပ်လိုက်တာလဲ?"

ယန်ယွဲ့ကတော့ လူတိုင်း၏ ထိတ်လန့်တုန်လှုပ်သော အကြည့်များကို လျစ်လျူရှုကာ မသေသေးသော လော့ရွှဲ ကို စိုက်ကြည့်ရင်း "မင်း အခု သေနိုင်ပြီ!"

သူပြောပြီးသည်နှင့် ယန်ယွဲ့က လက်ထဲတွင်ကိုင်ထားသော နဂါးအရိုးဓားဖြင့် လော့ရွှဲ၏ လည်ပင်းကို အားကုန်ပိုင်းချလိုက်သည်။

သို့သော် ထိုအချိန်တွင် ဆံပင်ဖြူအဘွားအိုတစ်ဦးက လော့ရွှဲ၏ ရှေ့တွင် ပေါ်လာသောကြောင့် သူ့တိုက်ခိုက်မှုကို ကမန်းကတန်းရပ်တန့်လိုက်ရလေသည်။

အဘွားအိုကိုမြင်တွေ့ပြီးနောက် ယန်ယဲ့၏

မျက်လုံးများက

သိသိသာသာကျဉ်းမြောင်းသွားတော့သည်။

သူက ဆံပင်ဖြူအဘွားအို

ပေါ်လာချိန်ကိုသတိမထားမိခဲ့ပေ။

ထိုသို့ဆိုလျှင် ဤအဘွားအို ၏ ခွန်အားက

အဘိုးအိုချန်းဟွမ်၊ အဘိုးအိုဖုန်းရှဲ့

တို့နှင့်အဆင့်တူဖြစ်နေသည်မဟုတ်ပါလား?

အဘွားအိုက လော့ရှဲ ၏ လည်ပင်းမှ

သွေးများစီးကျနေသည်ကို စိုက်ကြည့်နေစဉ်တွင်

သူမ၏ မျက်လုံးများမှ နာကျင်မှု
အရိပ်အယောင်များ ထွက်ပေါ်လာသည်။

ရုတ်တရက် အဘွားအိုက လက်ညှိုးကို
ပွတ်ဆွဲလိုက်သည်နှင့်
အစိမ်းရောင်အလင်းတန်းတစ်ခုက လော့ရှဲ ၏
ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားသည်။

တစ်ခဏလေးအတွင်း လော့ရှဲ ၏
လည်ပင်းမှဒဏ်ရာများက တဖြည်းဖြည်း
ပျောက်ကွယ်လာတော့သည်။

အဘွားအိုက လော့ရှဲ ထံသို့ လျှောက်သွားပြီးနောက်

လက်ကိုဆန့်ကာ ခေါင်းကိုပွတ်သပ်လိုက်ရင်း

“ရန်သူနဲ့ရင်ဆိုင်ရတဲ့အခါ

သတိလက်လွတ်မဖြစ်သင့်ဘူးလို့

ငါအမြဲတမ်းပြောခဲ့တယ်။ ဒါပေမဲ့ မင်းက အမြဲတမ်း

နားမထောင်ခဲ့ဘူး။

အဆင့်တူလူငယ်မျိုးဆက်တွေကြားမှာ

ကိုယ့်ကိုယ်ကို မရှုံးနိမ့်နိုင်ဘူးလို့

ယုံကြည်ထားခဲ့တယ်မဟုတ်လား။ အခုတော့

ဘယ်လိုလဲ? အရှုံးကိုလက်တွေ့ခံစားဖူးသွားပြီ!"

အဘွားအိုက စကားပြီးသည်နှင့် လက်ဝါးမှ စွမ်းအင်အနည်းငယ်ထုတ်လိုက်ရာ လောဲ့ရှဲ၏ မျက်လုံးများက ချက်ချင်းမှိတ်သွားသည်။

အဘွားအိုက ယန်ယဲ့ကို လှည့်ကြည့်ရင်း မျက်ခုံးများကို ပင့်တင်လိုက်ပြီး "ဓားအင်ပါယာ! မျှော်လင့်ထားသလိုပဲ မဆိုးပါဘူး။ အသက်ငယ်ငယ်နဲ့တင် ဓားတာအိုမှာ ဒီလို အောင်မြင်မှုတွေ ပိုင်ဆိုင်ထားပြီးသား။ ကလေး! မင်းဟာ လွန်ခဲ့တဲ့အတိတ်ကာလက ဆောဘာဓားဂိုဏ်းရဲ့ တည်ထောင်သူဘိုးဘေးနဲ့ တူတယ်။"

"ဒီလိုဆို အကြီးအကဲက ဒီဂျူနီယာကိုလက်စားချေဖို့ လာတာလား? ယန်ယဲ့က အေးစက်စက် ရယ်မောပြီး တိတ်ဆိတ်နေခဲ့သည်။

သို့သော် သူ့ပါးစပ်ထောင့်မှ လှောင်ပြောင်ခြင်းကို ဖုံးကွယ်ထားခြင်းမရှိပေ။

ထိုအချိန်တွင် အဘိုးအိုချန်းဟွမ်က နဂါးစင်မြင့်ထက်တွင် ပေါ်လာသည်။

သူက ရှုပ်ထွေးသောအမူအရာဖြင့် ယန်ယဲ့ကို စူးစူးစိုက်စိုက်ကြည့်ကာ စိတ်ထဲမှ သက်ပြင်းချလိုက်သည်။ ထို့နောက် သူက

အဘွားအိုကို စိုက်ကြည့်ကာ "ဒီကစီနီယာက နတ်မိစ္ဆာမျိုးနွယ်ရဲ့ အကြီးအကဲ လော့ရှုံမဟုတ်လား?"

အဘွားအိုက ပေါ့ပေါ့တန်တန် ခေါင်းညိတ်ပြပြီးနောက် သူမ၏ရှုံ့တွနေသော မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာသည် "နှစ်ရာကျော် တိတ်တဆိတ်ကျင့်ကြံနေခဲ့တာတောင် လူသားမျိုးနွယ်ထဲမှာရှိတဲ့ တစ်ယောက်ယောက်က ငါ့ကို မှတ်မိနေဦးမယ်လို့မမျှော်လင့်ထားဘူး။ ဒါ့အပြင် နင်ကလည်း ဧကရာဇ်အဆင့်စွမ်းအားရှင် ဖြစ်နေတယ်ဆိုမှတော့ ကိုယ့်ကိုယ်ကို

ဂျူနီယာတစ်ယောက်လိုမှတ်ယူနေစရာမလိုတော့ပါ

ဘူးလေ။"

ဤစကားများကိုကြားသောအခါ

အဘိုးအိုချန်းဟွမ်၏ မျက်လုံးများတွင်

ခါးသီးသောအမူအရာတစ်ခု ပေါ်လာသည်။

၎င်းသည် မူလက သူ၏

ခန့်မှန်းချက်မျှသာဖြစ်သည်။ အနီအဘွားအိုက

လွန်ခဲ့သော နှစ်တစ်ထောင်က ဗဟိုနယ်မြေကို

ထိတ်လန့်တုန်လှုပ်စေခဲ့သော ထိုပညာရှင်

ဖြစ်လိမ့်မည်ဟု သူ မထင်ထားခဲ့ပေ။

သူတို့နှစ်ဦးစလုံးက
ကောရာဇ်အဆင့်စွမ်းအားရှင်များဖြစ်သော်လည်း
အဘိုးဟိုချန်းဟွမ်ကိုယ်တိုင်က သူ့ရှေ့မှ
အဘွားအိုနှင့်မယှဉ်နိုင်ကြောင်း ရှင်းရှင်းလင်းလင်း
သိထားသည်။

တိုက်ကြီးတစ်ခုလုံးတွင် သူမကို
တိုက်ရိုက်ဖိနှိပ်နိုင်သော ပညာရှင်က
လက်တစ်ဆုပ်စာမျှပင် မရှိဟု ဆိုရပေမည်။

ထို့အပြင် ဤအဘွားအိုက အတိတ်ကာလတွင်

ကေရာဇ်အဆင့်စွမ်းအားရှင်

(၃)ပါးကိုတစ်ပြိုင်နက်တည်း သတ်ပစ်ခဲ့၏။

တစ်နည်းဆိုရသော် ဤအဘွားအိုကတကယ့်ကို

ရှေးဟောင်းဘီလူးတစ်ကောင်ဖြစ်သည် ။

ဖြစ်နိုင်လျှင် သူက အဘွားအို နှင့်ပြဿနာ

ဖြစ်ရန် အမှန်တကယ် ဆန္ဒမရှိပေ။

ကံမကောင်းစွာဖြင့် အဘွားအိုက

ရှေးဟောင်းစစ်မြေပြင်၏ စည်းမျဥ်းများကို ပေါ်တင်

ချိုးဖောက်ခဲ့သည်။

ဤအခြေအနေနှင့်ပတ်သက်၍
သူသာရှေ့ထွက်မလာပါက
မွေးဖွားခြင်းဂိုဏ်းတစ်ခုလုံး သေချာပေါက်
မျက်နှာပျက်ရပါလိမ့်မည်။

အဘိုးအိုချန်းဟွမ်က ခေါင်းခါလိုက်ပြီး "စီနီယာ
လော့! စီနီယာက ပုန်းကွယ်နေသောနဂါး အဆင့်ရဲ့
စည်းမျဉ်းတွေကို သတိထားမိသင့်တယ်။
ဒီလိုလုပ်တာက ဒီစည်းကမ်းတွေကို
ချိုးဖောက်တာပဲ။”

အဘွားအိုက ခေါင်းညိတ်သည်။ “ဒါပေမယ့် သူက ငါ့မြေး။ သူသေတာကို ငါကြည့်လို့မရဘူး။”

စကားပြောပြီးသည်နှင့် အဘွားအိုက ယန်ယွဲ့ကို စိုက်ကြည့်ကာ "ဒီတစ်ခါတော့ မင်းသူ့ကို လွှတ်ပေးလိုက်မယ်ဆိုရင် ဘယ်လိုထင်လဲ?" သူ့ကို မသတ်သေးသရွေ့ ငါ သူ့ကို ကယ်တင်တာက စည်းမျဉ်းကို ချိုးဖောက်တာ မဟုတ်ဘူး။ ဒီလိုနည်းနဲ့ လူတိုင်းလက်ခံကြမှာပါ။ အဆင်ပြေလား?"

အဘွားအို ၏ စကားကို ကြားလိုက်ရာ အဘိုးအိုချန်းဟွမ်က ယန်ယွဲ့ကိုကြည့်လိုက်သည်။

အဘွားအိုပြောသည်က မမှားပေ။

ယန်ယွဲ့ကသာ လော့ရှဲကို

လွှတ်ပေးရန်သဘောတူလိုက်ပါက စည်းမျဉ်းများကို

ချိုးဖောက်ရာကျမည် မဟုတ်ပါ။

စည်းမျဉ်းများကို

သတ်မှတ်ထားပြီးသာဖြစ်သော်လည်း

လက်ရှိအခြေအနေနှင့်ပတ်သက်၍

သူလည်းမတတ်နိုင်ပေ။

ယန်ယွဲ့သည် အောက်သို့ ငုံ့ကြည့်နေပြီး

သတ်ဖြတ်ခြင်းစိတ်ဆန္ဒများ အဆက်မပြတ်

မြင့်တက်လာသည်။

အဘွားအိုက သူနဲ့ ဆွေးနွေးနေသလိုမျိုး ပြောနေသော်ငြား တကယ်တမ်းတော့ သူမ၏စကားနောက်ကွယ်မှခြိမ်းခြောက်မှုကိုရှင်းရှင်းလင်းလင်းသတိပြုမိနိုင်ပေသည်။

"အားလုံးလက်ခံမယ်လို့ထင်တယ်? မင်းတို့အားလုံး ပျော်စရာတွေပဲကျန်ခဲ့လိမ့်မယ်၊ ဒါပေမယ့် ငါကော။ ရှီလော့ ကော ဘယ်လိုလဲ? ငါတို့ရဲ့ပျော်ရွှင်မှုကရော ဘယ်လိုလဲ?"

ယန်ယဲ့က သူ့စိတ်ထဲမှ တဟုန်ထိုးမြင့်တက်လာသော သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို ပြင်းပြင်းထန်ထန် မျိုသိပ်လိုက်ပြီး အဘွားအိုကိုကြည့်ကာ

ပြုံးလိုက်သည်။ “အကြီးအကဲပြောတာ

လုံးဝမှန်တယ်။ ဒါပေမယ့် ဂျူနီယာက အကြီးအကဲ

ရဲ့မြေးနဲ့ အချိန်အကြာကြီး တိုက်ခိုက်ခဲ့တော့ ဒဏ်ရာ

၁၀၀ ထက်မနည်းရခဲ့တယ်။

ဒီလိုဆိုတော့ အကြီးအကဲက အနည်းဆုံး

ဒီဂျူနီယာအတွက်

လျော်ကြေးတော့ပေးသင့်တယ်မဟုတ်လား။

ဒီလိုဆိုရင်

ဒီမှာရှိတဲ့လူတိုင်းကျေနပ်ပျော်ရွှင်ကြမှာပါ။

အကြီးအကဲက ဒီစကားကိုဘယ်လိုထင်လဲ?"

စကားပြောပြီးသည်နှင့် ယန်ယဲ့၏နှလုံးသားထဲ၌

ကူကယ်ရာမဲ့သော ခံစားချက်ကို

ပြင်းပြင်းထန်ထန်ခံစားလိုက်ရသည်။

အမှန်တကယ်ဖြစ်နိုင်ပါက ဓားတစ်ချက်ကိုယမ်းပြီး

သူ့ရှေ့မှ နှစ်ယောက်လုံးကို သတ်ပစ်ချင်ခဲ့သည်။

ကံမကောင်းစွာပဲ၊ သူ၏လက်ရှိခွန်အားက ၎င်းကို

လုပ်ဆောင်နိုင်ခြင်းမရှိခဲ့ပေ။

ဓားသမားတစ်ဦးက နောက်မဆုတ်ဘဲ

ရှေ့ကိုသာဆက်တိုးသင့်၏။

သို့ရာတွင် ၎င်းကလည်း

အချိန်အခါပေါ်မူတည်ပါသည်။ ယခုအချိန်တွင်

ရှေ့ဆက်တိုးလိုက်ပါက

သေခြင်းတရားသာရင်ဆိုင်ရပေမည်။

မည်သို့ပင်ဆိုစေ အဘွားအိုက အဘိုးအိုချန်းဟွမ်နှင့်

အဘိုးအိုဖုန်းရှဲ့

နှစ်ဦးလုံးထက်ပင်သန်မာနေကြောင့်ဖြစ်သည်။

ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်၏

စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍

ယန်ယွဲ့၏စိတ်ထဲ

လုံးဝအထင်အမြင်သေးခြင်းများဖြင့်

ပြည့်နှက်နေသည်။

အဘွားအိုက စည်းမျဉ်းများကို ရှင်းရှင်းလင်းလင်း ချိုးဖောက်ခဲ့သော်လည်း အဘိုးအိုချန်းဟွမ်က သူမကို ဖိအားပေးရန်မဝံ့ရဲခဲ့ပေ။

ယန်ယွဲ့၏ စကားကို ကြားလိုက်သောအခါတွင် အဘိုးအိုချန်းဟွမ် ၏ မျက်လုံးများက တောက်ပလာသည်။

"အနည်းဆုံးတော့ ဒီကလေးက လက်ရှိအခြေအနေကို ကောင်းကောင်းမြင်နိုင်သေးတာပဲ။"

တစ်ချိန်တည်းမှာပင် သူ့စိတ်ထဲတွင်

စိတ်သက်သာရာရစွာဖြင့်

သက်ပြင်းတစ်ချက်ချလိုက်သည်။

အကယ်၍ ယန်ယဲ့သာ အလျှော့မပေးပါက သူလည်း

အကြီးအကျယ် ဒုက္ခရောက်ပါလိမ့်မည်။

ဤစကားကိုကြားပြီးနောက်

အဘွားအိုကရှို့တွနေသော လက်အစုံကို

ဖြည်းညှင်းစွာ

ဖြေလျှော့လိုက်ပါသည်။ "ကုသစရိတ် လား?

အိုး....ဟုတ်တယ်...ဟုတ်ပါတယ်.... ဒါက

ပေးသင့်တာပေါ့။"

ဆက်ရန်

အဆုံးမဲ့စားကမ္ဘာ ၄၀၀ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၀၀)] - သိုင်းနတ်ဘုရား နဲ့ စားအင်ပါယာ

ကြားမှ တိုက်ပွဲ

အဘွားအိုက လက်ညှိုးကို ပွတ်ဆွဲလိုက်ရာ

ယန်ယဲ့၏ ရှေ့တွင် အနည်းငယ်ကြီးမားသော

သို့လျှောင် လက်စွပ်တစ်ကွင်း ပေါ်လာသည်။ သူမက "အဲဒီအထဲမှာ စွမ်းအင်ကျောက်တုံး (၁၀၀,၀၀၀) ရှိတယ်။ မှန်ပါတယ်၊ မင်းရဲ့ရုပ်ခန္ဓာက မဆိုးဘူးဆိုတာ ငါသတိထားမိတယ်။ ဒါကြောင့် မင်းရဲ့ရုပ်ခန္ဓာကို ပြုစုပျိုးထောင်ဖို့ အရမ်းအရေးကြီးတယ်လို့ ငါယူဆတယ်။ ကောင်းပြီ၊ မင်းက ဉာဏ်ကောင်းတဲ့ ကလေးဆိုတော့ မင်းကို

နဂါးအစစ်ရဲ့သွေးတစ်စက်ပါပေးလိုက်မယ်။"

စကားပြောပြီးသည်နှင့် တစ်ပြိုင်နက် သေးငယ်သော ကျောက်စိမ်းပုလင်းလေးက ယန်ယဲ့၏ ရှေ့တွင် ထပ်မံပေါ်လာသည်။

ထိုအချိန်တွင် အဘိုးအိုချန်းဟွမ် က ရုတ်တရက် ပြုံးလိုက်ပြီး "ယန်ယဲ့! မင်းက တကယ်ကံကောင်းတာပဲ။ နဂါးအစစ်ရဲ့ သွေးစက်တစ်စက်က မင်းရဲ့ခန္ဓာကိုယ်ကိုသန်မာလာအောင်လေ့ကျင့်ဖို့ အကောင်းဆုံး ရတနာတွေထဲက တစ်ခုပဲ။ တစ်စက်တည်း စုပ်ယူလိုက်ရုံနဲ့ မင်းရဲ့ခန္ဓာကိုယ်က နောက်အဆင့်တစ်ခုထိ မြင့်တက်လာဖို့

လုံလောက်တယ်။ ဒါ့အပြင် မင်းက
ကံကောင်းရင်တော့ နဂါးအရှိန်အဝါကိုတောင်
နားလည်နိုင်သေးတယ်။ အဲဒီအချိန်မှာ
မင်းရဲ့စွမ်းအားက အထွတ်အထိပ်
ဝိညာဉ်နယ်ပယ်အလွှာအဆင့် နတ်ဆိုးသားရဲထက်
ပိုအားကောင်းလိမ့်မယ်!”

ယန်ယွဲ့သည်လည်း ပုံမှန်အတိုင်း တည်ငြိမ်နေကာ
ငြင်းပယ်ရန် မကြိုးစားပေ။

သူက သိုလှောင်လက်စွပ်နှင့် ကျောက်စိမ်းပုလင်း
နှစ်ခုလုံးကို လက်ခံယူလိုက်ပါသည်။

အဆုံးတွင်၊ စွမ်းအင်ကျောက်တုံး(၁၀၀,၀၀၀) နှင့် နဂါးအစစ်၏သွေးတစ်စက်ကို လော့ရှဲနှင့် လဲလှယ်ခြင်းက အဘွားအိုအတွက် ပိုကောင်းသော သဘောတူညီချက်တစ်ခု ဖြစ်နေဆဲပင်။

ယန်ယဲ့က

သူမပေးသောပစ္စည်းများအားလက်ခံလိုက်သည်ကို မြင်သောအခါ အဘွားအို၏ မျက်လုံးထဲတွင် ထူးဆန်းသော အလင်းတန်းတစ်ခု လင်းလက်တောက်ပလာအနည်းငယ် ခေါင်းညိတ်လိုက်သည်။ ထို့နောက် သူမသည် ယန်ယဲ့ကို မကြည့်မီ အန်နန်ကျင်း ကို

တစ်ချက်ကြည့်လိုက်ပြီးနောက် “ဓားအင်ပါယာ နဲ့ သိုင်းနတ်ဘုရားကြားက ကံကြမ္မာတိုက်ပွဲ။ ဟားဟား၊ ငါလည်းမျှော်လင့်ချက်အပြည့်နဲ့ သတင်းကိုစောင့်မျှော်နေမယ်။ ကံကောင်းပါစေ!" စကားဆုံးသည်နှင့် အဘွားအိုက လော့ရှဲကိုသယ်ယူကာ ရုတ်ချည်း ပျောက်ကွယ်သွားသည် ။

အဘိုးအိုချန်းဟွမ်က အန်နန်ကျင်း ကို ငုံ့ကြည့်ပြီးနောက် ယန်ယဲ့ ကို စိုက်ကြည့်ကာ ခဏလောက် တုံ့ဆိုင်းနေပြီးမှ "မင်း အခု ရပ်ဖို့ ရွေးချယ်ရင်

ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်ရဲ့

အဆင့် (၂) နေရာကို ချက်ချင်းရမယ်။

ရှေ့ဆက်တက်ဖို့ ရွေးချယ်ရင် သေဖို့ အလားအလာ

အရမ်းများတယ်။သေချာပါတယ်၊ တစ်ခုရှိတာက

မင်းရှုံးနိမ့်တာကို ဝန်ခံချင်ရင်တောင် အန်နန်ကျင်း ရဲ့

သဘောတူညီချက်ကို ရယူရမယ်။”

"သဘောမတူဘူး!" ဤအခိုက်အတန့်တွင်

အန်နန်ကျင်းက နဂါးစင်မြင့်ထက်၌ ပေါ်လာပြီး

ယန်ယဲ့ ကို စိုက်ကြည့်ကာ "အစတုန်းက ငါ နင့်ကို

တိုက်ခိုက်ရမယ်လို့ မရည်ရွယ်ခဲ့ပါဘူး။

နောက်ဆုံးတော့၊ ငါတို့အရင်က

တိုက်ပွဲတွေဖြစ်ပြီးပြီး။ ဒါပေမယ့် အဆင့်(၅)ထပ်မြောက်မှာ တွေ့တုန်းက ရဲ့ခွန်အားကို ဖုံးကွယ်ထားပုံပဲ။ နင်က သေခြင်းတရားကို မြင်ရမှ အစစ်အမှန်ခွန်အားကိုထုတ်ပြမယ်ထင်တယ်။ ဒီလိုဆိုမှတော့ သေခြင်းတရားအစစ်အမှန် ရောက်ရှိလာတာကို နင်နားလည်အောင် ငါလုပ်ပြမယ်!”

ယန်ယွဲ့က အဘိုးအိုချန်းဟွမ်ကို ကြည့်ရင်း ပုခုံးတွန့်ကာပြောလိုက်သည် "ငါ ရှုံးနိမ့်ချင်နေရင်တောင်မှ ရှုံးနိမ့်တာကို ဝန်ခံဖို့ဆိုတာ

မဖြစ်နိုင်ပါဘူး။ ဒီလိုမျိုးဆိုတော့ ငါကတိုက်ခိုက်ရုံပဲရှိတယ်!”

အမှန်စင်စစ် သူသည်လည်း အန်နန်ကျင်းနှင့်တိုက်ခိုက်ချင်နေ၏။

သူမနှင့် ယခင်တိုက်ပွဲက သူ့အတွက်အကျိုးကျေးဇူးများစွာကို ရရှိစေခဲ့သည်။မှန်ပါသည်။ အရေးကြီးဆုံးမှာ ယန်ယဲ့အနေဖြင့်သူ၏အကန့်အသတ်ကိုသိလိုနေခြင်းပင်။

ယခုအချိန်ထိတော့ တစ်စုံတစ်ယောက်က သူ့အား အကန့်အသတ်ရောက်သည်အထိတွန်းပို့နိုင်ခြင်းမရှိသေးပေ။

အဘိုးအိုချန်းဟွမ်က အနည်းငယ် ခေါင်းညိတ်လိုက်ပြီးနောက် စင်မြင့်ထက်မှ ပျောက်ကွယ်သွားခဲ့သည်။

အန်နန်ကျင်း နှင့် ယန်ယဲ့က နဂါးစင်မြင့်ထက်တွင် တစ်ယောက်ကိုတစ်ယောက်စူးစိုက်ကြည့်နေသော်လည်း ယခုတိုင်မတိုက်ခိုက်ကြသေးပေ။

တစ်ဖန် စင်မြင့်အောက်ရှိ မရေမတွက်နိုင်သော ကျွမ်းကျင်သူများကလည်း ၎င်းတို့နှစ်ဦးကို စူးစိုက်စိုက်စိုက် ကြည့်နေကြသည်။

ဓားအင်ပါယာ နဲ့ သိုင်းနတ်ဘုရား။...

တစ်ယောက်က ဓားတစ်ချောင်းတည်းဖြင့် နည်းစနစ်အားလုံးကို ဖျက်ဆီးပစ်နိုင်သည်။

နောက်တစ်ယောက်ကတော့ ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးမှ အထွတ်အမြတ်တည်ရှိမှုပင်။

ယခုအချိန်တွင်တော့

ဤထိပ်သီးကျွမ်းကျင်သူနှစ်ဦးက အချင်းချင်း

ထိပ်တိုက်တွေ့ဆုံပြီး

ပြင်းထန်သော သေခြင်း၊ရှင်ခြင်း တိုက်ပွဲကြီး

ဖြစ်လာတော့မည် ဖြစ်သည်။

အလားတူ၊ တစ်ချိန်တည်းမှာပင်

ဆန်းကြယ်တိုက်ကြီး၏ လူငယ်မျိုးဆက်တွင်

မည်သူကများ နံပါတ်တစ် ကျွမ်းကျင်သူ

ဖြစ်လာမည်နည်း။

လူနှစ်ဦးက မတိုက်ခိုက်ရသေးသော်လည်း

စင်မြင့်အောက်ရှိ မရေမတွက်နိုင်သော လူများက

သွေးများ ပွက်ပွက်ဆူလာခဲ့သည်။

နဂါးစင်မြင့်ထက်၌။

ယန်ယဲ့၏ ခန္ဓာကိုယ်အတွင်းမှ

ဆန်းကြယ်ချီစွမ်းအင်များ တဖြည်းဖြည်း

မြင့်တက်လာပြီး

အစိမ်းရောင်လေပွေများထွက်ပေါ်လာပြီး

သူ့ခြေထောက်အောက်တွင် စုရုံးလာခဲ့သည်။

တစ်ချိန်တည်းတွင် အလွန် စူးရှပြီး

ပြိုးပြိုးပြက်ပြက်ပြက်လက်နေသော

သွေးနီရောင်အလင်းတန်းများက

နဂါးအရိုးဓားပေါ်တွင် တဖျပ်ဖျပ်

တောက်ပလာနေခဲ့၏။

အန်နန်ကျင်း၏ အမူအရာက ငြိမ်သက်စွာ

ရပ်နေသည်။

သူမ၏ ခေါင်းမှ မြင်းပြီးသဖွယ်ရှည်လျားသော

ဆံပင်ရှည်များက လေနှင့်အတူ ပေါ့ပါးစွာ

ယိမ်းထိုးသွားကာ သူမ၏ ကြည်လင်သော

မျက်လုံးများက ပကတိအတိုင်း
ငြိမ်သက်နေပါသည်။

ရုတ်တရက်၊ ယန်ယဲ့သည် သူ၏ညာခြေကိုအသာ
ပုတ်လိုက်ပြီးနောက် သူ့ပုံရိပ်က လေထဲသို့
တဟုန်ထိုး ပေါက်ကွဲထွက်လာသည်။

ယန်ယဲ့၏ ပုံရိပ်
ဖြတ်သွားသည့်လမ်းကြောင်းတစ်လျှောက်
နေရာတိုင်းတွင် ပုံရိပ်ယောင်များစွာ
ထွက်ပေါ်လာခဲ့လေသည်။

စင်မြင့်အောက်မှ လူတိုင်း အံ့သြတုန်လှုပ်နေချိန်မှာပဲ ယန်ယွဲ့က အန်နန်ကျင်း၏ရှေ့တွင်ပေါ်လာကာ သူ့လက်ထဲမှ နဂါးအရိုးဓားက အေးစက်စက်တောက်ပလာပြီး အန်နန်ကျင်း ၏ လည်ပင်းဆီသို့ တိုးဝင်သွားလေသည်။

အန်နန်ကျင်းကမှုမလှုပ်ရှားသေးပေ။

တစ်ချိန်တည်း ယန်ယွဲ့၏ နဂါးအရိုးဓားက သူမ၏ လည်ပင်းကို ထိုးဖောက်သွားသည်။

သို့သော်လည်း ယန်ယွဲ့၏အမူအရာကပြောင်းလဲကာ သူ့လက်ကောက်ဝတ်ကိုလိမ်လိုက်ပြီး နဂါးအရိုးဓားကိုနောက်ပြန်ထိုးသွင်းလိုက်ပါသည်။

ဖုန်း!

ကျောက်စိမ်းကဲ့သို့ ဖြူစင်သော
လက်သီးတစ်ချက်က ယန်ယဲ့ ၏ နောက်ကျောကို
ရောက်ရှိလာပြီး နဂါးအရိုးဓားနှင့် တိုက်မိသွားကာ
ကျယ်လောင်သော ပေါက်ကွဲသံကြီး
ထွက်ပေါ်လာသည်။

ယန်ယဲ့ ၏ လက်တစ်ဖက်လုံးက ပြင်းထန်စွာ
ထုံကျဉ်သွားသလို ခံစားလိုက်ရသည်။

သူ့ရင်ထဲတွင် အန္တရာယ်ခံစားချက်ကို ရုတ်တရက် ရလိုက်သည်နှင့်
ချက်ချင်းနောက်ပြန်ဆုတ်ရန်ပြင်သည်။

ဤအချိန်တွင် သူ့ရှေ့၌ ကျန်နေသေးသော အန်နန်ကျင်း ၏ပုံရိပ်က သူ့ဆီကို လက်သီးတစ်ချက် ထပ်မံ ထိုးချလာခဲ့သည်။

ယန်ယဲ့ ၏မျက်လုံးများသည်လည်း သိသိသာသာ ကျဉ်းမြောင်းလာသည်။ " အန်နန်ကျင်း နှစ်ယောက်လား?"

သို့ရာတွင် သူက စဉ်းစားရန် အချိန်မရှိ၊ ချက်ချင်းပင် သူ၏ ဘယ်လက်သီးကို ဆုပ်ကာ ရှေ့သို့ တရကြမ်းထိုးချပြီး အန်နန်ကျင်း ၏လက်သီးချက်ကို စီးကြိုခုခံလိုက်သည်။

ဘုန်း!

ယန်ယဲ့က ခြေလှမ်းအနည်းငယ် နောက်ပြန်ဆုတ်သွားသည်။

စင်မြင့်အောက်ရှိ လူတိုင်းက ဤမြင်ကွင်းကို အံ့အားသင့်စွာဖြင့် ကြည့်နေခဲ့ကြ၏။

၎င်းတို့၏မျက်လုံးများက မယုံကြည်နိုင်စရာများဖြင့်
ပြည့်နှက်နေခဲ့သည်။

မိုခေး၏ မျက်ခုံးများပင် တင်းတင်းကျပ်ကျပ်
ချည်နှောင်ထားရာ သူ့မျက်လုံးများက
တုန်လှုပ်ချောက်ချားစရာများဖြင့်
ပြည့်နှက်နေလေသည်။

စင်မြင့်ထက်တွင် အန်နန်ကျင်း
နှစ်ယောက်ပေါ်လာလို့ပါ။

ဤအခိုက်အတန့်တွင် ယန်ယွဲ့သည်လည်း
အန်နန်ကျင်း နှစ်ယောက်ကို စိုက်ကြည့်ရင်း
အလွန်တုန်လှုပ်သွားသည်။

မှန်ပါသည်။
နှစ်ယောက်ရှိနေသောကြောင့်တုန်လှုပ်နေခြင်းမဟု
တ်ပါ။

သူ၏ ဉာဏ်အလင်းရဓားနှလုံးသားက
အဖြစ်အပျက်များကို ရှင်းရှင်းလင်းလင်း
မြင်နိုင်သည်။

တကယ်တမ်းတွင် အန်နန်ကျင်း

တစ်ဦးတည်းသာရှိပြီး ကျန် အန်နန်ကျင်းက

သူမ၏အမြန်နှုန်း

အလွန်တရာမြန်ဆန်နေသောကြောင့်

ဖြစ်ပေါ်လာသည့် တံလျှပ်တစ်ခုမျှသာဖြစ်သည်။

"ဒီလိုဆို သူမရဲ့အရှိန်က ဘယ်လောက်တောင်

မြန်လိုက်သလဲ?"

ထိုအခိုက်တွင်၊ အန်နန်ကျင်း ၏ပုံရိပ်က ဖျတ်ခနဲ

တောက်ပလာပြီး ယန်ယွဲ့၏ရှေ့သို့

ရုတ်တရက်ရောက်လာကာ လက်တစ်ဖက်ကလည်း အနည်းငယ်လှုပ်ရှားသွားသည်။

တစ်ခဏလေးအတွင်းမှာပဲ အန်နန်ကျင်း (၅) ယောက် ချက်ချင်းပေါ်လာပြီး ယန်ယွဲ့ကို ဝိုင်းရံထားလိုက်ကြသည်။

ထို့နောက် အန်နန်ကျင်း (၅)ဦးက တစ်ပြိုင်နက်တည်း လက်များကိုဆန့်ထုတ်ကာ ယန်ယွဲ့၏ခေါင်းကို လက်သီးချက်များဖြင့် ထိုးချလိုက်လေသည်။

လူတိုင်းက အံ့အားသင့်တုန်လှုပ်သွားကြသော်လည်း ယန်ယဲ့၏ အမူအရာက တည်ငြိမ်နေပါသည်။

လက်သီး ငါးလုံးက သူ့ခေါင်းနှင့်
လက်မအနည်းငယ်သာ ကွာဝေးသောအခါ
ရုတ်တရက်
သူ၏နဂါးအရိုးဓားကိုနောက်ပြန်ဆုတ်ကာ
အရှေ့မြောက်ဖက်နှင့် တောင်ဖက် လေထုဆီသို့
လျှပ်တစ်ပြက်ထိုးလိုက်သည်။

နဂါးအရိုးဓားက အလွန်လျှင်မြန်စွာလှုပ်ရှားသွားကာ

စင်မြင့်အောက်မှလူတိုင်းပင်ဤတိုက်ခိုက်မှုကို

ရှင်းရှင်းလင်းလင်း မမြင်နိုင်တော့ပေ။

အားလုံးက ထူးဆန်းစွာဖြင့် လေထုကို

ခုတ်ပိုင်းနေသည့် ဓားအရိပ် အနည်းငယ်ကိုသာ

မြင်နိုင်ခဲ့သည်။

ဖုန်း! ဖြောင်း! ဖြောင်း!

မရေမတွက်နိုင်သော ပေါက်ကွဲသံများ

အဆက်မပြတ် ထွက်ပေါ်လာသည်။

ခဏအကြာတွင်၊ 'အန်နန်ကျင်း' ငါးယောက်က ရုတ်တရက် တုန်လှုပ်သွားပြီး လေးယောက်ကမူ လေထဲသို့ လွင့်ပျံထွက်သွားကြသည်။

"ဟင်း....။ နင်က တကယ်ကို ညဏ်အလင်းရဓားနှလုံးသားကို ပိုင်ဆိုင်ထားတာပဲ!" အန်နန်ကျင်း က သူမ၏ ညာဖက်လက်သီးကို တဖြည်းဖြည်း ဆုပ်ကိုင်လိုက်ပြီး "နင်က ငါ့ရဲ့ 'တံလျှပ်အရိပ်ခြေလှမ်း' ကို ထွင်းဖောက်မြင်နိုင်ခဲ့တယ်ပေါ့။ ဒါကလည်း တစ်ခု ကောင်းပါတယ်၊ မဟုတ်ရင် တိုက်ပွဲကို မမြင်နိုင်ရင် တကယ်ကို ငြီးငွေ့စရာ ကောင်းသွားလိမ့်မယ်။

ဒီလိုဆိုတော့ နင်က ငါ့ကို ပျော်ရွှင်စရာကောင်းတဲ့

အံ့အားသင့်စရာတွေ ဆက်ပေးနိုင်မယ်လို့

ငါမျှော်လင့်ပါတယ်!"

သူမစကားဆုံးသွားသည်နှင့်တစ်ပြိုင်နက်

အန်နန်ကျင်း က ရုတ်တရက် သူမ၏လက်သီးကို

ရှေ့သို့ ထိုးလိုက်သည် ။

တစ်ချိန်တည်းမှာပဲ စွမ်းအင်လက်သီးတစ်ချက်က

လေထုကို ဖြတ်သန်းကာ ယန်ယွဲ့ခေါင်းတည့်တည့်ကို

ရောက်လာတော့သည်။

ရှမ်း....။

ယန်ယဲ့က နဂါးအရိုးဓားကို

ရှေ့တည့်တည့်သို့ထိုးချလိုက်ရာ

ပေါက်ကွဲသံတိုးတိုးထွက်ပေါ်လာပြီး

စွမ်းအင်လက်သီးချက်ကအပိုင်းပိုင်းကွဲသွားလေသ

ည်။

သို့သော်လည်း စွမ်းအင်လက်သီးက ချက်ချင်းပင်

ထိတ်လန့်တုန်လှုပ်စွာ ပေါင်းစပ်သွားပြီး ယန်ယဲ့

၏ရင်ဘတ်ပေါ်သို့ လျှပ်တစ်ပြက်ထိုးချလာခဲ့သည်။

အုန်း!

ယန်ယဲ့ ၏ခန္ဓာကိုယ်က အနည်းငယ်တုန်ယင်သွားပြီး

ခြေလှမ်း (၁၀) လှမ်းကျော်

နောက်ပြန်ဆုတ်ရင်းမျက်မှောင်ကြုတ်ကာ

အောက်ကိုငုံ့ကြည့်လိုက်မိသည်။

သူ့ရင်ဘတ်မှပြင်းထန်စွာချိုင့်ဝင်နေသောလက်သီး

ရာကိုမြင်လိုက်ရလေသည်။

"အဆင့် ၉ လက်သီးစိတ်ဆန္ဒ။

ပုံသဏ္ဍာန်ပျက်သွားပေမဲ့ စိတ်ဆန္ဒ ကျန်ရှိနေတယ်။

ဒီကလေးမက အသက် ၂၀ မတိုင်ခင်တည်းက

အဆင့် ၉ လက်သီးစိတ်ဆန္ဒကိုရောက်ရှိနေပြီ။

ကောင်းကင်ကြီးကတောင် သူမရဲ့

ကြီးကျယ်ခမ်းနားတဲ့ပါရမီကို မနာလိုဖြစ်မှာကို

ငါစိုးရိမ်မိတယ်!" အဘိုးအိုချန်းဟွမ်က

ပတ်ဝန်းကျင်မှဖြစ်ပေါ်နေသည့်

အမျိုးအမည်မသိနိုင်သောအရိပ်အယောင်များကို

ကြည့်ကာ လေးလေးနက်နက် အမူအရာဖြင့်

ပြောလိုက်သည်။

ထိုအချိန်တွင် ယန်ယွဲ့ ၏ အမူအရာသည်လည်း

အလွန်လေးနက်နေပါသည်။

"သူမရဲ့ ခွန်အားက ငါမျှော်လင့်ထားတာထက်

အများကြီး ပိုနေတာပဲ။ တကယ်လို့

ငါ့ရဲ့ခန္ဓာကိုယ်ကသာ ငရဲတစ္ဆေမီးတောက် နဲ့

နတ်သားရဲလေးပါးရဲ့

သွေးစက်တွေကိုသန့်စင်မထားခဲ့ရင်

ဒီလက်သီးချက်က

ချက်ချင်းသေသွားနိုင်လောက်တယ်။"

"နင့်ရဲ့ ခန္ဓာကိုယ်က တော်တော်လေး သန်မာတာပဲ!"

အန်နန်ကျင်း က ရှေ့သို့ ခြေတစ်လှမ်းတိုးကာ

သူမ၏ခြေဖျားကိုမြေပြင်ပေါ်အသာ ပုတ်လိုက်ပြီး

သားကောင်ကို အမဲလိုက်နေသော ကျားသစ်ကဲ့သို့

ပြင်းထန်စွာ ရှေ့ကို ခုန်ဝင်လာခဲ့လေသည်။

ထို့နောက်တွင် သူမက မည်သည့်
တိုက်ခိုက်ရေးနည်းစနစ်ကိုမှ အသုံးပြုဘဲ
သာမာန်ရိုးရှင်းသော လက်သီးတစ်ချက်ဖြင့်သာ
ရှေ့သို့ ထိုးချလိုက်ပါသည်။

ယန်ယွဲ့သည် အန်နန်ကျင်း ၏အရှိန်ကြောင့်
ထိတ်လန့်သွားသော်လည်း၊ အနည်းငယ်
ကျင့်သားရသလိုဖြစ်သွားခဲ့သည်။

သို့တိုင် သူက မပေါ့ဆရဲပေ။ သူ့လက်ထဲရှိ
နဂါးအရိုးဓားက

အလင်းတန်းတစ်ခုတောက်ပလာကာ အန်နန်ကျင်း၏လက်သီးချက်ကို ပိုင်းချလိုက်လေသည်။

ဖုန်း....ဖြောင်း....ဖြောင်း!

လက်သီးချက်က
နဂါးအရိုးဓားကိုထိမှန်သွားပြီးနောက်
နဂါးအရိုးဓားက လေးကိုင်းသဏ္ဍာန်သို့ ချက်ချင်း
ကွေးညွတ်သွားခဲ့သည်။

ဤမြင်ကွင်းကို မြင်လိုက်ရာ ယန်ယဲ့၏
အမူအရာက အနည်းငယ်ပြောင်းလဲသွားပါသည်။

ဤအခိုက်အတန့်တွင် အန်နန်ကျင်း ၏

ညာဖက်ခြေထောက်က

အနည်းငယ်မြောက်တက်လာပြီး

ယန်ယွဲ့၏ဝမ်းဗိုက်ဆီသို့ ရုတ်တရက်

ဖြတ်ကန်လိုက်သည်။

ယန်ယွဲ့၏ တုံ့ပြန်မှုသည်လည်း မနှေးကွေးပါ။

သူ၏ဘယ်လက်ကိုဆန့်ကာဝမ်းဗိုက်ရှေ့တည့်တည့်

သို့ လျင်မြန်စွာ ထိုးလိုက်သည်။

ဘုန်း!

ယန်ယွဲ့ကိုယ်တိုင် သူ့ရင်ထဲတွင်
ထိတ်လန့်တုန်လှုပ်သွားမိသလို သူ့လက်တစ်ဖက်လုံး
ထုံကျင်သွားခဲ့သည်။

ထိုအချိန်တွင်၊ အန်နန်ကျင်း ၏ပုံရိပ်က
တောက်ပလာပြီး ခြေထောက်တစ်ဖက်က
ကောင်းကင်ယံ လေထုကို ဆုတ်ဖြဲကာ
တဝီဝီမြည်သံများနှင့် ယန်ယွဲ့၏ခေါင်းဆီသို့
တိုးဝင်လာလေသည်။

ယန်ယွဲ့ ၏ အမူအရာလည်း အနည်းငယ်
ပြောင်းလဲသွားပါသည်။

သူ၏ညာခြေကို မြေပြင်ပေါ်သို့ လျင်မြန်စွာ
နင်းလိုက်ကာ နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် အန်နန်ကျင်း၏ လက်သီးချက်
နှင့် ခြေကန်ချက်က အစောပိုင်းက ယန်ယဲ့
ရပ်နေခဲ့သောနေရာသို့
ဆက်တိုက်ကျရောက်သွား၏။

နဂါးစင်မြင့်ထက်မှ တိုက်ခိုက်နေသည့် မြင်ကွင်းကို
ကြည့်နေစဉ် စင်မြင့်အောက်ရှိ မရေမတွက်နိုင်သော
လူအုပ်ကြီးက သွေးများဆူပွက်လာသလို
ခံစားလိုက်ရလေသည်။

၎င်းတို့၏ မျက်နှာများပေါ်တွင် စိတ်လှုပ်ရှားနေသည့် အမူအရာများ ရှိနေကြသည်။

"မျှော်လင့်ထားတဲ့အတိုင်း, ညဏ်အလင်းဓားရနှလုံးသား!" အန်နန်ကျင်းက ပေါ့ပေါ့ပါးပါး ခေါင်းညိတ်ပြရင်း ယန်ယွဲ့ကို တစ်ချက်စိုက်ကြည့်လိုက်၏။

“နင်က ငါ့ရဲ့ တိုက်ခိုက်မှုတွေကို အကြိမ်တိုင်း မြင်နိုင်တယ်။ မဆိုးပါဘူး၊ ဒီလိုတိုက်ပွဲမျိုးက နည်းနည်းစိတ်ဝင်စားဖို့ကောင်းတယ်။ ဒါပေမဲ့ အခုချိန်ကစပြီး ငါ

အပြင်းအထန်တိုက်ခိုက်တော့မှာဆိုတော့

သတိထားပါ။”

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၄၀၁ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၄၀၁)] - မင်း ရှုံးသွားပြီ။

ယန်ယွဲ့ကလည်း ခေါင်းညိတ်လိုက်ပါသည်။ “တကယ်ပါပဲ။ ဒီအချိန်က ငါတို့နှစ်ယောက် အပြင်းအထန်တိုက်ရမယ့်အချိန်ပဲ!"

"အိုး?" အန်နန်ကျင်း ၏မျက်နှာက ပြုံးယောင်သမ်းလာသည်။ "ဒီလိုဆို နင့်မှာ တခြား ဝှက်ဖဲတွေ ရှိသေးတာလား? အရမ်းကောင်းတယ်။ ဒီလိုစိတ်လှုပ်ရှားစရာကောင်းတဲ့တိုက်ပွဲမျိုးကို ငါတကယ်ကိုစောင့်မျှော်နေတယ်!"

ယန်ယွဲ့ ၏ ပါးစပ်ထောင့်များ လှုပ်ယမ်းသွားသည်။ "ဒီမိန်းမက တိုက်ခိုက်ရင် တကယ်အရူးပဲဟ!"

ယခင်ကတိုက်ပွဲကို ပြန်တွေးမိသောအခါ

သူ့စိတ်ထဲ၌ အနည်းငယ်တော့

ထိတ်လန့်သွားမိသေးသည်။

အကယ်၍ သူသာ ဉာဏ်အလင်းရခြားနှလုံးသားကို

မပိုင်ဆိုင်ခဲ့လျှင် အန်နန်ကျင်း ၏တိုက်ခိုက်မှုများကို

အချိန်အနည်းငယ်ကြာအထိ

ထိန်းထားနိုင်လိမ့်မည်မဟုတ်ပေ။

သူမ၏ အရှိန်အဟုန်၊ ခွန်အားနှင့်

တုန်လှုပ်ချောက်ချားဖွယ်ရာ တိုက်ခိုက်မှုများက

အမှန်တကယ်ပင်
ကြောက်စရာကောင်းလွန်းလှသည်။

"ဟူး....။ ကြည့်ရတာ သူမက "သိုင်းနတ်ဘုရား"
ဆိုတဲ့ ဘွဲ့ဂုဏ်ပုဒ်နဲ့ တကယ်ထိုက်တန်နေတာပဲ။"

ထို့နောက်။ ယန်ယွဲ့က အသက်ပြင်းပြင်းရှူပြီး
လက်ညှိုးဖြင့် ပွတ်သပ်လိုက်သည်။

ငရဲတစ္ဆေမီးတောက်က သူ၏နဂါးအရိုးဓားပေါ်သို့
လင်းလက်လာပြီး သူ့ခန္ဓာကိုယ်ထဲမှ
ဆန်းကြယ်ချီစွမ်းအင်များ

တဟုန်ထိုးမြင့်တက်လာကာ

နဂါးအရိုးဓားထဲသို့ပြင်းထန်စွာ တိုးဝင်လာပြီး

နဂါးရိုးဓားပေါ်ရှိ အဖြူရောင် မီးတောက်များက

တဖြည်းဖြည်း အရောင်ပြင်းလာခဲ့သည်။

တစ်ချိန်တည်းတွင် မရေမတွက်နိုင်သော

အလင်းတန်းများနှင့် အဖြူရောင် မီးပွားများက

ပတ်ဝန်းကျင်ဆီသို့ အဆက်မပြတ် လွင့်စင်၊

ရိုက်ခတ်နေပါသည်။

တစ်ဖန်, ယန်ယွဲ့ ၏ မျက်လုံးများတွင်

ပြတ်သားသော အမူအရာ ထွက်ပေါ်လာလေသည်။

ယခုအချိန်တွင် သူ၏အစစ်အမှန်စွမ်းအားကို

လုံးဝဖုံးကွယ်ထားတော့ခြင်းမရှိပေ။

သူ့နှလုံးသားထဲသို့ စိတ်ဆန္ဒတစ်ခုကိုပို့လွှတ်လိုက်ရာ

နဝမငရဲအေးမီးတောက်က

လင်းလက်တောက်ပလာပြီး သူ့နောက်ကျောတွင်

အစိမ်းရောင်အတောင်ပံတစ်စုံ ဖြစ်ပေါ်လာသည်။

နဝမငရဲအေးမီးတောက်

ထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက်

နဂါးစင်မြင့်ကြီးတစ်ခုလုံး

အလွှန် အေးစက်လှသောလေများ၊

မီးတောက်ငယ်များဖြင့် ဖုံးလွှမ်းသွား၏။

နဝမငရဲအေးမီးတောက်....။

ဤမြင်ကွင်းကို မြင်တွေ့လိုက်ရသောအခါ

ဝန်းကျင်ရှိ မရေတွက်နိုင်သော လူများက

အံ့အားသင့်သွားကြသည်။

နောက်ထပ် သဘာဝလွှန်ရတနာတစ်ခုလား? သူ့မှာ

သဘာဝလွှန်ရတနာနှစ်ခုတောင်

ပိုင်ဆိုင်ထားတာလား?"

အဘိုးအိုချန်းဟွမ် နှင့်

အဘိုးအိုဖုန်းရှဲ့တို့နှစ်ဦးလုံးပင် အတော်လေး

အံ့အားသင့်သွားကြပါသည်။

သူတို့ကလည်း ယန်ယွဲ့တွင်

သဘာဝလွှန်ရတနာနှစ်ခုကို အမှန်တကယ်

ပိုင်ဆိုင်ထားလိမ့်မည်ဟု

မျှော်လင့်ထားကြဟန်မတူပေ။

"သဘာဝလွှန်ရတနာနှစ်ခု။ ဒီကလေး ယန်ယွဲ့က

အတိတ်က ကံကြမ္မာကောင်းချီးကို ရခဲ့တာ

ဖြစ်နိုင်ပါ့မလား?"

အဘိုးအိုချန်းဟွမ်က သူ့မျက်နှာပေါ်တွင်
အကူအညီမဲ့သော အမူအရာဖြင့်
ခေါင်းယမ်းလိုက်ပါသည်။ ဤယန်ယွဲ့က
အမှန်တကယ်ပင် ထူးဆန်းကာ
ကြွယ်ဝလွန်းသည်မဟုတ်ပါလား။

တစ်ဖက်တွင်မူ အဘိုးအိုဖုန်းရှဲ့၏ မျက်လုံးများတွင်
လောဘတကြီးအရိပ်အယောင်များ ပေါ်လာခဲ့သည်။

"နဝမငရဲအေးမီးတောက် ?" အန်နန်ကျင်းက
ပေါ့ပေါ့ပါးပါး ရေရွတ်ရင်း “နင်က သဘာဝ
လွန်ရတနာတွေကို တကယ် ပိုင်ဆိုင်နိုင်ခဲ့လို့

ငါတောင် နည်းနည်းတော့ အံ့အားသင့်သွားမိပြီ။ လာပါ! အဲ့ဒါတွေက ဘယ်လောက် ကြောက်စရာကောင်းလဲ ဆိုတာ ကြည့်လိုက်ရအောင်။”

"မင်းသဘောအတိုင်း!" ယန်ယဲ့က သူ့ညာလက်မှ ဓားကို ဖြည်းညှင်းစွာ မြှောက်လိုက်ပြီး ဓားကို ဘယ်လက်ထဲသို့ပြောင်းကိုင်ကာ အနည်းငယ်လှုပ်လိုက်ရင်း အန်နန်ကျင်း ၏ ညာဘက်ကို ညွှန်လိုက်သည်။

တစ်ခဏတာ တိတ်ဆိတ်သွားပြီးနောက်

သူ၏လက်များက

နဂါးလက်သည်းနှစ်ချောင်းအဖြစ်သို့ ရုတ်တရက်

ပြောင်းလဲသွားသည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့၏မျက်လုံးများက

သွေးရောင်များလွှမ်းလာတော့သည်။

ဖြန်း.... ။

သူ့နောက်ကျောရှိ အစိမ်းရောင်အတောင်ပံများက

ရုတ်တရက် ပျံတက်သွားပြီးနောက် ယန်ယဲ့က

နေရာမှာပင် ပျောက်ကွယ်သွားခဲ့သည်။

ထို့နောက် ယန်ယဲ့က အန်နန်ကျင်း ၏ ရှေ့မှာ
ပြန်ပေါ်လာပြီး
နဂါးလက်သည်းများဖြင့်ကုတ်ဆွဲလိုက်ရာ
တစ်ချိန်တည်းမှာပင် လူတိုင်းက အန်နန်ကျင်း ၏
အသံကိုပါ ကြားလိုက်ရသည်။
"အကာအကွယ်ထွက်လာစမ်း!"

ထို့နောက် ဆက်၍ဖြစ်ပေါ်လာသောမြင်ကွင်းကြောင့်
စင်မြင့်အောက်ရှိ လူတိုင်း
အံ့အားသင့်တုန်လှုပ်သွားကြသည်။

အန်နန်ကျင်းက သူမ၏ ညာလက်ဝါးကို ရှေ့သို့
တွန်းထုတ်လိုက်ကာ
အနီရောင်နှင့်အဖြူရောင်မီးတောက်များဖုံးလွှမ်းနေ
သော နဂါးအရိုးဓားက သူမ၏ လက်ဝါးအလယ်ကို
ပိုင်းဖြတ်သွားခဲ့သည် ။

ယန်ယွဲ့ ၏ မျက်လုံးထဲ၌
ရက်စက်ကြမ်းကြုတ်သောအမူအရာတစ်ခု
တောက်ပလာလေသည်။ တစ်ချိန်တည်းမှာပင်
သူ့နောက်ကျောမှ အစိမ်းရောင်အတောင်ပံများက
တဖြန်းဖြန်း ရိုက်ခတ်ကာ
အေးစက်စက်အငွေ့အသက်များ လွင့်ပျံလာသည်။

သူကအန်နန်ကျင်းကို

စိုက်ကြည့်ရင်းအော်ဟစ်လိုက်၏။ "ချိုးဖျက်စမ်း!"

သူ၏ စကားသံဆုံးသည်နှင့် ရုတ်တရက်

သူ့လက်ထဲမှနဂါးအရိုးဓားကို

တစ်ချက်လိမ်လိုက်ကာ ရှေ့တည့်တည့်ကို

ထိုးသွင်းလိုက်ပါသည်။

အန်နန်ကျင်း ၏အမူအရာက

အနည်းငယ်ပြောင်းလဲသွားပြီးနောက်

သူမ၏မျက်နှာထက်တွင်

ပြတ်သားသောအမူအရာတစ်ခုပေါ်လာပြီး
နဂါးအရိုးစားကို အတင်းဆုပ်ကိုင်လိုက်သည်။

သို့သော်လည်း ဤအခိုက်အတန့်တွင် ယန်ယဲ့က
သူ၏လက်ဝါးကို စက်ဝိုင်းပုံသဏ္ဍာန် လှည့်ပြီး
နဂါးအရိုးစားကို လှည့်ထိုးလိုက်သည်။

အန်နန်ကျင်း၏ အမူအရာကလည်း နောက်တစ်ကြိမ်
ပြောင်းလဲသွားပြန်သည်။

သို့သော် သူမက ယန်ယဲ့ ၏ဓားကို ဆုပ်ကိုင်ထားပြီး ညာခြေကို ပြင်းထန်စွာစောင့်နင်းကာ မူလရပ်နေရာမှ မီတာ ၃၀ ကျော်အကွာသို့ ခုန်ဆုတ်သွားခဲ့သည်။

ထို့နောက် အန်နန်ကျင်းက သူမ၏ လက်ဝါးကို လှန်လိုက်ရာ စင်တီမီတာ အနည်းငယ် ရှည်လျားသော သွေးစင်းကြောင်းကြီးတစ်ခုပေါ်လာခဲ့သည်။

ထို့အပြင် ထိုသွေးစင်းကြောင်းမှ လတ်ဆတ်သောသွေးများသည် အဆက်မပြတ်စီးကျနေ၏။

သူမ၏ လက်ဝါးအလယ်မှာ

သွေးများတစ်စက်စက်စီးကျနေသည်ကို

ငေးစိုက်ကြည့်ရင်း အန်နန်ကျင်းက

အံ့အားသင့်သွားသည်။

သူမက ယန်ယွဲ့ကို မကြည့်ခင်မှာ

ရုတ်တရက်သက်ပြင်းချကာ စကားစလိုက်သည်။

" "ဝိညာဉ်မန္တာန်" က နင့်ရဲ့ ဓားချက်အောက်မှာ

တကယ် ကျိုးပျက်သွားလိမ့်မယ်လို့

ငါဘယ်တုန်းကမှ မတွေးခဲ့ဖူးဘူး။ နင်က ငါ့ကို

တကယ် ဒဏ်ရာရစေနိုင်တာပဲ။

ယန်ယွဲ့! ဟုတ်တယ်နော်။ နင်က တကယ်ကို

အံ့သြစရာကောင်းတဲ့ အံ့အားသင့်မှုကို ပေးခဲ့တယ်။

ဒီထောင်စုနှစ်မှာ မင်းနဲ့အတူ ငါ့ဘဝက
အထီးကျန်တော့မှာ မဟုတ်ဘူး!"

"အထီးကျန်မနေတော့ဘူး" ယန်ယွဲ့က ပေါ့ပေါ့ပါးပါး
ရယ်မောလိုက်၏ "ဘာလဲ? မင်းငါ့ကို
အကြိုက်တွေ့ခဲ့တာဖြစ်နိုင်မလား"

"မင်းကို သဘောကျသွားပြီလား" အန်နန်ကျင်းက
အံ့အားသင့်သွားပြီးနောက် အနည်းငယ်
ခေါင်းညိတ်ကာ "နင်ပြောတာ မှန်ပါတယ်၊
ငါတကယ်သဘောကျတယ်။ နင်ရဲ့ခွန်အားက
မဆိုးပါဘူး၊ ဒါကြောင့် ငါနဲ့အတူလိုက်မယ်ဆိုရင်

နင်နဲ့အတူ ကျင့်ကြံခြင်းလမ်းကြောင်းက

ပိုပြီးစိတ်ဝင်စားဖို့ကောင်းလိမ့်မယ်။"

ယန်ယဲ့ ၏ ပါးစပ်ထောင့်များက တဆတ်ဆတ်

လှုပ်ယမ်းသွားပြန်သည်။

" ငါ သူမကို လှည့်စားနေမှန်း သတိမထားမိတာ

ဖြစ်နိုင်မလား။ တစ်ခုတော့ရှိတယ်....

ဒီမိန်းကလေးက သိုင်းတာအို

အတော်လေးစွဲလမ်းနေပုံပဲ။ ဒါ့အပြင်

သူမရဲ့ခွန်အားက

အရမ်းကြောက်စရာကောင်းတယ်ဆိုတော့

ဘယ်သူက သူမကို စနောက်ရဲမှာလဲ?

ဒီလိုဆိုတော့ ငါ သူမကို လှည့်စားနေတဲ့နည်းလမ်းကို

မသိနိုင်တာက သာမာန်ပဲထင်တယ်! အိုက်ယား,

ငါဘာတွေ လျှောက်တွေးနေတာလဲ။

အခုတိုက်ပွဲဖြစ်နေချိန်မှာ ဒါတွေအားလုံးကို

တွေးသင့်တဲ့အချိန်မဟုတ်ဘူး!

ယန်ယွဲ့သည် ခေါင်းကိုညင်သာသာ ယမ်းလိုက်ပြီး

သူ့နောက်ကျောရှိ နဝမငရဲအေးမီးတောက်ကို

ပြန်သိမ်းလိုက်သည်။

သူက နဝမငရဲအေးမီးတောက်ကို

နှစ်ကြိမ်ဆက်တိုက်အသုံးပြုပြီးနောက်တွင်

ဆန်းကြယ်ချီစွမ်းအင်များ တစ်စပင်မကျန်တော့ဘဲ

လုံးဝကုန်ဆုံးသွားခဲ့သည်။

ဤအချိန်တွင် သူ၏ရုပ်ခန္ဓာခွန်အား နှင့်

အကာအကွယ်ခံစစ်သာ ကျန်ရှိသည်။

အန်နန်ကျင်းက ယန်ယွဲ့၏ လက်ရှိအခြေအနေကို

သတိပြုမိပုံရပြီး "နင် ငါ့ကို

ဒဏ်ရာရအောင်လုပ်နိုင်ပေမဲ့ နင့်မှာ

တိုက်ပွဲကိုဆက်ဖို့ ခွန်အားမရှိတော့ဘူးလေ။

ဒီလိုဆို ငါတို့ကြားက တိုက်ပွဲကို အခု

ဘယ်လိုရပ်ရမလဲ? သေချာတာကတော့ အနာဂတ်မှာ

နင်က ငါ့ကို အံ့ဩတုန်လှုပ်စရာကောင်းတဲ့

အံ့အားသင့်စရာတွေ ဆက်ပေးနိုင်မယ်လို့

ငါမျှော်လင့်နေတုန်းပဲ။”

"ဒါဆိုရင် မင်းငါ့ကို ပထမနေရာကို

ဘယ်လိုပေးမလဲ?" ယန်ယွဲ့က ပြုံးကာ

ပြောလိုင်သည်။

အကယ်၍ အန်နန်ကျင်းသာ သူ့ကို

ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်၏

နံပါတ် (၁) နေရာကို ပေးလိုက်ပါက

လက်ရှိတိုက်ပွဲကို အဆုံးသတ်ခြင်းမှာ အကောင်းဆုံးဖြစ်သည်။

နောက်ဆုံးတွင်၊ သူ၏ အဓိကရည်ရွယ်ချက်မှာ ရှောင်ယုရှီကို ကယ်တင်ပြီး အန်ကလန်ကို အကြွေးပြန်ဆပ်ရန် ကံကြမ္မာစွမ်းအားကိုရယူရမည်ဖြစ်သည်။

အန်နန်ကျင်း က ခေါင်းခါပြီး "ဒီလို အဆင့်မျိုးကို ငါ နှိမ့်ချပေမယ့် ငါ့ကလန်က လိုအပ်တယ်။ ဒီတော့ ငါ နင့်ကို ဒီအတိုင်း မပေးလိုက်နိုင်ဘူး။ တကယ်လိုချင်ရင် ကိုယ့်အစွမ်းအစကို အသုံးချပြီး

တိုက်ပွဲဝင်ပါ။ ဒါပေမယ့် နင့်မှာ အရည်အချင်းမရှိတော့ဘူးထင်တယ်"

ထိုအချိန်တွင် ယန်ယွဲ့က ရုတ်တရက် ပြောလိုက်၏။ "ဒီလိုဆိုတော့ ငါတို့ လောင်းကြေးထပ်ရအောင်! ဘယ်လိုလဲ?"

"ဘာလောင်းကြေးထပ်မှာလဲ?" အန်နန်ကျင်းက အနည်းငယ် အံ့အားသင့်သွားသည်။

အကယ်၍ အခြားသူသာ ဖြစ်ခဲ့လျှင် သူမ၏ လက်သီးဖြင့် ထိုလူကို နှုတ်ဆက်လိုက်ပေလိမ့်မည်။

သို့သော်လည်း ယန်ယဲ့၏ အစစ်အမှန်စွမ်းအားကို သူမမမြင်နိုင်သလို ခံစားခဲ့ရသည်။

ထို့အပြင် ယန်ယဲ့ တစ်ယောက်တည်းကသာ သူမကို ကောင်းစွာယှဉ်ပြိုင်နိုင်သောကြောင့်ဤအခြေအနေတွင် သူမ၏အချိန်ကိုအနည်းငယ်ဖြုန်းတီးလိုသည်။

“ငါအနိုင်ရရင် မင်းငါ့အတွက် အချက် (၃) ချက်လုပ်ပေးဖို့ သဘောတူရမယ်၊ မင်းအနိုင်ရရင် ငါလည်း ဒီလိုလုပ်မယ်။ မင်း ဒါကို ဘယ်လိုထင်လဲ?" ယန်ယဲ့က အပြုံးဖြင့်မေးသည်။

"နင့်ရဲ့ခွန်အားကို ဒီလောက်ယုံကြည်သလား?" အန်နန်ကျင်းက မျက်ခုံးများကို ပင့်တင်ကာ ဘာမှပြန်မပြောသေးဘဲ ညာလက်ကို နောက်သို့ ပစ်ထားလိုက်သည်။

"ငါစမ်းကြည့်ချင်တယ်!" ယန်ယဲ့က ပြောလိုက်သည်။

ဤအချိန်တွင် လောင်းကြေးထပ်ခြင်းက သာမာန်အရာတစ်ခုမဟုတ်ပေ။

အကယ်၍ သူသာ အနိုင်ရခဲ့ပါက ထူးခြားသော ကျွမ်းကျင်သူတစ်ယောက်၏ အကူအညီကို ရယူလိုက်သည်နှင့်အတူတူပင်။

မမျှော်လင့်ပဲ

သူရှုံးနိမ့်သွားလျှင်ပင်ကောင်းနေသေး၏။

အန်နန်ကျင်း ၏ မာနကြောင့် သူမက သူ့အတွက်

ခက်ခဲလွန်းသော မည်သည့်အရာကိုမှ

လုပ်ဆောင်မည်မဟုတ်ပေ။

အန်နန်ကျင်း က ရုတ်တရက် အနည်းငယ်

ခေါင်းညိတ်ပြလိုက်၏။ "နင့်ကိုကြည့်ရတာ

ဝှက်ဖဲတစ်မျိုးရှိတုန်းပဲ။ ကောင်းပြီ၊

ဒီလိုလုပ်ရအောင်။ တကယ်လို့ နင်သာ ငါ့ကို ထပ်ပြီး

ဒဏ်ရာရအောင်လုပ်နိုင်ရင်

ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်မှာ

နံပါတ်(၁)နေရာကို ရယူနိုင်တယ်။ ဒါ့ပြင် ငါအန်နန်ကျင်းက နင့်အတွက် အချက် (၃) ချက်ကို လုပ်ဆောင်ပေးဖို့ သဘောတူမယ်။ ဒါပေမယ့် နင်ငါ့ကို ဒဏ်ရာရအောင် မလုပ်နိုင်ရင် နင့်ကို ငါသတ်မယ်။ နင်ပဲဖြစ်ဖြစ် သူများတွေအချိန်ဖြုန်းတာကို ငါမုန်းတယ်။ နားလည်ရဲ့လား?"

ယန်ယဲ့က ပြုံးကာ ခေါင်းညိတ်လိုက်ပြီး အန်နန်ကျင်းဆီသို့ ဖြည်းညှင်းစွာ လျှောက်သွား၏။

သို့သော် အန်နန်ကျင်းက မလှုပ်မယှက်ဘဲ

သူမရှေ့သို့

လျှောက်လာနေသောလူငယ်ကိုကြည့်ရင်း သူမ၏

မျက်လုံးများတွင် စူးစမ်းချင်စိတ်
အရိပ်အယောင်များ ရှိနေသည်။

ဆန်းကြယ်ချီစွမ်းအင်မရှိတော့သော ဤလူငယ်က
သူမကို မည်ကဲ့သို့ ဒဏ်ရာရစေမည်ကို
အတိအကျသိချင်နေမိ၏။

ခဏအကြာတွင် ယန်ယွဲ့က အန်နန်ကျင်း ၏ ရှေ့ကို
ရောက်ရှိလာပါသည်။

သူက အန်နန်ကျင်းကို
ပထမဆုံးအကြိမ်အနီးကပ်ကြည့်လိုက်ရသည့်အခါ

တွင် သူမကအလွန်ချစ်စရာကောင်းကြောင်း

ဝန်ခံရုံကလွဲ၍ ကျန်ရွေးချယ်စရာမရှိပေ။

သူမက ဘဲဥပုံသဏ္ဍာန်မျက်လုံး၊ စူးရှသော

မျက်ခုံးစောင်းနှင့်

တည်ကြည်သောအမူအရာများရှိသည်။

ထို့အပြင် သူမ၏ မျက်လုံးများက ရေကဲ့သို့

အမြဲတမ်း ငြိမ်သက်နေပြီး မည်သည့်အရာကမှ

မလှုပ်ရှားနိုင်ပုံပေါ်သည်။

သူမက

ပျော့ညံ့သောမိန်းမပျိုတစ်ယောက်လိုထင်ရသော်လ

ည်း၊ ၎င်းနောက်ကွယ်တွင် သူမ၏ အသွင်အပြင်က

ကြောက်မက်ဖွယ်ကောင်းသော ခွန်အားကို ဖုံးကွယ်ထားလိမ့်မည်ဟု မည်သူက စိတ်ကူးယဉ်မည်နည်း။

ယန်ယွဲ့က ခေါင်းယမ်းလိုက်မိသည်။ "မင်းရဲ့လက်ကို ဆန့်လိုက်ပါ!"

အန်နန်ကျင်း ၏ လှပသော မျက်ခုံးများကအနည်းငယ် တွဲချည်ထားသော်လည်း ဘာမှပြန်မပြောပေ။ သူမ၏ ညာလက်ကိုသာ ဆန့်ထုတ်ပေးလိုက်ပါသည်။

သို့သော်လည်း သူမက ယန်ယဲ့ကို ထိုကဲ့သို့ ထိကိုင်ခွင့်မပြုပေ။

တစ်ချိန်တည်းတွင် သူမ၏ လက်ဝါးပေါ်၌ မမြင်နိုင်သော စွမ်းအင်ကြိုးမျှင်တစ်ချောင်းပေါ်လာခဲ့သည်။

၎င်းက သူမ၏ "ဝိညာဉ်မန္တာန်နည်းစနစ်"မှ ထုတ်လွှတ်သော စွမ်းအားဖြစ်သည်။

ထို့ကြောင့်၊ ယန်ယဲ့သာ အစောပိုင်းကလို ခွန်အားကို အပြည့်အဝထုတ်ဖော်နိုင်ခြင်းမဟုတ်ပါက ရုပ်ခန္ဓာခွန်အားတစ်ခုတည်းဖြင့်"ဝိညာဉ်မန္တာန်နည်းစ

နစ်"၏ အကာအကွယ်အလွှာကို ချိုးဖျက်ရန် လုံးဝ မဖြစ်နိုင်ပေ။

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး မဆိုင်းမတွ ရပ်တန့်လိုက်သည်။

သူ့လက်ထဲမှ နဂါးအရိုးဓားကို အန်နန်ကျင်း ၏ လက်ဝါးပေါ်တွင် တင်လိုက်သည်။

နောက်အခိုက်အတန့်တွင်၊ သူတို့နှစ်ဦး၏ ပတ်ပတ်လည် ၁ မီတာခွဲရှိ ပတ်ဝန်းကျင်၌ မမြင်နိုင်သော စွမ်းအင်လိုင်းတစ်ခု ပေါ်လာသည်။

ဤစွမ်းအင်လှိုင်းများပေါ်လာသောအခါတွင် အန်နန်ကျင်း ၏မျက်လုံးများက ချက်ချင်းပွင့်လာပြီး ပထမဆုံးအကြိမ်အဖြစ် ထိတ်လန့်တုန်လှုပ်သွားသည် ။

ဤမြင်ကွင်းကိုကြည့်၍ စင်မြင့်အောက်မှ လူအုပ်ကြီးလည်း ပဟေဠိဆန်သောအမူအရာများဖြင့်ငေးကြောင်သွားကြသည်။

"သူတို့နှစ်ဦးကြားမှာ ဘာဖြစ်သွားတာလဲ? အတိအကျဖော်ပြလို့မရဘူးလား?

တိုက်ပွဲတစ်လျှောက်လုံးကနေ

အခုအချိန်ထိအမြဲတည်ငြိမ်နေတဲ့

သိုင်းနတ်ဘုရားက မျက်နှာပေါ်မှာ

အကြီးအကျယ်ထိတ်လန့်နေတဲ့အမူအရာ

ဘာကြောင့်ပေါ်လာရတာလဲ? ဒီယန်ယဲ့က သူမကို

ထိတ်လန့်သွားအောင် ဘယ်လိုနည်းလမ်းကို

အသုံးပြုခဲ့တာလဲ?"

လူတိုင်း, အားလုံး တအံ့တသြနှင့်

အံ့သြတုန်လှုပ်သွားကြပါသည်။

စင်မြင့်ထက်တွင်မူ နဂါးအရိုးဓားက
ဓားကိုယ်ထည်ကနေ
တစ်စုံတစ်ခုကိုထုတ်လွှတ်လိုက်သည့်အလား
ပြင်းထန်စွာ တုန်ခါသွားတော့သည်။

ယန်ယွဲ့က နဂါးအရိုးဓားကို တင်းကျပ်စွာ
ဆုပ်ကိုင်လိုက်ပြီး အန်နန်ကျင်း ၏
လက်ဝါးကိုအသာလှီးဖြတ်လိုက်လေသည်။

တစ်ချိန်တည်းတွင် အန်နန်ကျင်း ၏ လက်ဝါးပေါ်ရှိ
မမြင်နိုင်သော စွမ်းအင်အလွှာက ချက်ချင်း
ပျောက်ကွယ်သွားပြီးနောက် သူမ၏

လက်ဝါးပေါ်တွင် ချည်မျှင်ကဲ့သို့ ပါးလွှာသော သွေးစီးကြောင်းဒဏ်ရာတစ်ခုပေါ်လာခဲ့လေသည်။

ယန်ယဲ့က သူ၏ နဂါးအရိုးဓားကို ဖယ်လိုက်ကာ သူမကိုစိုက်ကြည့်ရင်း "အန်နန်ကျင်း၊ မင်း ရှုံးသွားပြီ!

ဤအသံထွက်ပေါ်လာပြီးနောက် စင်မြင့်အောက်တွင် ပြင်းထန်သောရုတ်ရုတ်သဲသဲ အခြေအနေများ ဖြစ်ပေါ်လာတော့သည်။

ဆက်ရန်

တိုက်ပွဲပြီးပါပြီ။